www.burmeseclassic.com



# ခင်မျိုးချစ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

# ခင်မျိုးချစ်
## (၁၉၁၅-၁၉၉၉)

စစ်ကိုင်းမြို့တွင် ၁၂၇၇ခုနှစ်၊ ကဆုန်လဆုတ် ၄ ရက်၊ စနေနေ့ (၁၉၁၅ ခု၊ မေလ ၁ ရက်)၌ အဖ ရာဇဝတ်ဝန်ထောက်ဦးတော်၊ အမိ ဒေါ်သန်းတင်တို့မှ ဖွားမြင်သည်။ မွေးချင်းငါးယောက်တွင် အကြီးဆုံး ဖြစ်သည်။ အမည်ရင်းမှာ မခင်မြ ဖြစ်သည်။ အဘိုးမှာ မြန်မာပညာရှိစတုရင်္ဂဝလဘွဲ့ရ ဦးဖေ ဖြစ်သည်။

၁၉၂၀ ပြည့်နှစ်တွင် ပြည်မြို့ အစိုးရကျောင်းမှ မူလတန်းအောင်မြင်ပြီး ၁၉၂၉ ခုနှစ်တွင် သရက်မြို့ အစိုးရအထက်တန်းကျောင်းမှ သတ္တမတန်းအောင်မြင်ခဲ့သည်။ မိတ္ထီလာ အမျိုးသားကျောင်းမှ ၁၉၃၂ခုနှစ်တွင် ဆယ်တန်းအောင်မြင်၍ တက္ကသိုလ်တွင် ပညာဆက်လက် သင်ကြားခဲ့သည်။

၁၉၃၂-၃၃ ခုနှစ်တွင် တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်း ဝသန္တစာစောင်သို့ ဆာဝါလတာစကော့၏ ကဗျာတစ်ပုဒ်ကို မှီငြမ်းပြုထားသော မျိုးချစ်စိတ်ဓာတ်အကြောင်း တေးထပ်နှစ်ပုဒ်ကို ပို့လိုက်ရာ "ခင်မျိုးချစ်" ဟူ၍ ကလောင်အမည်တပ်၍ ဖော်ပြခြင်း ခံရသည်။ ၁၉၃၃-၃၄ ခုနှစ်တွင် ဒဂုန်မဂ္ဂဇင်း၌ စာစတင်ရေးသားခဲ့သည်။

၁၉၃၆ ခုနှစ်တွင် သူရိယသတင်းစာ၌ ကောလိပ်ကျောင်းသူ အခန်းဆက်ဝတ္ထုရှည်ကို ရေးခဲ့၏။ ၁၉၃၇ ခုနှစ်တွင် တိုးတက်ရေးနှင့် ဘားမားဂျာနယ်တို့တွင် အယ်ဒီတာအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ပင်တိုင်ဆောင်းပါးရှင်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

၁၉၃၈ ခုနှစ်တွင် တက္ကသိုလ်ကျောင်းသားများ တတိယသပိတ်တွင် ပြင်ပမှ တက်ကြွစွာ ပါဝင်သည်။ ၁၉၃၉ ခုနှစ်တွင် ဦးခင်မောင်လတ် (အင်္ဂလိပ်လုပ်သား သတင်းစာ အယ်ဒီတာချုပ်) (ငြိမ်း)၊ နိုင်ငံ့ဂုဏ်ရည် (ဒုတိယဆင့်)နှင့် အိမ်ထောင်ပြုခဲ့သည်။

၁၉၄၀တွင် သားတစ်ယောက် ဖွားမြင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



နဂါးနီစာအုပ်တိုက်အတွက် **စစ်နှောင်ကြိုး၊ စစ်သူလျှိုများ၊ လှမုန်တိုင်း၊** ဘုန်းမယ်သခင် စာအုပ်များကို ၁၉၄၀ တွင် ဘာသာပြန်ဆိုပေးခဲ့၏။ ၁၉၄၁ မှ ၁၉၄၅ ခုနှစ်အထိ ဘီဒီအေစစ်ရုံး၌ အမှုထမ်းခဲ့၏။ အမှုထမ်းနေစဉ် **သုံးနှစ်တာ ဂျပန် လက်အောက်ခံဘဝ (Three Years Under the Jap's)** အမည်ရှိ စာအုပ်ငယ်ကို အင်္ဂလိပ်ဘာသာဖြင့် ရေးခဲ့သည်။

၁၉၄၇ ခုနှစ်တွင် အိုးဝေသတင်းစာ၌ အယ်ဒီတာအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့၏။ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပသော အာရှတိုက်ဆိုင်ရာ ယဉ်ကျေးမှု ညီလာခံသို့ ဦးကျော်မြင့်ခေါင်းဆောင်၍ ဒေါက်တာသာလှ၊ ဦးသိန်းဟန်(ဇော်ဂျီ)တို့နှင့်အတူ အဖွဲ့ဝင်အဖြစ် တက်ရောက်ခဲ့သည်။

၁၉၄၈ ခုနှစ်တွင် တိုင်းရင်းသူဂျာနယ်၌ အယ်ဒီတာအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၉ မှ ၁၉၅၂ ခုနှစ်အတွင်း စာပေဗိမာန်တွင် စာပြုအဖြစ် အမှုထမ်းခဲ့သည်။ **ဟိုအရေးဒီအရေး** (၁၉၄၆)၊ **မောင်တို့ယောကျာ်း** (၁၉၄၈)၊ **သတင်းစာလောက** (၁၉၅၂) စသည့် စာအုပ်များ ပြုစုခဲ့သည်။ ၁၉၅၂ တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ အဓိက)ရသည်။

၁၉၅၂ မှ ၁၉၅၃ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ်၊ အင်္ဂလိပ်စာဌာန၌ နည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၅၃ မှ ၁၉၅၄ ခုနှစ်အတွင်း **အပျင်းဖြေနည်း၊ ကမ္ဘာကျော်ကြား စာနှင့်စတား၊ ရှိတ်စပီးယား** ပုံပြင်များ(ပတွဲ+ဒုတွဲ)ကို စာပေဗိမာန်စာစဉ်များအဖြစ် ရေးသားပြုစုခဲ့သည်။

၁၉၅၅ ခုနှစ်တွင် ဂါးဒီးယန်းမဂ္ဂဇင်း၌ အယ်ဒီတာအဖြစ် အမှုထမ်းသည်။ ၁၉၅၆ ခုနှစ်၊ မေလထုတ် ဂါးဒီးယန်းမဂ္ဂဇင်းတွင် **၁၃ ရတီစိန်ကြီး (13 Carat Diamond)** ဝတ္ထုကို စတင်ဖော်ပြခြင်း ခံရသည်။ ၎င်းဝတ္ထုကို ဂျာမန်၊ အူရဒူ၊ ယူဂိုစလပ်၊ အီတလီဘာသာများသို့ ပြန်ဆိုခြင်း ခံရသည်။



၁၉၅၈ မှ ၁၉၆၂ ခုနှစ်အထိ ဂါးဒီးယန်းသတင်းစာတိုက်၌ အယ်ဒီတာအဖွဲ့ဝင်အဖြစ် အမှုထမ်းစဉ် အင်္ဂလိပ်ဘာသာဖြင့် ဆောင်းပါးများ ရေးသားခဲ့သည်။

၁၉၆၃ မှ ၁၉၆၈ ခုနှစ်အထိ အင်္ဂလိပ် လုပ်သားပြည်သူ့နေ့စဉ် သတင်းစာ The Working People's Daily တွင် အယ်ဒီတာအဖြစ် အမှုထမ်းပြီး **Heroes of Old Burma** ဝတ္ထုရှည်၊ **The Quest for Peace** ကိုယ်ရေးအတ္ထုပ္ပတ္တိနှင့် ဆောင်းပါးများ အမြောက်အမြား ရေးသားခဲ့သည်။

၁၉၆၉ ခုနှစ်တွင် **The 13-Carat Diamond & Other Stories** စာအုပ်ကို ထုတ်ဝေခဲ့သည်။ **နှစ်လောကတိုက်ပွဲ** အမည်ဖြင့် ဒင်းနစ်ဝှစ်လီ၏ စာအုပ်ကို ဘာသာပြန် ထုတ်ဝေခဲ့သည်။ ၁၉၇၀ ခုနှစ်တွင် အရှေ့တောင်အာရှနိုင်ငံများမှ စာရေးဆရာများ ပါဝင်ယှဉ်ပြိုင်ကြသော အင်္ဂလိပ်ဘာသာ ဝတ္ထုတိုပြိုင်ပွဲတွင် **Her Infinite Variety** ဝတ္ထုတိုသည် ပထမဆုကို ဆွတ်ခူးနိုင်ခဲ့သည်။ **တို့လူလေးများ** ဆိုသလေးနှင့် **ဥရောပစာပေ၊ ရှေးခေတ်အလယ်ခေတ် (ဘီစီ ၅၀၀မှ အေဒီ ၁၅၀၀)** စာအုပ်များကို ပြုစုထုတ်ဝေခဲ့သည်။ အင်္ဂလိပ် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင် အခန်းဆက်ရေးသားသော **Heroes of Old Burma** ဝတ္ထုရှည်ကို စာပေဗိမာန်မှ **Anawrahta of Burma** အမည်ဖြင့် ထုတ်ဝေရာ နိုင်ငံခြားသားများ ကြိုက်နှစ်သက်စွာ ဖတ်ရှုခြင်း ခံရသည်။

၁၉၇၁ ခုနှစ်တွင် ခင်ပွန်းဖြစ်သူနှင့်တွဲဖက်၍ 'မိသားစုအတွက် ပျော်တော်ဆက် ဟာသစာစောင်'ကို ထုတ်ဝေခဲ့၏။ ထိုစာစောင်တွင် တာဝန်ခံအယ်ဒီတာအဖြစ်လည်းကောင်း၊ ပင်တိုင်ဆောင်းပါးရှင်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ မိုက်ကယ် **အိန်ဂျယ်လို** စာအုပ်ကို ၁၉၇၄ ခုနှစ်တွင် ဘာသာပြန်ထုတ်ဝေခဲ့သည်။

၁၉၇၆ ခုနှစ်တွင် **စွန့်ခဲ့ရ ကျွန်မဘဝပါရှင်** အမည်ဖြင့် အာ၊ဂျေ မင်းနီး ရေးသောစာအုပ်ကို ဘာသာပြန်ထုတ်ဝေခဲ့သည့်အပြင် **ဥရောပယဉ်ကျေးမှု အနုပညာ မိတ်ဆက်** စာအုပ်နှင့် မြန်မာယဉ်ကျေးမှု အနုပညာ၊ ဘာသာရေး ဓလေ့ထုံးစံနှင့်ပတ်သက်၍ အင်္ဂလိပ်လို ရေးသား

www.burmeseclassic.com

www.burmeseclassic.com



ချက်များကို စုပေါင်းကာ **Colourful Burma** အမည်ရှိ စာအုပ်ကို ထုတ်ဝေခဲ့သည်။

၁၉၇၇ ခုနှစ်တွင် **Burmese Scenes & Sketches** စာအုပ်ကို ထုတ်ဝေခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် **Colourful Burma** နှင့် **Burmese Scenes & Sketches** စာအုပ်နှစ်အုပ်ကို ပူးပေါင်း၍ **Colourful Burma-enlarged edition** ကို ထုတ်ဝေခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် ခင်ပွန်းဖြစ်သူနှင့် တွဲဖက်၍ **အင်္ဂလိပ်စာ တတ်လိုသော်နှင့် စာအုပ်စင်ကျေးဌား** စာအုပ်ကို ထုတ်ဝေခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် **Flowers and Festivals Round The Burmese Year** အမည်ရှိ စာအုပ်ကို ပြုစုထုတ်ဝေခဲ့ သည်။ ထို့အပြင် **Asia Magazine**၌ **Kyaikhtiyo** အမည်ဖြင့် ကျိုက်ထီးရိုးဘုရားအကြောင်း ဆောင်းပါးဖော်ပြခြင်းခံရသည်။ ၁၉၈၁ ခုနှစ်တွင် **A Pagoda where Fairytale Characters Come to Life** အမည်ရှိ အင်္ဂလိပ်ဘာသာဖြင့် မယ်လမုဘုရားအကြောင်း ရေးသားသည့် ဆောင်းပါးကို **Asia Magazine** ၌ ဖော်ပြခြင်းခံရသည်။

၁၉၈၃ခုနှစ်၊ မတ်လတွင် မော်ကွန်းဝင်တတိယအဆင့်အဖြစ် အသိအမှတ်ပြု မှတ်တမ်းတင်ခြင်း ခံခဲ့ရသည်။ သောင်းပြောင်းထွေလာ ရယ်စရာ စာစောင်တွင် ပင်တိုင်ဆောင်းပါးရှင်အဖြစ် ၁၉၈၀ မှ ၁၉၈၅ခုနှစ် အထိ ရေးသားခဲ့သည်။

၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလ၊ ၂ ရက်၊ စနေနေ့တွင် ကွယ်လွန် သည်။

# မ

## ခင်မျိုးချစ်

အမှတ် (77/D)၊ ဓမ္မပါလလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၅၄၃၈၃၆

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

**စာမူခွင့်ပြုချက်အမှတ်**
၄၀၀၃၅၆၀၆၀၃

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၄၀၀၉၁၈၀၆၀၉

**မျက်နှာဖုံးဒီဇိုင်း**
နိုင်သစ်နီ

**ကွန်ပျူတာစာစီ**
ငှန်းပွင့် ကွန်ပျူတာ

**ထုတ်ဝေသည့်အကြိမ်**
ပထမအကြိမ်

**ထုတ်ဝေသည့်ကာလ**
အောက်တိုဘာလ၊ ၂၀၀၆

**အုပ်ရေ**
၅၀၀

**ထုတ်ဝေသူ**
ဒေါ်ဝင်းမာတင် (မြဲ-၀၃၇၃၇)၊ ငှန်းပွင့်စာပေ
အမှတ်(77/D)၊ ဓမ္မပါလလမ်း၊ ဝဟန်းမြို့နယ်၊ ရန်ကုန်။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**
ဦးဝင်းလွင်(ရွှေဟသ်ာအော့ဖ်စက်)
အမှတ်(၃၁)၊ ဦးရွှေဒွန်းလမ်းတို၊ ပုဇွန်တောင်။

**တန်ဖိုး**
1000

## မာတိကာ

- နိဒါန်း ၁၁

**အပိုင်း(၁)**

၁။ အမျိုးသမီး လွတ်လပ်ရေးလှုပ်ရှားမှုများ ၁၅
(က) အနောက်သို့ မျှော်လိုက်လျှင်
(ခ) အထင်အမြင်နှင့် စဉ်းစားဖွယ်
(ဂ) 'မ'ဝါဒ ဟူသည် အဘယ်နည်း
၂။ 'မ'ဝါဒ ကြေညာစာတမ်း ၂၄
(က) ရှုဆိုးနှင့် ဟစ်တလာ
(ခ) လိင်ဝါဒ Sexism ဆိုသည်မှာ
(ဂ) မိန်းမပီသသည် ဆိုသည်ကား
(ဃ) ကျားတို့ လွှမ်းမိုးသောစနစ်
(င) အမေရိကန်ပြည် 'မ'တို့ လွတ်လပ်ရေး

**အပိုင်း(၂)**

၁။ အမျိုးသမီးလွတ်လပ်ရေး လှုပ်ရှားမှုသမိုင်းအကျဉ်းချုပ် ၄၁
၂။ 'လွတ်လပ်ရေး ခုပေး' Liberation Now စာအုပ်မှတင်ပြချက်များ ၄၉
(က) စာအုပ်၌ပါဝင်သော အခန်းများနှင့် စာအုပ်၏ ကျောဖက်က စာတမ်းများ
(ခ) 'မ'တို့ လှုပ်ရှားမှု အစပြုပုံ နိဒါန်း
၃။ အမျိုးသမီးလွတ်လပ်ရေး လှုပ်ရှားမှု ဘာ့ကြောင့် ၆၁
(က) လွတ်လပ်ရေး လှုပ်ရှားမှုကာလ
(ခ) ဦးတည်ချက်ပြောင်းပြီး အရင်းအမြစ်ကို ရှာခြင်း
(ဂ) အမျိုးသမီး လှုပ်ရှားမှုများ မီးစာကုန်ဆီခန်း
(ဃ) 'မ'ဆိုသည်မှာ ဈေးပေါပေါရသည့် လုပ်အားတပ်ဖြစ်သည်
(င) စိတ်ဓာတ်စစ်ဆင်ရေးဖြင့် ဖိနှိပ်မှု
(စ) ထိုဆောင်းပါးကို လေ့လာချက်
၄။ 'မ'တို့ အရေးအောင်ခဲ့လျှင် ဘယ်လိုနေမလဲ ၇၅
(က) အပြောင်းအလဲဟူသည်
(ခ) 'မ' နှင့် 'ကျား' နေရာချင်းလဲဖို့မဟုတ်
(ဂ) ဖားတု ခရုပွက်တာလား

www.burmeseclassic.com

www.burmeseclassic.com


(ယ) ကျားတို့သည် ဝင့်လည်မှာ ကြောက်ကြသည်
(င) တာဝန်ခွဲဝေယူကြဖို့
(စ) ဟန်ဆောင်မှုတွေ ကင်းကွာမည်
(ဆ) ထိုဆောင်းပါးကို လေ့လာချက်
၅။ အလုပ်ခွင်တွင် 'ကျား' 'မ' ခွဲခြားမျက်နှာလိုက်မှု ၈၅
၆။ အခြား ဆောင်းပါးစာတမ်းများ ၉၃
၇။ မိသားစုရေး၊ အိမ်ထောင်ရေးနှင့် အလုပ်ခွင်အရေး ၉၈
၈။ လူမျိုးအရောင်အသွေး ခွဲခြားမှု ၁၀၅
၉။ နောက်ပိုင်းအခန်းများ ၁၀၇


## အပိုင်း (၃)


မြန်မာအမျိုးသမီးများ၏လက်ရှိအခြေအနေလေ့လာချက်
၁။ လွန်ခဲ့သော နှစ်ပေါင်းငါးဆယ်အတွင်းက ဖြစ်ပျက်ခဲ့သမျှ ၁၁၃
၂။ 'မ'တို့ ပညာသင်ကြားရေး၊ ငွေကုန်လူပန်း အကျိုးမရှိလေသလော ၁၂၇
၃။ မြန်မာအမျိုးသမီးများနှင့် အလုပ်အကိုင် အခွင့်လမ်းများ ၁၃၂
၄။ မြန်မာအမျိုးသမီးများအဖို့ အခွင့်လမ်းများ ပွင့်လာခြင်း ၁၃၈
၅။ စစ်အတွင်း မြန်မာအမျိုးသမီးများ ၁၄၃
၆။ စစ်ပြီးခေတ် မြန်မာအမျိုးသမီးများ ၁၄၇
၇။ ယနေ့ မြန်မာအမျိုးသမီးများ ဘယ်ဆီသို့နည်း ၁၅၃
၈။ နိဂုံးစကား ၁၅၈


## နောက်ဆက်တွဲ


၁။ အမျိုးသမီး သတင်းဆရာမ၊ စာရေးဆရာမ ကလျော်ဒီယာဝရေဖနှင့် တရုတ်အမျိုးသမီးစာရေးဆရာမ ဟန်ဆူယင်တို့ တွေ့ဆုံဆွေးနွေးကြပုံ ၁၆၇
၂။ လူမျိုးစုံကမ္ဘာ့မိခင်များအဖွဲ့ကြီး ၁၇၇
၃။ သင့်မိခင်ထံ လက်နက်မပါဘဲဝင်ခဲ့ပါ ၁၈၀
၄။ မှတ်စုမှတ်ရာအတိုအထွာများ ၁၈၅


နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# နိဒါန်း

## စာရေးသူ၏ သစ္စာမှုချက်

စာတစ်အုပ်ရေးမည်ဆိုလျှင် ရှေးမြန်မာ စာရေးဆရာကြီးများ၏ ထုံးတမ်းအစဉ်အလာအရ ရတနာသုံးပါး၊ မိဘဆရာ၊ အနန္တငါးပါးကို ဦးထိပ် ထားရသည်။ ထိုအစဉ်အလာကို မမေ့သင့်ကြောင်းကို ယခု တစ်ကြိမ်မှု ဆထက်တိုး၍ ဂရုစိုက်မိသည်။

အကြောင်းရှိသည်။ သည်တစ်ခါ ဤစာပြုရာတွင် မိမိ၏ ထင်မြင်ချက်ကိုလည်းကောင်း၊ ယုံကြည်မှုကိုလည်းကောင်း၊ ရှေးက ထက်ပင် ပို၍ထင်ရှား ပြတ်ပြတ်သားသား ရေးရတော့မည်။

ဤစာတမ်းရေးရာတွင် အောက်ပါအချက်များသည် အမှန် ဖြစ်ကြောင်း သစ္စာစကားဆိုလိုပေသည်။

ဤစာတမ်းကို ရေးချင်သည်မဟုတ်ချေ။ ရေးရန် တာဝန် ရှိသည်ဟု ယူဆ၍ ရေးခြင်းဖြစ်သည်။

စာရေးသူသည် မိန်းမဖြစ်သည့်အတွက် မိန်းမများဘက်မှ တစ်ဖက်သတ် ရှေ့နေလိုက်ရေးမည် မဟုတ်ချေ။ စာရေးဆရာ ဟူသည် ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ ဟူ၍မရှိ။ မိမိ မှန်သည် ထင်သည်ကို ဘယ်သူ့ဘက်မှ မလိုက်ဘဲ ရေးရမည်ဟု ယုံကြည်သည်။

မိန်းမများအား အခွင့်အရေးပေးရမည်ဟု ဆိုရာဝယ် အခွင့် အရေးဟူသည် ဘယ်သူကပင် အမိန့်တော်စာချွန်နှင့်ရေး၍ အပ်နှင်း ထားသော်လည်း ကိုယ်နှင့်တန်မှရမည်ဟု ယုံကြည်သည်။

ငွန်ပွင့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



အခွင့်အရေးဆိုသည်မှာ အသနားခံ၍ တောင်းသော်လည်း ရချင်မှရမည်။ မရဖို့ကသာ များသည်။ ကိုလိုနီနိုင်ငံများက နယ်ချဲ့နိုင်ငံများထံမှ လွတ်လပ်ရေးတောင်းရသည့် အခြေအနေမျိုး ဖြစ်သည်။ ကိုယ်တိုင်ကြိုးပမ်း၍ ကိုယ်နှင့်တန်မှသာ ရနိုင်မည်။ ကိုယ်နှင့်ထိုက်တန်လျှင် မရဘဲ မနေဟု ယုံကြည်သည်။

ပညာအရည်အချင်းနှင့် ကြိုးစားမှုကသာလျှင် စကားပြောသည်။ ဘယ်နေရာ ဘယ်အခွင့်အရေးနှင့် တန်သည်ကို ပညာအရည်အချင်းနှင့် ကြိုးစားမှုကသာ ဆုံးဖြတ်သည်ဟု ယုံကြည်သည်။

ပညာအရည်အချင်းနှင့် ကြိုးစားမှုကသာလျှင် ထိုက်တန်မှုကို ဆုံးဖြတ်သည်ဟု ဆိုရာဝယ် ပညာအရည်အချင်းကို အညွန့်တုံးအောင်သော်လည်းကောင်း၊ ကြိုးစားမှုလမ်းကြောင်းများကို တားဆီးပိတ်ပင်၍ ကြိုးစား၍ပင် မဖြစ်နိုင်အောင်သော်လည်းကောင်း၊ သိမ်ဖျင်းနုံနဲ့သော စိတ်ထားများဖြင့် တစ်ဦးတစ်ယောက် သို့မဟုတ် လူအစုအဝေး တစ်ခုခုက ဖိနှိပ်ချုပ်ချယ်မှုများရှိခဲ့လျှင် ထိုကိစ္စများကို အပ်ချမတ်ချ တင်ပြဖို့ တာဝန်ရှိသည်ဟု ယုံကြည်သည်။

လူ့လောက လူလူချင်းအပေါ်တွင် သိစေချင်၊ နားလည်စေချင်၊ ကိုယ်သိသမျှကို ဝေငှပေးချင်သော စေတနာမေတ္တာဖြင့် ဤစာတမ်းကို ရေးခြင်းဖြစ်သည်။

ဤသည်ပင် မှန်သောသစ္စာပေတည်း။

ခင်မျိုးချစ်

၁၃-၄-၁၉၇၅

# အပိုင်း(၁)

www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း(၁)


၁။ အမျိုးသမီးလွတ်လပ်ရေး လှုပ်ရှားမှုများ

(က) အနောက်သို့ မျှော်လိုက်လျှင်

(ခ) အထင်အမြင်နှင့် စဉ်းစားပွယ်

(ဂ) 'မ'ဝါဒ ဟူသည် အဘယ်နည်း

၂။ 'မ'ဝါဒ ကြေညာစာတမ်း

(က) ရှုဆိုးနှင့် ဟစ်တလာ

(ခ) လိင်ဝါဒဆိုသည်မှာ

(ဂ) မိန်းမပီသသည် ဆိုသည်ကား

(ဃ) ကျားတို့ လွှမ်းမိုးသောစနစ်

(င) အမေရိကန်ပြည် 'မ'တို့ လွတ်လပ်ရေး


# အမျိုးသမီးလွတ်လပ်ရေး လှုပ်ရှားမှုများ

## ဥရောပနှင့် အမေရိကန်ပြည်

### အနောက်သို့ မျှော်လိုက်လျှင်

စက်မှု၊ လက်မှု၊ သိပ္ပံပညာများ ထွန်းကားရာဒေသ အနောက်ဥရောပနှင့် အမေရိကန်ပြည်သို့ နေရာတကာမှာပင် မျှော်ကြည့်နေကြသည်မှာ ရင်ဆိုင်ရမည့် ဖြစ်ရပ်တစ်ခုပင် ဖြစ်သည်။

အနောက်တိုင်းကို မော့ကြည့်သည်။အထင်ကြီးသည်။ သူတို့လုပ်ရပ်ကိုင်ရပ်တွေကို နည်းယူအတုခိုးချင်ကြသည်။ အထင်ကြီးစရာတွေလည်း ရှိသည်။ အတုခိုးရမည့်ဟာတွေလည်း ရှိသည်။ သို့ပေမယ့် အထင်မကြီးမီ၊ အတုမခိုးမီ သူတို့၏အဖြစ်နှင့် လုပ်ရပ်ကိုင်ရပ်တွေကို ဇာစ်မြစ်ကျကျ နားလည်ဖို့ လိုသည်။

ဘာမှနားမလည်ဘဲ၊ မသိဘဲနှင့် ရမ်းသမ်းပြီး 'သူတို့ ဟာတွေ အလကားပါ' ဟု ဖယ်ပစ်လို့လည်း မဖြစ်သေး။ သူတို့ဆီကဆိုရင်တော့ ကောင်းရမှာပဲဟူ၍လည်း အထင်ကြီးဖို့လည်း မသင့်လျော်။ ဤကိစ္စတွေမှာ သမာဒိဋ္ဌိအမြင်မှန်ကျဖို့ လိုသည်။

ငွန်ပွင့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



အမြင်မှန်ကျဖို့မှာ အရင်းအမြစ် အခြေခံကျကျကစ၍ နားလည်ဖို့ လိုသည်။ နားစွန်နားဖျား ကြားရုံနှင့် ကိုယ်လိုရာဆွဲပြီး ထင်သလို ပြောနေတတ်ကြသည်။

သာမန်အားဖြင့် အနောက်တိုင်းနှင့် အမေရိကန်ပြည် အမျိုးသမီးများ၏ အခြေအနေ လှုပ်ရှားမှုများနှင့် ပတ်သက်၍ သူပြောလူပြော ကြားသိရသည့် ထင်မြင်ချက်များမှာ ဤသို့ ရှိတတ်ကြသည်။

### အထင်အမြင်နှင့် စဉ်းစားဖွယ်

**မြန်မာအမျိုးသမီးများက ဤသို့ မြင်တတ်ကြသည်**

(အမြင်) သူတို့ (အမေရိကန်နှင့် ဥရောပ) အမျိုးသမီးတွေ သိပ်လွတ်လပ်တာပဲ၊ တစ်ယောက်ထဲ ထင်သလို သွားနိုင်လာနိုင်ကြတယ်။

(စဉ်းစားဖို့) တစ်ယောက်ထဲထင်သလို သွားနိုင်လာနိုင်တဲ့ လွတ်လပ်ရေးလောက်ကိုပဲ လိုချင်သလား၊ ထင်သလို သွားလာနေရတာနဲ့ပဲ လွတ်လပ်ရေးရတယ်ဆိုပြီး ပြီးကြရောလား။

(အမြင်) စီးပွားရေး၊ နိုင်ငံရေး လုပ်ငန်းခွင်တွေမှာ လခကြီး ရာထူးကြီးတွေ သူတို့ရနိုင်ကြတယ်၊ မြန်မာပြည်မှာ ဘယ်မှာလဲ ခုလို ကြီးကြီးနေရာတွေမှာ ဘယ်မှာ အမျိုးသမီးတွေ ရကြလို့လဲ။

(စဉ်းစားဖို့) စီးပွားရေး၊ နိုင်ငံရေးလုပ်ငန်းခွင်များမှာ လခကြီး၊ ရာထူးကြီးတွေ 'သူတို့' ရကြတယ်ဆိုတာ ရာခိုင်နှုန်း ဘယ်နှယောက်ရကြသလဲ။





လုပ်ငန်းခွင်တွေမှာ ရာထူး ပေးတဲ့အခါ 'မိန်းမ'မို့ အထူးအခွင့်အရေးပေးပြီး ခန့်တာမျိုးနှင့် တကယ် အရည်အချင်းရှိလို့ ရတာမျိုး ခွဲခြားနားလည်ဖို့ လိုတယ်။

မိန်းမမို့' ဝန်းပြကောင်းလို့ ခန့်တာမျိုးဆိုရင် ဂုဏ်မရှိဘူး၊ 'ကျား'ရော 'မ'ရော အားလုံးထဲမှာ အရည်အချင်းကိုက သာနေလို့ရတာမျိုးမှ တကယ် ဂုဏ်ရှိတယ်ဆိုတာ သတိပြုဖို့ ကောင်းတယ်။

အရည်အချင်းပြည့်စုံအောင် ကြိုးစားမှုရှိဖို့ အရေးကြီးတယ်၊ အရည်အချင်း တကယ်ရှိလို့ ထိုက်တန်လာရင် ရရမယ်ဆိုတဲ့စိတ်မျိုးထားဖို့ လိုတယ်။

အရည်အချင်းရှိအောင် ကြိုးစားဖို့လမ်းမှာ ပိတ်ပင်ချုပ်ချယ်ရင်တော့ တစ်ခါ တိုက်ပွဲဆင်ရမှာပေါ့။ အရည်အချင်းနဲ့ ပြည့်စုံရမယ်ဆိုတာတော့ မျက်ခြည်မပြတ်စေရပေဘူး။

(အမြင်) သူတို့ဆီမှာ ယောကျ်ားနဲ့ မိန်းမ တန်းတူအခွင့်အရေးရတယ်၊ မြန်မာပြည်မှာတော့ မိန်းမတွေကို နှိမ်ချင်ကြတယ်၊ နေရာမပေးချင်ကြဘူး။

(စဉ်းစားဖို့) တန်းတူအခွင့်အရေးဆိုတာ ဘာလဲ၊ သူတို့ တန်းတူအခွင့်အရေးရတယ်ဆိုတာ ဘာကိုကြည့်ပြောကြတာလဲ။ မြန်မာပြည်မှာ မိန်းမတွေကို နှိမ်တယ်ဆိုတာ ဘယ်လိုအချက်၊ ဘယ်လိုအထောက်အထားနဲ့ ပြောတာလဲ။

အမေရိကန်ပြည်မှာ လုပ်ငန်းခွင်တွေတချို့မှာ မိန်းမတွေ မခန့်ရုံမက လခတန်းတူမပေးလို့ တောင်းဆို



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားကြပုံတွေ၊ နောက်ရေးမည့် အခန်းတွေမှာ တွေ့ပါလိမ့်မယ်။

(အမြင်) 'သူတို့' နိုင်ငံတွေမှာ မိန်းမကို အရေးပေးတယ်၊ မိန်းမတွေကို ညှာတာတယ်၊ ရှေ့ကနေပြီး တံခါးဖွင့်ပေးရတာနဲ့၊ ထိုင်တဲ့နေရာက ထပေးရတာနဲ့၊ စီးကရက်သောက်မလို့ ထုတ်လိုက်တာနဲ့ မီးခြစ်ပြီး ညှိပေးရတာနဲ့၊ သိပ်ဂရုစိုက်တာပဲ။

(စဉ်းစားဖို့) သည်ကိစ္စကတော့ ယဉ်ကျေးမှုထုံးစံ ကွာခြားမှုတစ်ခုပဲ၊ ဒီအပြုအမူမျိုးကို 'ရှိုဗယ်ရီ' Chivalry လို့ ခေါ်တယ်၊ မိန်းမတွေ သိပ်သဘောကျပေါ့။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး အမေရိကန်အမျိုးသမီးစာရေးဆရာ ကိတ်မီလက် Katc Millett ရေးတဲ့ 'လိင်နိုင်ငံရေး' Sexual Politics စာအုပ်ထဲမှာ ခုလိုဆိုတယ်။

'မိန်းမများ နေနေရသော၊ တရားမျှတမှုမရှိသော လူမှုရေးအခြေအနေကို ပျားရည်နှင့် ဝမ်းချသော အလေ့အထတစ်ခုမှာ ရှိုဗယ်ရီ ဖြစ်သည်။ ရှိုဗယ်ရီ သည် မိန်းမများ၏ နိမ့်ကျသော အဆင့်အခြေကို ဖုံးကွယ်ပေးသော စနစ်ဖြစ်သည်။ အရှင်သခင် အဆင့် နေရာကို ယူထားသော 'ကျား'လူတန်းစားတို့၏ 'ကစား' နည်းတစ်ရပ် ဖြစ်သည်။ ထိုကစားနည်းကား မိန်းမများကို ယမင်းရုပ်ကလေးသဖွယ် ဖန်ပေါင်းချောင်တွင်း ကလပ်ပေါ်မှာ တင်ထားကြခြင်း ဖြစ်သည်။

ဤသို့ ပြုလုပ်သည့်အမှုမှာ ကဗျာဆရာတွေ စိတ်ကူးယဉ်၍ စာဖွဲ့လို့ ကောင်းတာပဲရှိသည်။ ထိုမှ





လွဲ၍ 'မ'တို့၏ အဆင့်အတန်း၊ အခြေအနေကို တိုးမြှင့်ဖို့ကိစ္စအတွက် စိုးစဉ်းမျှ အရေးမပါ၊ အရာမရောက်၊ ကျေးဇူးမပြုဟူ၍ သမိုင်းဆရာများက မှတ်တမ်းတင်ခဲ့လေသည်။'

## မြန်မာအမျိုးသားများက ဤသို့ မြင်တတ်ကြသည်

(အမြင်) မြန်မာအမျိုးသမီးများသည် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးဘက်တို့တွင် ယောကျ်ားများနှင့် တန်းတူအခွင့်အရေး ရကြသည်။ သို့ဖြစ်၍ အခြားနိုင်ငံများက အမျိုးသမီးများ၏ လှုပ်ရှားမှုမျိုး မလိုအပ်တော့ချေ။ သိနားလည်လို့ကော ဘာထူးမည်လဲ။ သူတို့နေရာ၊ သူတို့ဘာသာ ဖြစ်နေတာပဲ။

(အချို့သော အမျိုးသမီးများကလည်း ထို့အတူပင် မြင်ကြသည်။)

(စဉ်းစားဖို့) ဥပဒေနှင့်ထုံးတမ်းစဉ်လာအရ အခွင့်အရေးများ ရှိသည်မှာ မှန်ပါသည်။ ထိုအခွင့်အရေးများကို ပြည့်ပြည့်ဝဝ အသုံးချတတ်ဖို့၊ ပညာအသိတရားပေးဖို့ ဆောင်ရွက် လှုပ်ရှားရဦးမည်။

ဘာမှ လုပ်စရာမလိုတော့ဟူသော အခြေအနေမျိုးသည် လူတို့၏ လောကဌမရှိနိုင်၊ မဖြစ်နိုင်သော အခြေအနေ ဖြစ်သည်။ ဘာမှလုပ်စရာ မလိုတော့ဟု ယူဆလိုက်သည်နှင့်၊ သေသည်နှင့်မခြား၊ လူ၏ဘဝ လမ်းဆုံးသို့ ရောက်သည်နှင့် တူပေသည်။

(အမြင်) အမျိုးသမီးများကို တာဝန်ကြီး၊ ရာထူးကြီးများ မပေးသင့်။ အရည်အချင်း ရှိဦးတော့၊ သူတို့ကို တာဝန်ပေး



www.burmeseclassic.com

www.burmeseclassic.com



ရာတွင် ပြဿနာတွေ ဖြစ်သည်။ အထူးသဖြင့် လိင်ပြဿနာတွေ ဖြစ်တတ်သည်။

အနောက်တိုင်းဒေသတွေမှာတော့ မိန်းမတွေ ဘယ်နေရာဖြစ်ဖြစ်၊ ဘယ်လိုတာဝန်ပဲပေးပေး ဖြစ်နိုင်သည်။ သူတို့ဆီမှာ လိင်လွတ်လပ်ရေးရနေကြသဖြင့် ထူးပြီး ပြဿနာမဖြစ်တော့ချေ။

(စဉ်းစားဖို့) အမျိုးသမီးများကို အချိန်မရွေး တာဝန်ပေး ခိုင်းရသည့်နေရာမျိုး၊ ရာထူးကြီး၊ တာဝန်ကြီးများ မပေးသင့်သည့် အကြောင်းရင်းမှာ လိင်ကိစ္စကိုသာ လက်ညိုးညွှန်ပြတတ်ကြသည်။

လိင်ကိစ္စဆိုသည်မှာ တစ်ဦးတည်းဖြစ်သည့် ကိစ္စမဟုတ်ဘဲ အခြားတစ်ဖက်က တာဝန်ရှိနေပေ သေးသည်။

'ကျား'တို့ ကြီးစိုးသောလောကထဲသို့ ချဉ်းနင်းဝင်ရောက်လာသော 'မ'တစ်ဦးကို 'ခွေးတစ်ထောင်ထဲ၊ မျောက်တစ်ကောင် ကျသလို' အမဲဖမ်းချင်သောစိတ်နှင့် စောင့်နေတတ်ကြသည့် အခြေအနေမျိုးမှာ မည်သူ့တာဝန်ဖြစ်သည်ကိုလည်း သတိမူသင့်သည်။

အနောက်နိုင်ငံများတွင် ထိပ်တန်းအထိ အောင်မြင်ထူးချွန်နေကြသော လခကြီး၊ ရာထူးကြီးရှင် အမျိုးသမီးများသည် လိင်လွတ်လပ်ရေးကို အကြောင်းရင်းခံ၍ ကိုယ့်ကိုယ်ကို လေလံတင်ပြီး၊ ထိုအခြေအနေသို့ ရောက်လာသည်ဟု ဆိုလိုသည့်အဓိပ္ပာယ်ရှိနေသည်။

ထိုထင်မြင်ချက်၊ ပြောဆိုချက်မှာ အောင်မြင်မှုရသူ အမျိုးသမီးတိုင်း အကျင့်သိက္ခာပျက်သည်ဟု





သိမ်းကျုံးပြောရာ ရောက်သည်။ အပေါ်ယံရှုပ်၍ ပြောဆိုသည့်အတွက် အခြေအမြစ်အမှန်သို့ မဆိုက်နိုင်သည်ကိုလည်း သတိမူသင့်သည်။

ဤသည်ပင် အကြမ်းဖျင်းအားဖြင့် ထင်မြင်ယူဆကြပုံများဖြစ်သည်။ ဘယ်လိုပင် ထင်မြင်ယူဆစေကာမူ၊ အမှန်ကို သိကြဖို့ အရေးကြီးပေသည်။

အမေရိကန်ပြည် အမျိုးသမီးတို့၏ လွတ်လပ်ရေး လှုပ်ရှားမှုများကို အလွှာအသီးသီးမှ တင်ပြချက်စာတမ်းများကို Liberation Now ခေါ် စာအုပ်မှ ကောက်နုတ်တင်ပြပါမည်။

ရှေးဦးစွာ ဤအရေးနှင့် ပတ်သက်၍ ပြောတိုင်း ပါလာတတ်သော 'မဝါဒ' Feminism ခေါ် စကား၏ အဓိပ္ပာယ်ကို ရှင်းပြလိုပေသည်။

BURMESE CLASSIC .com

## 'မ' ဝါဒဟူသည် အဘယ်နည်း

'မ'ဝါဒဟူ၍ကား ကြားဖူးကြပါလိမ့်မည်။ သို့သော် (မဝါဒ)ကား ဘယ်နည်းဟု မေးလိုက်လျှင် မိန်းမတွေက ယောကျ်ားတွေ၏ အလုပ်များကို အတင်းဝင်လုကြပြီး ယောကျ်ားတွေကိုပင် ကလေးထိန်း၊ ထမင်းချက်ခိုင်းကြသည်ဟုပင်ဆိုသလိုလို။

မိန်းမတွေက ယောကျ်ားတွေနှင့် နေရာတကာဝင် ပြိုင်ပြီး၊ ယောကျ်ားတွေ မယားငယ်ယူခွင့်ရှိလျှင် မိန်းမတွေလည်း လင်ငယ်နေခွင့်ရှိဖို့ကို တန်းတူအခွင့်အရေးဆိုပြီး ပြောဆိုနေကြသလိုလို။

ဤသို့ အစရှိသည်ဖြင့် ထင်ရာမြင်ရာ ပြောကြသည်။ ပြက်ရယ်ပြုကြသည်။

*ဒီမိန်းမတွေက ဘယ်သူတွေများလဲ၊ ဘယ်ကဟာတွေလဲ၊ သူတို့က ဘာများလိုချင်တာတဲ့လဲ။*



www.burmeseclassic.com

www.burmeseclassic.com



အလကားပါ။ ရုပ်ဆိုးအကျည်းတန် လင်မရနိုင်တဲ့ ဟာမတွေ၊ 'မဝါဒ'လေးဘာလေးနဲ့ စကားများနေကြတာပါ။

အဲဒီစကားလုံးတွေ ခဏခဏပဲ ကြားဖူးကြမှာပေါ့။ နှယ်နှယ်ရရ မထင်လိုက်ပါနှင့်။ ၁၈၄၈ ခုနှစ်နောက်ပိုင်းလောက် (ခုဆို နှစ်ပေါင်းတစ်ရာကျော်ပြီပေါ့)က အမေရိကန်ပြည်၊ နယူးယောက်ဟာရယ် New York Herald သတင်းစာခေါင်းကြီးပိုင်းက ရေးလိုက်သော စကားများ ဖြစ်ပါသည်။

ယနေ့အထိပင် ထိုနှစ်ပေါင်းတစ်ရာကျော်လောက်က ပြောကြခဲ့သော စကားလုံးများမှာ ရိုးမသွားသေးချေ။ များစွာကုန်သော 'ကျား' တို့သည် ထိုစကားများကို ရေလဲနှင့်သုံးကာ 'မ'တို့၏ လှုပ်ရှားမှုကို ပြက်ရယ်ပြုကြတုန်းပင် ရှိသေးသည်။

သို့ကြောင့်ပင် အချို့သော အမျိုးသမီးကြီးတို့သည် ('မ'ဝါဒ)ကို ယုံကြည်ပါသည်ဟုပင် ပြောရမည်ကို ဝန်လေးနေတတ်ကြသည်။ ('မ'ဝါဒ)ဟူရာ နှုတ်ခွန်းဟလိုက်သည်နှင့် အရုပ်ဆိုး၍ လင်မရသော အပျိုကြီး၊ အိမ်ထောင်ရေးအဆင်မပြေသည့် လင်ကွာတစ်ခုလပ်ဟူသော ဘွဲ့တံဆိပ်တွေကို ချိတ်ပေးဖို့ စောင့်နေသူတွေက အသင့်ပင် ဖြစ်သည်။

ထို့ကြောင့်ပင် အိန္ဒိယဝန်ကြီးချုပ် မစ္စစ် အင်ဒိယာဂန္ဒီက ဤသို့ ပြောခဲ့သည်။

'ကျွန်မကိုယ်ကျွန်မ ('မ'ဝါဒ)သမားဟု ကိုယ့်ကိုယ်ကိုယ် အမြဲ ထင်နေသူ မဟုတ်ပါ။ သို့သော် ('မ'ဝါဒ) ဟူသည် 'မ'တို့အား ပညာအရည်အချင်း အထုံပါရမီ ပြည့်စုံပါလျက်နှင့် 'မ' ဖြစ်နေခြင်းကြောင့် အလုပ်အကိုင်၊ နေရာဌာန၊ အခွင့်အရေးများ မရရ ဟူသော ပိတ်ပင်ချက်များ မရှိစေရဟုဆိုခဲ့ပါလျှင် ကျွန်မသည်





('မ' ဝါဒ)ရှင်တစ်ဦး ဖြစ်ပါသည်။

'ကျား' နှင့် 'မ' တို့သည် သဘာဝအားဖြင့် မတူကြချေ။ ခန္ဓာကိုယ်ချင်းမတူသကဲ့သို့ တာဝန်ထမ်းဆောင်မှုများလည်း မတူ ဖြစ်ကြရသည်။

'မ'နှင့် 'ကျား'တို့တွင် လူ့သဘာဝအခြေခံ အရည်အချင်းတွေ ကိုယ်စီရှိကြသည်။ တစ်ဦး၏အတု တစ်ဦးလိုက်ယူ၊ ဂုဏ်တုဂုဏ်ပြိုင်ပြုဖို့မဟုတ်ဘဲ တစ်ဦးနှင့်တစ်ဦး လိုသည့် အရည်အချင်းများ ဖြည့်စွမ်းပေးရမည်။ သို့မှသာ 'မ'နှင့် 'ကျား' တို့၏ သဘာဝ အရည်အချင်းများ ပိုမိုပြည့်ဝ နက်နဲလာနိုင်ပေမည်။'

ထိုစကားမှာ ၁၉၇၃ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့မှ ၁၄ရက်နေ့အထိ လူမျိုးပေါင်းစုံ အမျိုးသမီးများအဖွဲ့ International Alliance of Women ကွန်ဂရက်တွင် ပြောသောမိန့်ခွန်းမှ ကောက်နုတ်ချက် ဖြစ်သည်။

ထိုကွန်ဂရက်သို့ ၂၈ နိုင်ငံမှ ကိုယ်စားလှယ်အမျိုးသမီး ၂၂၀ တက်ရောက်ခဲ့ကြသည်။ ထိုကွန်ဂရက်က လူမျိုးပေါင်းစုံ အမျိုးသမီးအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် ပြင်သစ်သူ မစ္စစ် လစ်ကောစကီး Ms. Lipkowski ကို တင်မြှောက်ခဲ့ကြသည်။

('မ' ဝါဒ)နှင့် ပတ်သက်၍ အမေရိကန်ပြည် အမျိုးသမီးလှုပ်ရှားမှုခေါင်းဆောင်တစ်ဦးဖြစ်သော လူစီကိုမစ်ဆား Lucy Komisar က 'မ'ဝါဒ ကြေညာစာတမ်းတစ်ခု ရေးသားခဲ့သည်ကို ဘာသာပြန် တင်ပြလိုက်ပါသည်။

●

www.burmeseclassic.com

www.burmeseclassic.com

## ‘မ’ဝါဒ ကြေငြာစာတမ်း

**A Feminist Manifesto**

**by Lucy Komisar**

**(Reader's Digest, September 1971)**

### ရူဆိုးနှင့် ဟစ်တလာ

ရှေးသရောအခါ တစ်ခါတုန်းက တရားမျှတစိတ်ရှိသည်၊ ခေတ်ကို ရှေ့က ပြေးနေသည်ဟု နာမည်ကြီးသော ဒဿနိကဆရာ ပညာရှိကြီး တစ်ဦး ရှိ၏။ သူသည် ‘မ’တို့အရေး၊ ‘မ’တို့ ဘယ်လိုတာဝန်များ ဆောင်ရွက်သင့်သည်ဟူသော ကိစ္စကို ဤသို့ ပြောခဲ့ဖူးသည်။

> ‘မ’ တို့ကို ဘယ်လို အသိပညာပေး သင်ကြားမလဲ။
> ‘ကျား’တို့အတွက် အသုံးဝင်မည့် ပညာမျိုး သင်ပေးဖို့
> စဉ်းစားရမည်။ ‘မ’တို့သည် ‘ကျား’ တို့၏ နှစ်လိုဖွယ်
> ကို ဖြစ်စေရမည်။ ‘ကျား’တို့၏ အသုံးတော်ခံ
> အလုပ်အကျွေး ဖြစ်ရမည်။ ‘ကျား’တို့၏ ဘဝကို
> သာယာပျော်ရွှင်ဖွယ်ဖြစ်အောင် ဖန်တီးပေးတတ်





> ရမည်။ သည်လိုတာဝန်တွေကို ‘မ’တို့အား ငယ်ရွယ်
> စဉ်ကပင် သိတတ်အောင် သင်ကြားလေ့ကျင့်
> ပေးရမည်။

လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကျော်လောက်ဆီက ပုဂ္ဂိုလ် တစ်ဦး ရှိခဲ့ပြန်သည်။ ထိုသူသည် ခေတ်ကို နောက်ပြန်ဆွဲသော အယူဝါဒ လက်သုံးထားသူ ဖြစ်သည်။ ထိုသူက ဤသို့ ဆိုပြန်သည်။

> ‘မ’ တို့သည် လင်ယောကျ်ား၊ သားသမီးနှင့် အိမ်
> ဂေဟာပတ်ဝန်းကျင်၌သာလျှင် တစ်ကမ္ဘာ ထင်၍
> မွေ့လျော်ကြရမည်။ ‘မ’တို့သည် ‘ကျား’တို့၏နယ်ပယ်
> လောကထဲသို့ တိုးဝင်လာခြင်းသည် နည်းလမ်းကျ
> သည်ဟု ကျွန်ုပ်တို့ မထင်ချေ။

ပထမ စကားရပ်ကိုဆိုသော ပုဂ္ဂိုလ်သည် ၁၈ ရာစုခေတ်က ပြင်သစ်ပြည်တွင် တိုးတက်သော အတွေးအခေါ်နှင့် ကျယ်ပြန့်လွတ်လပ်သောဝါဒများ လက်ကိုင်ထားသူ ရူဆိုး (Rousseau) ဖြစ်သည်။

ဒုတိယစကားရပ်ကို ဆိုသောသူမှာ ၂၀ ရာစု၊ ဖက်ဆစ်ဝါဒရှင် ဟစ်တလာ (Hitler) ဖြစ်သည်။

ခေတ်အဆက်ဆက်မှာပင် နိုင်ငံရေးသမားများသည် လူသူလေးပါးအား ကိုယ့်ဘက်ပါအောင် ဆွဲယူသိမ်းသွင်းတတ်ကြသည်။ တစ်ဦးနှင့်တစ်ဦး လက်ကိုင်ဝါဒနှင့် လုပ်နည်းလုပ်ဟန် မတူကြစေကာမူ တစ်ခုသောအချက်ကို တစ်သဘောတည်းကျ၊ စိတ်တူကိုယ်မျှ ရှိကြပေသည်။

ထိုအချက်ကား အခြားမဟုတ်ချေ။ ‘မ’လူတန်းစားတို့ကို ဒုတိယတန်းစား(အောက်တန်းစား) နေရာမှ ထားရှိရမည်။ ‘ကျား’တို့



www.burmeseclassic.com

www.burmeseclassic.com



အား လုပ်ကျွေးသမှု ပြုစုနေရခြင်းပင်လျှင် မိမိတို့၏ ဘဝသံသရာပင် ဖြစ်သည်ဟူသော ခံယူချက် 'မ' တို့၌ ခိုင်မြဲစွာ ရှိစေရမည်တည်း။

## လိင်ဝါဒ SEXISM ဆိုသည်မှာ

'လိင် ဝါဒ' ဟူသည်ကား လူ့လောကအတွင်းရှိ တာဝန်များကို ကျား၊ မ ဟူသော လိင်အမျိုးအစားအလိုက် သီးသန့်ခွဲခြား နေရာချထားသော စနစ် ဖြစ်သည်။

တိုင်းရေး ပြည်ရေး၊ စီးပွားရေး၊ သိပ္ပံပညာ၊ အနုပညာ အစ ရှိသော နေရာဌာနများတွင် ထိပ်တန်းကနေ၍ ဩဇာပေး စီမံအုပ်ချုပ်သူများသည် 'ကျား'များသာ ဖြစ်ရမည်။

'မ' တို့သည် အိမ်တွင်းမှုလုပ်ကိုင်ဖို့၊ ကလေးမွေးမြူ ထိန်းသိမ်းပေးဖို့၊ 'ကျား'တို့ကို ဖြေဖျော်ပေးဖို့၊ 'ကျား'တို့၏ အခြွေအရံ ကစားစရာများဖြစ်ဖို့ တာဝန်များကိုသာ ယူစေရမည်။

မိသားစုနှင့် အိမ်ဂေဟာအပြင်ဘက်သို့ ထွက်၍ အလုပ်လုပ်ရသည့် အခါများမှာပင် ထိုစနစ်ဇယားအတိုင်း တောက်လျှောက်တာဝန် ယူစေသည်။ အရာရှိ မန်နေဂျာ အစရှိသော 'ကျား'များ၏ စာရေးမ၊ စက္ကရီတေရီအဖြစ်၊ ကလေးတွေ စာသင်ကြားပေး၊ ထိန်းကျောင်းပေးသည့် ဆရာမအဖြစ်၊ လေယာဉ်ပျံပေါ်တွင် 'ကျား'ခရီးသည်တို့အား လိုရာ 'ဘာမဆို' ဖြည့်စွမ်းရသည့် လေယာဉ်မယ်အဖြစ်၊ ထိုနေရာမျိုး တွေမှာ အမှုထမ်းကြရသည်။

ထိုသို့သော သဘောကိုဆောင်သည့် စနစ်ကြီးကို ကျွန်ုပ်တို့ မ ဝါဒရှင်များက ဖျက်လိုကြခြင်း ဖြစ်သည်။ 'ကျား' နှင့် 'မ' တို့သည် ကိုယ်ဝန်ဆောင်သားဖွားသည့် ကိစ္စများကလွဲလျှင် မည်သည့် အမှုကိစ္စမဆို ဆောင်ရွက်လုပ်ကိုင်နိုင်ကြသည်ဟု ကျွန်ုပ်တို့ ယုံကြည်





သည်။ ဘယ်သင်းကဖြင့် မိန်းမအလုပ်၊ ဘယ်ဟာကဖြင့် ယောကျ်ား မလုပ်ကောင်းဟု သီးခြားကန့်သတ်မှုတွေ မရှိသင့်၊ မရှိအပ်ဟု ကျွန်ုပ်တို့ ယူဆကြသည်။

မ ဝါဒရှင်တို့သည် ပုဂ္ဂိုလ်အသီးသီး မိမိတို့နှစ်သက်ရာ ရွေးချယ်လုပ်ကိုင်ကြသည်ကို လက်ခံကြသည်။ သို့ဖြစ်ရာ အချို့သော 'မ' တို့သည် အိမ်ရှင်မအဖြစ်၌ မွေ့လျော်တင်းတိမ်နေကြခြင်းကို ဘာမျှ ပြောဆိုကန့်ကွက်ခြင်း မပြုလိုကြချေ။

သို့သော် (အိမ်ရှင်မ အဖြစ်)ကို မကန့်ကွက်လိုသော်လည်း၊ (အိမ်ရှင်မ စနစ်)ကို ကား ကန့်ကွက်လိုပေသည်။ ဝါသနာ၊ အထုံပါရမီ အရ အိမ်နှင့် မိသားစုပတ်ဝန်းကျင်မှ အပဖြစ်သော အတတ်ပညာ များတွင် ထူးချွန်လာကြသော 'မ'တို့ ရှိကြလိမ့်မည်။ ထိုသို့ ထူးချွန်လာသော 'မ' တို့သည် လူ့လောကကို သူတို့၏ ပညာဖြင့် များစွာကျေးဇူးပြုနိုင်ကြလိမ့်မည်။ သို့သော်လည်း 'မ'ဖြစ်နေခြင်းကြောင့် သူတို့၏ ပညာအရည်အချင်း၊ ပါရမီအထုံတို့ကို အိမ်တွင်းမှုတာဝန်များတွင် မြှုပ်နှံဇာတ်သိမ်းစေရမည်။ ဤသို့ လမ်းစဉ်ချမှတ်ထားသော စနစ်ကို ကျွန်ုပ်တို့ ကန့်ကွက်သည်။

'မ'တို့သည် တစ်ဦးနှင့်တစ်ဦး တစ်ဆင်တည်း ဖြတ်ထားသကဲ့သို့ တူညီကြမည် မဟုတ်ချေ။ တစ်ဦး တစ်ဦးတွင် လူပုဂ္ဂိုလ်တို့၌ ရှိစမြဲဖြစ်သော သီးခြားသော သဘာဝတွေ ရှိကြမည်။

သို့ဖြစ်၍ 'မ'ဆိုသည့် လူပုဂ္ဂိုလ်တိုင်းကို အိမ်တွင်းမှုလုပ်ငန်း တစ်ခုတည်း၌သာ ပျော်ရွှင်နေရမည်ဟု လှေနံဓားထစ် နေရာချပစ်လိုက်၍ မဖြစ်နိုင်ချေ။ 'ကျား'တိုင်း သံ၊ တူ၊ လွှများ ကိုင်တတ်ရမည်။ လက်သမားအလုပ် ဝါသနာပါ၊ မွေ့လျော်ရမည်ဟု နေရာတစ်ထစ် ချပေးထား၍ မဖြစ်နိုင်သကဲ့သို့တည်း။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ကျွန်ုပ်တို့ကို ပညာသင်ကြားပေးပုံက ထိုသဘာဝနှင့် ဆန့်ကျင်နေသည်။ ကိုယ့်စိတ်ထဲရှိသမျှကို ပြတ်ပြတ်သားသားပြောတတ်လျှင်၊ အစစအရာရာ ဆင်ခြင်တုံတရားနှင့် မြော်မြင်တတ်လျှင်၊ စွန့်စားတတ်သည့်စိတ် ရှိလျှင်၊ ကိုယ့်အားကိုယ်ကိုးစိတ်ရှိလျှင်၊ ဒါတွေဟာ ယောကျ်ားစိတ်ပဲဟု ဆိုသည်။

## မိန်းမပီသသည် ဆိုသည်ကား

'မ' ဆိုသည်မှာ မလှုပ်တလှုပ် နေရမည်။ ဆင်ခြင်တုံတရားနှင့် စဉ်းစားမြော်မြင်မှု မရှိရ၊ ကြောက်တတ်ရမည်၊ နှိပ်စက်တာတွေကို သည်းခံရမည်။ ဤသည်ပင် မိန်းမပီသသော သဘာဝဖြစ်သည်။

'မိန်းမပီသသည်' ဟူသော သဘော၏ အဓိပ္ပာယ်မှာ သမိုင်းတစ်လျှောက်တွင် ကျွန်လူမျိုး၊ ဖိနှိပ်ခံလူမျိုးများ၌ တွေ့မြင်ရသော အမူအကျင့် သဘောထားများပင် ဖြစ်သည်။

ဘာကြောင့် ဤသို့ ဖြစ်ရသနည်း။ 'မ' တို့ကို သည်လို ဖြစ်ရမည် ဆုံးဖြတ်ပေးခဲ့သူများသည် 'ကျား' တို့သာ ဖြစ်ခဲ့သောကြောင့်တည်း။ မယားသည် လင်၏အမည်ကို ခံယူရသည့် အစဉ်အလာမှာ မယားဆိုလျှင် လင်၏ကိုယ်ပိုင်ပစ္စည်း ဖြစ်သည်ဟုဆိုသော ခေတ်က အစပြုလာခဲ့သည်။

မိန်းမတွေ လင်၏အမည်ကိုယူခြင်းမှာ အဓိပ္ပာယ်ရှိသည်။ မယားသည် လင်၏အလိုကို လိုက်လျောရမည်။ မိမိ၏ အလိုဆန္ဒတွေ၊ စိတ်ဝင်စား ဝါသနာပါမှုတွေ၊ စွမ်းဆောင်လုပ်ကိုင်ချင်တာတွေ အားလုံးကို စွန့်လွှတ်ရမည်။ လင်ဖြစ်သူ၏ လုပ်ငန်းဆောင်တာက ချမှတ်ပေးသော လမ်းအတိုင်း တစ်သဝေမတိမ်း လင်၏နောက်က လိုက်ရမည်။





## ကျားတို့လွှမ်းမိုးသော စနစ်

'ကျား'တို့ လွှမ်းမိုးသောစနစ်မှာ သမိုင်းစဉ်မှတ်တမ်း (ယနေ့ထိ သိရှိနိုင်ခဲ့သရွေ့)တွင် ရှေးအကျဆုံးစနစ် ဖြစ်သည်။ ရှေးရိုးရာ ရေဝတီဘာသာဝင်တို့သည် နံနက်တိုင်း ဘုရားရှိခိုးရာ၌ . . .

> လောကအလုံးတွင် အရှင်သခင် ဘုရားသခင်၏ ကျေးဇူးကြီးပါပေသည်။ ဘုရားသခင်သည် ငါ့အား မိန်းမအဖြစ် ဖန်ဆင်းပေးခဲ့ရှာသည်တကား။ ကျေးဇူးကြီးလှပေစွ။

စိန့်ပေါ်လ် St.Paul က ဤသို့ ကြေညာခဲ့သည်။ ('မ' တို့ကို ဘုရားသခင်က 'ကျား'တို့အတွက် ဖန်ဆင်းပေးထားခဲ့သည်။ မယားသည် လင်၏အလိုအတိုင်း နေထိုင်ရမည်တည်း။)

မူဆလင်ဗလီများတွင် 'မိန်းမများ၊ ခွေးများနှင့် အခြားမသန့်ရှင်းသော တိရစ္ဆာန်များ ဝင်ခွင့်မပြု'ဟု စာတမ်းထိုးထားကြသည်။

၁၁ ရာစုက ကက်တာလီပြည်တွင် မိန်းမများ၌ ဘုရားသခင်ရှိရာကောင်းကင်ဘုံသို့ ရောက်နိုင်သည့်ဝိညာဉ် ရှိ၊ မရှိကို အချေအတင် ဆွေးနွေးကြသည်။

ဂျာမန် ဒဿနိကဆရာကြီး ရှော့ပင်ဟွား Schopenhauer က မိန်းမများကို သက်သေအဖြစ် တရားရုံးခွင်သို့ မတင်သွင်းသင့်၊ 'မ'တို့သည် တရားသည်၊ မတရားသည်ကို ဝေဖန်ပိုင်းခြား မသိတတ်ဟု ဆိုသည်။

'မ'တို့ကို အစွမ်းကုန်ဖိနှိပ်ရေး၊ မုန်းတီးရေးကို အခေါင်အဖျားထိ တွန်းပို့လိုက်သော အတွေးအခေါ်ကား ယခု မျက်မှောက်ခေတ် ဖရိုက် (Freud)၏ အတွေးအခေါ်များ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးမွေးခြင်းမှအပ အခြားကိစ္စများကို စိတ်ဝင်စားသော 'မ' များ၊ အခြားလုပ်ငန်းခွင်၌ ဝင်လုပ်ကိုင်လိုသော 'မ'များသည် ယောကျ်ားကိုယ်(တန်ဆာ)ကို လိုချင်စိတ် ပြင်းပြသော စိတ်ဝေဒနာရှင်များ ဖြစ်သည်ဟု ဖရိုက်က ဆိုသည်။

ပညာရေးစနစ်အရဆိုလျှင် ကလေးများကို ငယ်နုချိန်ကစ၍ (လိင်ဝါဒ) စိတ်ခံတတ်တွေ သိမ်းသွင်းပေးနေသည်ကို တွေ့ရသည်။ မိန်းကလေးများကို ထမင်းဟင်းချက်တမ်း၊ တံမြက်စည်းလှဲတမ်း ကစားဖို့ ကစားစရာတွေပေးသည်။ ယောကျ်ားလေးများကို မော်တော်ကား၊ မီးရထား၊ ဆရာဝန်ကိရိယာ၊ သိပ္ပံပညာကစားစရာတွေ ပေးထားကြသည်။

မိန်းကလေးများကို ကြီးလာလျှင် မယားကောင်း၊ မိခင်ကောင်း ဖြစ်လာအောင် သင်ရမည်။ ယောကျ်ားလေးများကိုကား ဘယ်အလုပ်အကိုင်မှ လုပ်ရမည်ဟု အတိအကျပုံသွင်းပေးဖို့ မလိုချေ။ သူတို့ကြိုက်ရာ အများထဲက တစ်ခုခုကို ရွေးချယ်နိုင်ခွင့် ရှိသည်။

ကျောင်းများတွင် စာသင်ကြားရာမှာလည်း ထိုလမ်းစဉ်အတိုင်း ဆက်သွားသည်။ ဖတ်စာအုပ်များတွင် 'ကျား'တို့သည် မိသားစုကို ရှာဖွေကျွေးသူအဖြစ် သရုပ်ဖော်ထားသည်။ 'မ'တို့ကိုကား အိမ်တွင်းမှု လုပ်ကိုင်နေသူများဟု ပြထားသည်။

သို့သော်လည်း တိုင်းပြည်၏ လူဦးရေတစ်ဝက်ဖြစ်သော အသက် ၁၈နှစ်နှင့် ၆၅နှစ်အရွယ်အတွင်းရှိ 'မ'တို့သည် အိမ်၏အပြင်၌ အလုပ်လုပ်ကိုင်နေရသူများ ဖြစ်ကြသည်။ (ဖတ်စာအုပ်ထဲကပြသောသရုပ်နှင့် တကယ့်အခြေအနေ အံမဝင်ဟု ဆိုလိုသည်။)

ကျောင်းသူမိန်းကလေးများအား အိမ်သုံးစရိတ် တွက်ချက်ပုံများ သင်ကြားပေးသည်။ စက်မှု၊ လက်မှု၊ သိပ္ပံပညာများ သင်ယူခွင့်





မရကြချေ။ (တက္ကသိုလ်မရောက်မီ ကျောင်းများ၌ ဆိုလိုဟန်ရှိသည်။)

ဤတိုင်းပြည်(အမေရိကန်)တွင် အင်ဂျင်နီယာ ဦးရေ တစ်ရာတွင် 'မ'တစ်ဦးသာ ရှိသည်။ ဆိုဗီယက်ယူနီယန်တွင် 'မ' အင်ဂျင်နီယာဦးရေမှာ ၃၁ ရာခိုင်နှုန်း ရှိသည်။

ကျောင်းသူကျောင်းသားများကို အင်ဂျင်နီယာဘက်ဆိုင်ရာ ဝါသနာအထုံရှိ မရှိ စစ်ဆေးကြည့်သောအခါ၊ အထုံ ဝါသနာရှိသည်ဟု ဆုံးဖြတ်သော ကျောင်းသူကျောင်းသားဦးရေ၏ သုံးပုံတစ်ပုံမှာ 'မ'များ ဖြစ်ကြသည်။

ကျောင်းကထွက်လျှင် ဘယ်အလုပ်အကိုင်မျိုးနှင့် သင့်လျော်မည်ကို စစ်ဆေးသောအခါမှာလည်း မိန်းကလေးများကို လက်နှိပ်စက်ရိုက်ခိုင်းစမ်းသည်။ ယောကျ်ားလေးများကိုကား အခြားသော ဘာသာရပ်များ၌ အမျိုးမျိုးစမ်းသပ်သည်။

တက္ကသိုလ်ဒီဂရီရပြီး အမျိုးသမီး ၅ဦးရှိလျှင် တစ်ဦးမှာ စာရေးစာချီ၊ အရောင်းစာရေးနှင့် အခြားသော သူတစ်ပါး၏ အခိုင်းခံနေရာ၊ သို့မဟုတ် မကျွမ်းကျင်သော အလုပ်သမားအဖြစ် စက်ရုံများတွင် ဝင်လုပ်ကြရသည်။

တက္ကသိုလ်တွင် ပညာသင်ခဲ့သော အမျိုးသမီးတစ်ဦးသည် ရှစ်တန်းသာအောင်သော ယောကျ်ားတစ်ဦး၏ နှစ်စဉ်ဝင်ငွေထက် ဒေါ်လာ ၁၁၄ မျှသာ ပျမ်းမျှခြင်းအားဖြင့် ပိုရသည်။

ကျွန်ုပ်တို့၏ ယဉ်ကျေးမှုကလည်း လူမှုရေးပတ်ဝန်းကျင်တစ်ခုလုံးကို (လိင်ဝါဒ)ဖြင့်သာ လွှမ်းမိုးပေးခဲ့သည်။ ကုန်ပစ္စည်းကြော်ငြာများတွင် 'မ'တို့ကို သရုပ်ပြထားပုံကို ကြည့်ပါ။

'မ'တို့သည် ယင်ဖိုမသန်းသည့် အပျိုစင်ကလေးတွေလို တွေ့မြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့မဟုတ် 'ကျား' တို့ကို ယူကျုံးဆွဲဆောင်တတ်သည့် မာယာရှင်မ အဖြစ်နှင့် တွေ့ရသည်။

ကြော်ငြာထဲကပုံတွေထဲတွင် ပန်းကန်ဆေးသည့် ဆပ်ပြာမှုန့်ကောင်းလွန်လို့ ကြည်နူးမှုမေ့မလောက် ဖြစ်နေသည့် 'မ'မျိုးတွေ မြင်ရရဲ့။

သို့မဟုတ်လျှင်လည်း မော်တော်ကားအမိုးကို အသာလေးမှီပြီး မက်လောက်စရာကိုယ်ခန္ဓာကို အစွမ်းကုန်ဝန်းပြပြီး မာယာစုံနှင့် နော့နေပုံကိုလည်း မြင်ရတတ်ပါရဲ့။

ကြော်ငြာတစ်ခုတွင် ခုလိုမျှားတောင် တွေ့ရဖူးသည်။

အိစက်ညက်ညောသည့် ဖဲစက်ရာပေါ်တွင် မဒီချောလေးတစ်ဦး ခွေခွေကလေးနေရင်း ချက်လက်မှတ်စာအုပ်ကို ကြည့်ကာ ဝေခွဲမရနိုင်ရှိနေပုံ ပြထားသည်။ ဤသို့ စာတမ်းထိုးထားသည်။

*'ချက်လက်မှတ် စာအုပ်ထဲက စာရင်းတွေ အမှားမှား*
*တွက်ဖို့ ဖောင်တိန်အကောင်းစားတစ်ချောင်း ဝယ်ပေး*
*လိုက်ပါလား။*
*အသစ်စက်စက် တောက်ပြောင်နေတဲ့ ဖောင်တိန်*
*လေးရသွားရင် သူကိုယ်သူတောင် ပိုလှသွားတယ်လို့*
*ထင်လိမ့်မယ်။*
*စာရင်းကိန်းဂဏန်းတွေ တွက်တတ်ဖို့က ဘာအရေး*
*ကြီးလို့လဲ၊ လှဖို့က အရေးကြီးပါတယ်လေ။'*

အဓိပ္ပာယ်မှာ 'မ'ဆိုလျှင် ဖောင်တိန်လှလှလေးကိုင်ပြီး ဟန်မူရာတွေပြဖို့၊ အလှတိုးဖို့သာ အရေးကြီးသည်။ စာရင်းအင်းမှန်အောင် တွက်တတ်ဖို့မလိုဟု သဘောရောက်သည်။

ထိုကဲ့သို့ သရုပ်တွေဆောင်ပြနေကြသော ကြော်ငြာနှင့်တကွ အတွေးအခေါ် လွှမ်းမိုးမှုများကြောင့် 'မ'တို့သည် သူတို့ကိုယ်သူတို့





'ကျား'များကဲ့သို့ ဉာဏ်အစဉ်းစားဆင်ခြင်မှု မရှိဟု ယုံကြည်ကုန်ကြတော့သည်။

အသိပညာရှင်၊ အတတ်ပညာရှင် အမျိုးသမီးတို့သည် အခြားမိန်းမများနှင့် စကားပြောဆို ပေါင်းသင်းရသည်ကိုပင် ငြီးငွေ့စရာဟု ထင်လာကြသည်။ ပညာရှင်အမျိုးသမီးများသည် အခြားအမျိုးသမီးများကို အထင်သေးတတ်ကြသည်။ သူတို့နှင့် အဖက်မတန်ဟု ထင်ကြသည်။

သို့သော် သူတို့မှာ မိမိကိုယ်တိုင် မိန်းမပင် ဖြစ်နေသည်။ မိန်းမဘဝမှ ရုန်းထွက်ရန်လည်း မဖြစ်နိုင်သဖြင့် ကိုယ့်ကိုယ်ကိုယ် မိန်းမဖြစ်ရသည်ကိုပင် မုန်းတီးရွံရှာစိတ် ဖြစ်ကုန်ကြသည်။

လိင်ဝါဒစနစ်သည် 'ကျား'တို့ကိုလည်း ကောင်းကျိုးမပေး၊ နစ်နာစေသည်။ တစ်ပုံစံတည်း၊ တစ်ဖြတ်တည်းနှင့် တစ်ခုတည်းသော လမ်းကြောင်းအတိုင်း တွေးခေါ်စဉ်းစားရဖန်များလာသောအခါ 'မ'တို့နှင့်မခြား အသိဉာဏ်ခေါင်းပါးလာတော့သည်။

သည်လောက် ကောင်းကျိုးမပေးသည့် (လိင်ဝါဒ)စနစ်ကို ခုလောက်ကြာအောင် ဘာပြုလို့များ လက်ခံထားကြလေသနည်းဟု မေးဖွယ်ရှိသည်။

တကယ်ဆိုတော့ အနူးအညွတ် လက်ခံထားကြခြင်း မဟုတ်ချေ။ 'မ'တို့၏ အပေါ်တွင် 'ကျား'တို့ လွှမ်းမိုးဖိနှိပ်ခဲ့သည့် သမိုင်းစဉ်တစ်လျှောက်တွင် 'မ'တို့က တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်ချည်း ဖြစ်သည်။

ခရစ်မပေါ်မီ ၂၁၅ ခုနှစ်က (လွန်ခဲ့သော နှစ်ပေါင်း ၂၂၀၀ ခန့်က) အမျိုးသမီးများက ဤရွှေ၊ ဤမျှသာ ရွှေအလေးချိန်ပိုင်ဆိုင်ရမည်ဟု သတ်မှတ်သော ဥပဒေကို ကန့်ကွက်ရာအောင်မြင်ခဲ့ဖူးသည်။ ရောမမြို့တော်၏ တစ်မိုင်အတွင်း ယာဉ်ရထားမစီးရဟူသော ချုပ်ချယ်မှုကိုလည်း အောင်မြင်စွာ တိုက်ဖျက်ခဲ့ဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



ပွန်ပီယိုင် Pompeii မြို့တော်ကြီး၏ အပျက်အစီးများတွင် မြို့ရိုးနံရံများပေါ်၌ 'မြို့တော်အစိုးရအဖွဲ့သို့ အမျိုးသမီးများကို ရွေးကောက်တင်မြှောက်ရမည်'ဟု တောင်းဆိုသော စာတမ်းများ ယနေ့ထိ တွေ့မြင်ရသည်။

၁၈၄၇ ခုနှစ်၊ အင်္ဂလိပ်အမျိုးသမီးစာရေးဆရာ ရှားလော့ဘရွန်တီ Charlotte Bronte သည် ဂျိန်းအဲ Jane Eyre ဝတ္ထုတွင် 'မ'တို့သည် ပုတင်းဖုတ်ဖို့၊ ခြေအိတ်ထိုးဖို့မျှသာ လုပ်ကိုင်နေဖို့ မဟုတ်ချေ။ မိမိတို့၏အသိဉာဏ် ဦးနှောက်ကို ယောကျာ်းများကဲ့သို့ပင် အသုံးပြုခွင့်ရှိသင့်သည်ဟူသော အတွေးအခေါ်ကို ထည့်သွင်းရေးသားခဲ့သည်။

## အမေရိကန်ပြည် 'မ'တို့ လွတ်လပ်ရေး

အမေရိကန်ပြည်တွင် 'မ'တို့ လှုပ်ရှားမှု စလိုက်သည်နှင့် ဝိုင်းအညွန့်သတ်ကြလေတော့သည်။ ကျွန်စနစ်ပယ်ဖျက်ရေးကိစ္စနှင့် ပတ်သက်၍ ကမ္ဘာလုံးဆိုင်ရာ စည်းဝေးပွဲတစ်ခု ၁၈၄၀ ခုနှစ်တွင် လန်ဒန်မြို့တော်၌ ကျင်းပခဲ့သည်။ ထိုစည်းဝေးပွဲသို့ အမျိုးသမီးကိုယ်စားလှယ်များ သွားရောက်ကြရာ အစည်းဝေး တက်ရောက်ပါဝင်ခွင့် လုံးဝမပေးခဲ့ကြချေ။

ထိုသို့ ဖြစ်ပျက်ပြီးနောက် ရှစ်နှစ်ခန့်ကြာလျှင် လူကရီရှာမော့ Lucrecia Mott နှင့် အယ်လီဇာဘက် ကေဒီ စတင်တန် Elizabeth Cady Stanton တို့သည် (အမေရိကန်)လွတ်လပ်ရေး ကြေညာစာတမ်းကြီး၏ ပုံစံအတိုင်း ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့လေသည်။

ထိုကြေညာချက်အရ 'မ'တို့သည် အလုပ်အကိုင်ရရှိရေး၊ ပညာသင်ကြားရေးတို့တွင် 'ကျား' တို့နှင့်မခြား အခွင့်လမ်းရရှိရမည်။





အိမ်ထောင်ရှင် အမျိုးသမီးများကို ဖိနှိပ်ချုပ်ချယ်သည့် ဥပဒေများ (စီးပွားရေးနှင့် ပစ္စည်းပိုင်ဆိုင်ခွင့်)များကို ဖျက်သိမ်းပေးရမည်။ ဘာသာရေးကိစ္စများမှာလည်း 'ကျား'တို့ချည်းသာ လွှမ်းမိုးရမည်ဟူ၍ မရှိစေရဟူသော အချက်များပါရှိသည်။

ထိုကြေညာချက် နောက်ဆက်တွဲစကားချပ်မှာ မှတ်သားဖွယ်ကောင်းသည်။

('မ' တို့၏ တောင်းဆိုချက်များကို 'ကျား' တို့က သူတို့လိုရာ အဓိပ္ပာယ်ဆွဲယူ၍ အများအထင်အမြင် လွဲမှားအောင် စကားကွေ့ကောက်ပြီး ပြောဆိုကြလိမ့်မည်ကို လည်းကောင်း၊ ပြက်ရယ်စရာ ဟားကွက်ကြီးတစ်ခုအဖြစ်နှင့် ဟားကြမည်ကို လည်းကောင်း၊ 'မ' တို့က ကြိုတင်သိမြင်ထားပြီ ဖြစ်သည်။)

ထိုစကားသည် မှန်လေစွ။ နောက်လာမည့် ခေတ်အဆက်ဆက်တို့တွင် 'မ' တို့၏ လှုပ်ရှားမှုများကို ဤနည်း ဤဟန်ဖြင့်သာလျှင် 'ကျား' တို့က တုံ့ပြန်ကြသည်က သက်သေခံနေပေသည်။

နယူးယောက် ဟာရယ် New York Herald သတင်းစာခေါင်းကြီးက ဤသို့ဆိုသည်။

> *ဒီမိန်းမတွေက ဘယ်သူတွေများလဲ၊ ဘယ်ကဟာလဲ၊ သူတို့က ဘာလိုချင်တာတဲ့လဲ။*
>
> *အလကားပါ အရုပ်ဆိုးအကျည်းတန် လင်မရနိုင်တဲ့ ဟာမတွေ၊ မ ဝါဒလေး ဘာလေးနဲ့၊ စကားများနေကြတာပါ။*

၁၈၅၆ ခုနှစ်၊ ဆူဆန် အင်တိုနီ Susan Antony အမည်ရှိသော အမျိုးသမီးကြီးက နယူးယောက်မြို့ ဥပဒေပြုအဖွဲ့သို့ မဲပေးနိုင်ခွင့် တောင်းခဲ့သည်။ ထိုအခါ ဥပဒေပြုအဖွဲ့က ဤသို့သော အကြောင်းပြချက်ဖြင့် ပယ်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးများသည် ယာဉ်ရထား၊ စွပ်ဖားများပေါ်တွင် အကောင်းဆုံးနေရာတွေမှာ ထိုင်ခွင့်ရခဲ့သည်။ သူတို့အလိုရှိခဲ့ပါလျှင် ခန်းတွင်းစက်ရာ ကုတင်ထက်မှာ ကြိုက်သည့်ဘက်က လျှောင်းစက်ခွင့်ရှိကြသည်။

မညီမျှမှု၊ ဖိနှိပ်ခံရမှုရှိခဲ့ပါလျှင် 'ကျား'တို့ဘက်ကသာ ရှိချင်ရှိနေဦးမည်။

တိုင်းပြည်၏ ခေါင်းဆောင် ဥပဒေပြုအဖွဲ့က ဤကဲ့သို့ပင် ဆန်ကောလောက်မှ ဖောက်မနက်သည့် စကားများ သုံးခဲ့ကြသည်။

၁၉၁၅ ခုနှစ်၊ နယူးယောက်တိုင်း New York Times သတင်းစာခေါင်းကြီးပိုင်းက ဤသို့ဆိုပြန်သည်။

'မ' တို့ မဲပေးခွင့်ပေးခြင်းသည် နိယာမတရား၌ အခြေအမြစ်တည်ထား ဖွဲ့စည်းထားသော လူသားတို့၏ စိတ်ဓာတ်ရှိသူတိုင်း ရွံရှာမည့်ကိစ္စ ဖြစ်သည်။

လူသားတို့၏ ဆင်ခြင်တုံတရား၊ အသိဉာဏ်နှင့် ဆန့်ကျင်သော အမှုလည်း ဖြစ်သည်။

အတွေ့အကြုံကပေးသည့် ပညာဗဟုသုတနှင့် ဆင်ခြင်တုံတရားတို့ကို ကတ်ဖဲ့ပြုသော ကိစ္စကြီးတစ်ရပ် ဖြစ်သည်။

ယနေ့ တွေ့မြင်နေကြရသော 'မ' တို့၏ လှုပ်ရှားမှုသည် ၁၉၂၀ခုနှစ်၊ မ တို့အား မဲဆန္ဒပေးခွင့်၊ ယှဉ်ပြိုင်ရွေးကောက်ပွဲဝင်နိုင်ခွင့်များပေးပြီး၊ နှစ်ပေါင်း ၅၀ ခန့်ကြာမှ တစ်ဖန် အစပြုခြင်း ဖြစ်သည်။ ထိုလှုပ်ရှားမှု၏ အင်အားစုတို့သည် လူတန်းစားအမျိုးမျိုးတို့မှ ပေါ်လာခဲ့ရသည်။





အသိပညာရှင်၊ အတတ်ပညာရှင် 'မ' ဦးရေမှာ တစ်စတစ်စ တိုးလာခဲ့သည်။ သို့သော် အရည်အချင်းပညာ ရှိ မရှိက အရေးမကြီးဘဲ၊ လက်နှိပ်စက် မြန်မြန်ရိုက်တတ်ဖို့က အရေးကြီးသည်ဟူသော အတွေးအခေါ်နှင့် ရင်ဆိုင်နေရသည်။

ပြည်သူ့အခွင့်အရေးလှုပ်ရှားမှု Civil Rights Movement က ပေးသော အတွေ့အကြုံနှင့် အသိဉာဏ်အတွေးအခေါ်များအရ လူမှန်လျှင် တန်းတူအခွင့်အရေး၊ အခွင့်အလမ်းများရှိရမည် ဟူသော စိတ်ဓာတ်များ နိုးကြားတက်ကြွလာခဲ့လေသည်။

အလုပ်အကိုင်၊ ရာထူးနေရာများကို မိန်းမအလုပ်၊ ယောကျ်ားအလုပ်ဟူ၍ ကန့်သတ်ပိုင်းခြားမထားသင့်ဟု ယူဆလာသည်။ ပြောဆိုလာသည်။

နောက်ဆုံးတွင် 'မ' တို့သည် သူတို့၏ အခြေအနေ၊ အဆင့်အတန်းကို ပြောင်းလဲတိုးမြှင့်ပေးနိုင်သည့် နည်းလမ်းတွေ မြင်တွေ့လာကြသည်။

ကလေးများ စောင့်ရှောက်ထိန်းသိမ်းရေး၊ တန်းတူ အလုပ်ပေးခန့်ထားရေး စနစ်ရှိရေး၊ သားသမီးဦးရေ ကန့်သတ်ခွင့်နှင့် ပတ်သက်သော ဥပဒေများ ကိစ္စအဝဝတို့ကို ဥပဒေပြုအဖွဲ့များမှတစ်ဆင့် ဆောင်ရွက်နိုင်သည်ကို 'မ' တို့ သဘောပေါက်လာကြသည်။ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံရေးလုပ်နည်း လုပ်ဟန်ကို အသုံးချရပေမည်။

'မ' တို့လှုပ်ရှားရေးတွင် 'မ' တို့ စိတ်အားတက်ကြွကြသည်။ ရှေ့အဖို့ ကောင်းလာမည်ဟုလည်း ယုံကြည်ကြသည်။

ကျွန်ုပ်တို့သည် ညီမျှသော အခွင့်အရေး လွတ်လပ်မှုများရမည်ဟု ယုံကြည်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သမိုင်းတစ်လျှောက်တွင် သတ္တိမာန်တလူလူနှင့် လွင့်ခဲ့သော 'မ' တို့၏ အဆက်အနွယ်များဖြစ်သည်ဟု ကျွန်ုပ်တို့ ဂုဏ်ယူကြသည်။

ထောင်သောင်းမကသော 'မ' တို့သည် တဖြည်းဖြည်း သဘော ပေါက်လာသော အချက်တစ်ခု ရှိသည်။

ကိုယ်ယုံကြည်နားလည်သည့်အတိုင်း ပြတ်သားစွာ ပြောဆို လုပ်ကိုင်ခြင်း။

သူတစ်ပါးကို အားမကိုးဘဲ ကိုယ့်ကိုယ်ကိုသာ အားကိုးခြင်း။

ဤသဘောများကို ယောကျ်ားဆန်သည်ဟု ဆိုခြင်းသည် မှားသည်။ ယုံကြည်ချက် ပြတ်သားခြင်း၊ ပြောဆိုလုပ်ကိုင်မှု တိကျခြင်း၊ ကိုယ့်အားကိုယ်ကိုးခြင်းဟူသည် လူတန်းစေ့ အရည်အချင်းများ ဖြစ်သည်။ လူမှန်လျှင်ရှိသင့်သည့် ဂုဏ်အင်္ဂါတစ်ရပ် ဖြစ်သည်။

ဤတွင် 'မ' ဝါဒ ကြေညာစာတမ်းပြီး၏။

●

# အပိုင်း(၂)

www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း(၂)


၁။ အမျိုးသမီးလွတ်လပ်ရေး လှုပ်ရှားမှုသမိုင်းအကျဉ်းချုပ်

၂။ 'လွတ်လပ်ရေး ခုပေး' Liberation Now စာအုပ်မှတင်ပြချက်များ

(က) စာအုပ်၌ပါဝင်သော အခန်းများနှင့် စာအုပ်၏ ကျောဘက်က စာတမ်းများ

(ခ) 'မ'တို့ လှုပ်ရှားမှု အစပြုပုံ နိဒါန်း

၃။ အမျိုးသမီးလွတ်လပ်ရေးလှုပ်ရှားမှု ဘာ့ကြောင့်

(က) လွတ်လပ်ရေး လှုပ်ရှားမှုကာလ

(ခ) ဦးတည်ချက်ပြောင်းပြီး အရင်းအမြစ်ကို ရှာခြင်း

(ဂ) အမျိုးသမီး လှုပ်ရှားမှုများ မီးစာကုန်ဆီခန်း

(ဃ) 'မ'ဆိုသည်မှာ ဈေးပေါပေါရသည့် လုပ်အားတပ်ဖြစ်သည်

(င) စိတ်ဓာတ်စစ်ဆင်ရေးဖြင့် ဖိနှိပ်မှု

(စ) ထိုဆောင်းပါးကို လေ့လာချက်

၄။ 'မ'တို့ အရေးအောင်ခဲ့လျှင် ဘယ်လိုနေမလဲ

(က) အပြောင်းအလဲဟူသည်

(ခ) 'မ' နှင့် 'ကျား' နေရာချင်းလဲဖို့မဟုတ်

(ဂ) ဖားတု ခရုမွက်တာလား

(ဃ) ကျားတို့သည် ဝဋ်လည်မှာ ကြောက်ကြသည်

(င) တာဝန်ခွဲဝေယူကြဖို့

(စ) ဟန်ဆောင်မှုတွေ ကင်းကွာမည်

(ဆ) ထိုဆောင်းပါးကို လေ့လာချက်

၅။ အလုပ်ခွင်တွင် 'ကျား' 'မ' ခွဲခြားမျက်နှာလိုက်မှု

၆။ အခြား ဆောင်းပါးစာတမ်းများ

၇။ မိသားစုရေး၊ အိမ်ထောင်ရေးနှင့် အလုပ်ခွင်အရေး

၈။ လူမျိုးအသွေးအရောင် ခွဲခြားမှု

၉။ နောက်ပိုင်းအခန်းများ


# အမျိုးသမီး လွတ်လပ်ရေး လှုပ်ရှားမှုသမိုင်းအကျဉ်းချုပ်

၁၈၆၉ ခုနှစ်တွင် အင်္ဂလန်ပြည်၊ ဂျွန်စတူးဝပ်မီးလ် John Stuart Mill သည် 'မိန်းမများကို ကျွန်ပြုခြင်း' အမည်နှင့် စာအုပ်တစ်အုပ် ထုတ်ဝေခဲ့သည်။

၁၈၆၅ ခုနှစ်တွင် ဂျွန်ရပ်စကင် John Ruskin သည် 'ဘုရင်မ၏ ဉယျာဉ်တော်' စာတမ်းကို မဂ္ဂဇင်းတွင် ရေးသားခဲ့သည်။

အထက်ပါ စာအုပ်နှစ်အုပ်သည် အမျိုးသမီးလွတ်လပ်ရေး သမိုင်းတွင် ခရီးမှတ်တိုင်အဖြစ်နှင့်လည်း စိတ်ဝင်စားဖွယ်ကောင်းသည်။ ထိုမျှမကသေး ထိုစာအုပ်နှစ်အုပ်တွင်ပါရှိသော အတွေးအခေါ်များမှာ တစ်ဖက်ဆီ မျက်နှာမူလျက် ဆန့်ကျင်ကွာခြားနေပုံမှာလည်း အံ့သြဖွယ်ကောင်းသည်။

ထိုစာအုပ်နှစ်အုပ်တွင်ပါရှိသော အတွေးအခေါ်၊ အချက်အလက်များကို မလေ့လာမီ ထိုစာအုပ်များ ထွက်ပေါ်လာသည့် တိုင်းပြည်သမိုင်းနောက်ခံကို အကျဉ်းအားဖြင့် လေ့လာမည်ဆိုလျှင် ဤသို့တွေ့ရသည်။

၁၈၃၇ ခုနှစ်၊ ဝိတိုရိယဘုရင်မ နန်းတက်သည်။

၁၈၄၇ ခုနှစ်၊ အိန္ဒိယပြည် စစ်တပ်များ ပုန်ကန်သည်။

ရွှန်းမှင့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



၁၈၃၈ ခုနှစ်၊ ဗြိတိသျှတို့ အိန္ဒိယပြည် ပြန်လည်အုပ်ချုပ်စိုးမိုးသည်။

၁၈၆၇ ခုနှစ်၊ ပါလီမန် ဒုတိယ ပြုပြင်ရေးဥပဒေအတည်ပြုရာ မဲပေးနိုင်ခွင့်ကို လက်လုပ်လက်စား အလုပ်သမားများအထိ ခံစားနိုင်ကြသည်။ ဒီမိုကရေစီ၏ လက်ဦးခြေလှမ်းဟု သမိုင်းဆရာတို့က ဆိုသည်။

၁၈၇၀ ခုနှစ်၊ အိုင်ယာလန်ပြည် ဟုမ်းရူးရရှိရေးအတွက် ဆူပူလှုပ်ရှားမှုများ စတင်ပေါ်လာသည်။

အဆိုပါ စာအုပ်နှစ်အုပ် ထွက်လာသည့် နှစ်များတွင် တိုင်းရေးပြည်ရေး အခြေအနေကို ရိပ်စားမိနိုင်သည်။ ဗြိတိသျှ အင်ပါယာကြီး ဘုန်းကြီးစအချိန် ဖြစ်သည်။ စက်မှု၊ လက်မှု ထွန်းကားစပြုချိန်နှင့် စီးပွားရေး၊ နိုင်ငံရေး အတွေးအခေါ်သစ်များ ပွင့်သစ်စပြုချိန်ဟု ဆိုရပေမည်။

အမျိုးသမီးများ၏ အခြေအနေနှင့် ပတ်သက်၍ စာအုပ်စာတမ်းများ ထိုအချိန် မတိုင်မီက ပေါ်ခဲ့ဖူးသေးသည်။

၁၇၉၂ ခုနှစ်တွင် မေရီ ဝူးစတုံးခရပ်သည် 'အမျိုးသမီးများ၏ အခွင့်အရေး' ဟူသော အမည်ဖြင့် စာအုပ်တစ်အုပ်ရေးခဲ့သည်။ ထိုအမျိုးသမီးမှာ ထိုခေတ်က စာဆိုကျော် ကဗျာဆရာရှယ်လီ Shelley ၏ယောက္ခမ ဖြစ်သည်။ သူ့သမီး(ရှယ်လီ၏ဇနီး) မှာ ယခုထိ ရုပ်ရှင်အခါခါ ထပ်ရိုက်ကူးနေသော သိပ္ပံဝတ္ထုတစ်ပုဒ်ဖြစ်သော ဖရန်ကင်စတိန် Frankenstein ဝတ္ထုရေးသူ ဖြစ်သည်။ သို့ဖြစ်၍ ဂျွန်စတူးဝပ်မီးလ်၏ 'မိန်းမများကို ကျွန်ပြုခြင်း' စာအုပ်သည် မေရီဝူးစတုံး၏ 'အမျိုးသမီးများ၏ အခွင့်အရေး' စာအုပ်နောက် နှစ်ပေါင်း ခုနှစ်ဆယ်ကျော်မျှ နောက်ကျထွက်ပါသည်။





တစ်ဖန် မေရီဝူစတုံးခရပ်၏ စာအုပ်ထွက်သည့်နှစ် ၁၇၉၂ ခုနှစ်သည် ပြင်သစ်တော်လှန်ရေး ၁၇၈၉ ခုနှစ်နှင့် သုံးနှစ်သာ ကွာသည်ကို သတိမူဖွယ်ဖြစ်သည်။

ထိုသမိုင်းဖြစ်ရပ်များကို အခြေပြု၍ ၁၈၆၅ ခုနှစ် ထွက်သော ရပ်စကင်၏ စာအုပ်နှင့် ၁၈၆၉ ခုနှစ် ထွက်သော ဂျွန်စတူးဝပ်မီးလ်၏ စာအုပ်နှစ်အုပ်ကို လေ့လာကြရာတွင် ထိုစာအုပ်များမထွက်မီ မကြာသေးမီကဖြစ်ခဲ့သော ပြင်သစ်တော်လှန်ရေးကိုလည်းကောင်း၊ မေရီဝူစတုံး၏ 'အမျိုးသမီးများ၏ အခွင့်အရေး' စာတမ်းကိုလည်းကောင်း အခြေပြုရမည်။

ထိုစာအုပ်နှစ်အုပ် ထွက်လာသောအချိန်တွင် ဒီမိုကရေစီ ဆီသို့ ခြေလှမ်းပြင်နေသော ပါလီမန်ဥပဒေများနှင့် ဗြိတိသျှအင်ပါယာနယ်ချဲ့တန်ခိုးအာဏာများ ဖွံ့ဖြိုးစပြုနေသည်ကိုလည်း ထည့်သွင်းစဉ်းစားရမည်။

စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးတို့သည် စက်မှုလက်မှု ထွန်းကားလာသည်နှင့် အညီ ပြောင်းလဲလာကြသော အဖြစ်ကိုလည်း သတိမူရပေမည်။

ယင်းသို့တပြီးကား ထိုစာအုပ်နှစ်အုပ်တွင် ဘာတွေများ ရေးသား၍ ဘယ်လိုအတွေးအခေါ်များ တင်ပြထားသည်ကို ကြည့်ကြဦးစို့။

(ထိုစာအုပ်နှစ်အုပ်တွင် ပါရှိသော အတွေးအခေါ်များမှာ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သဖြင့် အတူယှဉ်၍ ဖတ်ရှုသင့်ပေသည်။)



www.burmeseclassic.com

www.burmeseclassic.com



John Ruskin
Queen's Garden
(1865)
ဂျွန်ရပ်စကင် ရေးသော
'ဘုရင်မ၏ဥယျာဉ်တော်'
(၁၈၆၅ - ခုနှစ်)

ဉာဏ်ပညာ အမြော်အမြင် ရှိသော အမျိုးသမီးများ၌ ဘုရင်မတစ်ဆူသဖွယ် အုပ်စိုးနိုင်သည့်နယ်ပယ် ရှိပေသည်။

အမျိုးသမီးများသည် မိမိတို့၏ နှစ်လိုဖွယ်ရာ၊ ရှုပကာ အမှုအရာများ၏ တန်ခိုးဖြင့် စိုးမိုးနိုင်ပေသည်။ ထိုနယ်ပယ်များကို 'ဘုရင်မ၏ ဥယျာဉ်တော်' ဟု ခေါ်လိုသည်။

John Stuart Mill
Subjugation of Women
(1869)
ဂျွန်စတူးဝပ်မီးလ်ရေးသော
'မိန်းမတို့ကို ကျွန်ပြုခြင်း'
(၁၈၆၉ - ခုနှစ်)

လူမှုရေးအရ 'ကျား' နှင့် 'မ'တို့ကို သီးခြားနယ်ပယ် သန့်ပေးခြင်းသည် ဥပဒေအရ 'မ'တို့အား 'ကျား'တို့၏ လက်အောက်ခံဘဝသို့ ပို့ပေးခြင်းပင် ဖြစ်သည်။ ဤအတွေးအခေါ်ကို ဖျက်သိမ်းရမည်။ ထိုစနစ်အစား တန်းတူညီမျှသောအဆင့်နှင့် အခွင့်အရေး ရှိစေခြင်း၊ မည်သည့်ဖက်မှာမှ အခွင့်အရေးထူး သြဇာအာဏာများ ပိုမိုလွန်ကဲမရစေခြင်း၊ တစ်ဖက်သားကို ချိုးနှိမ်အညွန့်တုံးစေသော ထုံးတမ်းများမရှိစေရခြင်းဟူသော အတွေးအခေါ်များနှင့် အစားထိုးရမည်။

'ကျား' နှင့် 'မ' တို့သည် တစ်ဦးနှင့် တစ်ဦး မတူကြချေ။ တစ်ဦး၌လိုအပ်သည်ကို တစ်ဦးက ဖြည့်စွမ်းပေးခြင်းဖြင့်သာ အောင်မြင်ခြင်း၊ ချမ်းသာခြင်းတို့ကို ရရှိနိုင်ကြလိမ့်မည်။ 'ကျား'နှင့် 'မ'တို့ ခြားနားချက်များ ဤသို့ရှိကြသည်။

'ကျား'တို့၏ အင်အားသည် အောဥပဒ်တို့မှ အကာအကွယ်လည်း ဖြစ်သည်။ ရှေ့သို့တိုးတက်မှုအတွက် တွန်းထိုးအားယူဆောင်ရွက်ရမည်။ 'ကျား'သည် လက်တွေ့

အပေါ်စီးရပြီးဖြစ်သော လူတန်းစားတို့သည် သူတို့၏ အခွင့်အရေးတွေကို သဘာဝက ပေးထားသည်ဟု ယူဆတတ်ကြသည်။ သူတို့က တင်စီးရ စိုးမိုးရသည်မှာ သဘာဝကျသည်ဟု လက်ခံထားတတ်ကြသည်။ လူတန်းစားတစ်ခုက အခြားလူတန်းစားတစ်ခုကို တင်စီးစိုးမိုးရသည်မှာ သဘာဝကျသည်ဟူသော အယူအဆသည် ချိုးကပ်စွဲနေလိုက်ပုံကို ကြည့်ပါ။

'သဘာဝမကျ' ဟူသော စကား





အလုပ်လုပ်ရမည့်သူ ဖြစ်သည်။ အစစအရာရာကို ဖြစ်မြောက်အောင် ဖန်တီးရမည်။ မတွေ့သေးသည်ကို တွေ့အောင်ရှာရမည်။ ရင်ကို မြေကတုတ်ပြု၍ အကာအကွယ်ပေးသူ ဖြစ်ရမည်။ 'ကျား' တို့ဉာဏ်ပညာစွမ်းအားသည် မျှော်တွေးဆင်ခြင်ဖို့ သုံးရမည်။ တီထွင်ကြံဆရမည်။ သူ၏လက်ရုံးအင်အားကို စွန့်စားမှုအတွက် သုံးရမည်။ စစ်တိုက်ရမည်။ အောင်ပွဲယူနိုင်ရမည်။

သို့သော် 'မ' တို့၏ တန်ခိုးအင်အားသည်ကား တိုက်ပွဲဝင်ရန်မဟုတ်ချေ။ စိုးမိုးအုပ်ချုပ်ရန်အတွက် ဖြစ်သည်။ 'မ'တို့၏ အသိဉာဏ်ကို တီထွင်ဖန်တီးဖို့အတွက် အသုံးပြုရန် မဟုတ်ချေ။ ချိုသာသော နှုတ်ခွန်းဖြင့် သြဇာအမိန့်ပေးဖို့ စီမံခန့်ခွဲဖို့နှင့် အဆုံးအဖြတ်ပေးဖို့အတွက် ဖြစ်သည်။

'မ' တို့၏ လုပ်ငန်းခွင်နေရာသည် ဘေးရန်တို့မှ ကင်းသည်။ တစ်ပါးသူတို့၏ ဖျက်ဆီးသွေးဆောင်မှုများမှလည်း အကာအကွယ်ရှိပြီး ဖြစ်သည်။

'ကျား' တို့မှာမူ လောကကြီး ဟင်းလင်းပြင်ထဲသို့ထွက်၍ စွန့်စားကြရသဖြင့် ဘေးရန်များကို ရင်ဆိုင်ကြရသည်။ ရှုံးနိမ့်စရာရှိလျှင်လည်း ခံကြရသည်။ မှားစရာရှိလျှင်လည်း မှားကြသည်။

'ကျား' တို့မှာ လောကဓံ၏ ဒဏ်ရာဒဏ်ချက်တွေ ခံကြရသည်။ ရှုံးနိမ့်မှုနှင့် လမ်းမှားလိုက်မှုတွေနှင့် တိုးတတ်ကြရ

အသုံးအနှုန်းသည် 'ထုံးစံမဟုတ်' ဟူသော အဓိပ္ပာယ်နှင့် ညီတူနေသည်။ လုပ်ရိုးလုပ်စဉ်ဟူသမျှတို့ကို 'သဘာဝကျသည်'ဟု ထင်ကြသည်။

'မ' တို့သည် 'ကျား' တို့၏ အလုပ်အကျွေးကျွန်ခံနေသည့် အစဉ်အလာမှာ လောကတဲ့ထွာဟု လက်ခံနေကြသည်။

ထိုလမ်းကြောင်းမှ အနည်းငယ်လေး သွေဖည်လွဲကာ တွေးခေါ်ပြောဆိုလျှင် 'သဘာဝမကျ' ဟု ထင်မြင်တတ်ကြသည်။

လူသား၏ စိတ်နေစိတ်ထားတည်ဆောက်ပုံနှင့် အကျိုးအကြောင်းဆက်စပ်စဉ်းစားနိုင်သည့်ခိုက်ကို အခြေပြုပြီး တွေးဆကြည့်ဖို့ လိုသည်။

ဤသို့ တွေးဆကြည့်လိုက်သော အခါ ကျွန်ုပ်သည် လုံးဝ လက်မခံနိုင်သော အချက်တစ်ခု ပေါ်လာသည်။ ထိုအချက်ကား ဤသို့တည်း။

'ကျား' နှင့် 'မ' တို့၏ သဘာဝကို လေ့လာရာတွင် သီးခြားခြင်း မရှိဘဲ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်မှုပေါ်တွင် အခြေခံပြီး လေ့လာနေကြ၍ 'မ'၏ သဘာဝသော်လည်းကောင်း၊ 'ကျား' ၏ သဘာဝသော်လည်းကောင်း အစစ်အမှန်ကို မြင်နိုင်ကြမည် မဟုတ်သည်သာတည်း။

'မ' တို့ သဘာဝဆိုသည်မှာ သဘာဝအစစ်မဟုတ်ဘဲ တမင်ဖန်တီးပြုပြင်ထားသည့် အခြေအနေတစ်ရပ်သာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့ဖြစ်၍ 'ကျား' တို့သည် ကြံကြံဖန်ဖန် အောင် မာကျောလာကြရသည်။

'မ' တို့၏ စိတ်ဓာတ်အင်အား၊ ဉာဏ်ပညာစွမ်းအင်အားတို့ကို တစ်စုံတစ်ခုသော လမ်းကြောင်းသို့ မသွားနိုင်အောင် ပိတ်ပင်ချုပ်ချယ်ထားသည်။ ဤသို့ ဖန်တီးထားခြင်းကြောင့် ဖြစ်လာရသည်ကိုပင် 'သဘာဝ' ဟု ခေါ်နေကြခြင်းဖြစ်သည်။

လူ့လောကတွင် လူတန်းစားတစ်ခုပေါ်တွင် မှီခိုနေရသော လူစုတွေရှိကြသည်။ ထိုလူစုတို့သည် သူတို့ မှီခိုနေရသော အရှင်သခင်များနှင့် ဆက်ဆံယှဉ်တွဲနေသော ဘဝက ပုံသွင်းပေးခံရသဖြင့် သူတို့၏ အသိဉာဏ်အတွေးအခေါ်များမှာ ရစရာမရှိအောင် ကောက်ကွေးပုံပန်းပျက်ခဲ့ရသည်။

'မ' တို့ကို သင်ကြားပေးရာတွင် သူတို့၏ အလုပ်တာဝန်တွေ၊ ဘာတွေဖြစ်သည် ဟူသော အချက်ကို ဆုံးဖြတ်ပြီးမှသာ ဘယ်လို ပညာမျိုးတွေ ပေးသင့်သည်ဟု ဆုံးဖြတ်နိုင်မည်။ ယေဘုယျအားဖြင့် 'မ' တို့သည် 'ကျား' တို့ကို ပြုစုလုပ်ကျွေးတတ်ဖို့၊ မိသားစုကို သိမ်မွေ့စွာ ဦးဆောင်နိုင်ဖို့၊ လင်သားသမီးများအပေါ်တွင် လိမ်မာပါးနပ်စွာ လမ်းညွှန်ပေးတတ်ဖို့ ဤအတတ်တွေ သိနားလည်အောင် ပညာပေးဖို့ လိုအပ်သည်။

'မ' တို့သည် ပညာသင်ယူကြရာတွင် သူတို့ကိုယ်သူတို့ ကောင်းစားရေး

'မ'တို့သည် 'ကျား'တို့နှင့် စိတ်နေစိတ်ထား မတူ၊ ကွဲပြားခြားနားသည်ဟု ဆိုရိုးရှိသည်။ သည်အဖြစ်မှာ သဘာဝအတိုင်းဖြစ်ရသည် မဟုတ်ဘဲ ပညာပေးနည်းစနစ်နှင့် ပတ်ဝန်းကျင်အခြေအနေက ဖန်တီးထားသည့် ဖြစ်ရပ်တစ်ခုသာ ဖြစ်သည်။

ပညာပေးရာတွင် အဆောင်အယောင်ဇန်းပြလှရုံ အပေါ်ယံသာ မဟုတ်ဘဲ၊ အသိပညာရအောင် ဖြစ်သင့်သည်။

'မ'တို့ကို ဝိဇ္ဇာပညာ၊ သိပ္ပံပညာ အရပ်ရပ်တို့တွင် သူတို့ ပါရမီရှိသလို သင်ယူစေခွင့်ပေးသင့်သည်။

'မ' ဆိုသော လူတန်းစားတို့သည်





အတွက်မဟုတ်ဘဲ ကိုယ်ကျိုးမငဲ့ကွက်ဘဲ လင်သားမိသားစုအတွက် လုပ်ကျွေးနိုင်ရန်သာလျှင် ဖြစ်သင့်သည်။

'ကျား' တို့သည် ဘာသာစကား၊ သိပ္ပံပညာအစရှိသည်တို့ကို ကုန်စင်အောင် သိရမည်။ 'မ' တို့သည်လည်း ထိုပညာရပ်များကို တတ်သိနားလည်ဖို့ လိုပေသည်။ သို့သော် မိမိတို့၏ လင်ယောကျ်ားနှင့် အပေါင်းအဖော်များတို့၏ အတွေးအခေါ် အမြော်အမြင်၊ မွေ့လျော်မှုကို ရိပ်စားမိရုံ တော်လောက်လေပြီ။

(အဓိပ္ပာယ်မှာ ယောကျ်ားတို့၏ မွေ့လျော်ရာ၊ ဉာဏ်ကျက်စားရာ၊ ပညာနယ်ပယ်ကြီး၏ ခမ်းနားကြီးကျယ်ပုံ အံ့ဩဖွယ် ရှိလေစွဟု အထင်ကြီးတတ်ရန် သိနားလည်ရမည်။ ယောကျ်ားများနည်းတူ ရင်ဘောင်တန်းနိုင်ဖို့ ပညာလိုလားရမည် မဟုတ်ဟု ဆိုလိုသည်။)

ယောကျ်ားရင့်မကြီးတွေပင် သိနားလည်ဖို့ ခက်ခဲလှသည့် ပညာရပ်တွေ ရှိသည်။ ယောကျ်ားတွေပင် အသိဉာဏ် မမှီ၍ မှားကြသေးသည်။ သည်လိုပညာရပ်နယ်ပယ်တွေကို 'မ'တို့ ဝင်စားတိုးဝင်ခြင်းမှာ လုံးဝမထိုက်ချေ။

'ကျား' တို့၏ အာဏာစက်အောက်၌ အစုလိုက်အပြုံလိုက်မတော်လှန်နိုင်အောင် လူမှုရေးစနစ်နှင့် သဘာဝအခြေအနေတို့က ပူးပေါင်းနှိပ်ကွပ်ထားကြသည်။ 'မ' လူတန်းစားတို့သည် အခြားအဖိနှိပ်ခံ လူတန်းစားများနှင့် မတူ၊ ထူးထူးခြားခြား အချက်တစ်ရပ် ရှိနေသည်။ ထိုထူးခြားချက်မှာ အခြားမဟုတ်၊ 'မ' တို့၏ အရှင်သခင် 'ကျား' လူတန်းစားတို့သည် အခြားသော အပေါ်စီး လူတန်းစားများကဲ့သို့ သူတို့ကို ကျွန်ခစား လုပ်ကျွေးရုံလောက်နှင့် မကျေနပ်လိုက်ကြသေးချေ။ သူတို့၏ အမိန့်အာဏာကို လိုက်နာဝပ်ပြားနေရုံလောက်သာမက ဘဲ 'မ' တို့၏ နှလုံးသားတွင်းမှလာသော စိတ်စေတနာကိုပါ ရလိုက်ချင်သေးသည်။ များသောအားဖြင့် 'ကျား' တို့သည် 'မ' တို့ကို အတင်းအကျပ် ကျွန်အဖြစ် ခံယူစေသည့်အဖြစ်ကို အလိုမရှိကြချေ။ 'မ' တို့ကိုယ်တိုင်ကပင် ကျွန်ပြုခံချင်လှပါသည် ဟူသော အဖြစ်ကိုမှ လိုချင်ကြသည်။

'မ'တို့ကို ကျွန်အဖြစ်သက်သက်ချည်း မဟုတ်ဘဲ သူတို့၏ အချစ်တော်၏ အဖြစ်ကို အလိုရှိကြသည်။ အခြားသော အရှင်သခင် လူတန်းစားတို့သည် သူတို့၏ ကျွန်များက သူတို့ကိုကြောက်ရွံ့နေစေသည်။ ကြောက်နေအောင် လုပ်ထားကြသည်။ သူတို့ခိုင်းစေရာကို လုပ်အောင် အကြောက်တရားနှင့် စိုးမိုးထားသည်။ 'မ' တို့၏ အရှင်သခင် 'ကျား' တို့သည်ကား ဒါလောက်နှင့် မကျေနပ်ကြဘဲ ပညာပေးစနစ်ဖြင့် 'မ' တို့ကို သူတို့အလိုကျ ပုံသွင်းကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'အိမ်ဂေဟာ' ဟူသည် ငြိမ်းချမ်းခြင်း၏ တည်ရာ ဖြစ်သည်။ အပလောကမှ ထိခိုက်နာကျင်မှုတို့၏ သက်သာရာလည်း ဖြစ်၏။ တွေးတောဒွိဟကြဲနှစ်ခွဖြင့် ပန်းဟိုက်သော စိတ်နှလုံး၏ ဖြေသိမ့်ရာလည်း ဖြစ်၏။ စိတ်ဝမ်းကွဲပြားခြားနားမှုတို့ကို ချေစပ်ချမ်းသာစေသော နေရာလည်း ဖြစ်၏။

သည်လို အမှုတွေနှင့် မပြည့်စုံသရွေ့ 'အိမ်ဂေဟာ'ဟူ၍ မခေါ်အပ်ပေ။

တော်မှန်ဖြင့်မြတ်သော ဇနီးကောင်းတို့ သွားလေရာဝယ် အဆိုပါ ဂုဏ်အင်္ဂါများ အမြဲပါလျက် ရှိသည်။ သူသွားလေရာဝယ် အိမ်'ဟု မည်သည်တည်း။

'အိမ်ဂေဟာ' သည် 'အိမ်ကျွန်' စနစ်၏ ဝဟိုအချက်အခြာ ဖြစ်သည်။ 'မ' တို့သည် အိမ်ထောင်ကျသည်နှင့် ငွေဝယ်ကျွန် ဖြစ်ကုန်ကြတော့သည်။ အထူးသဖြင့် လူဆင်းရဲ အတန်းအစားများတွင် အခြေအနေသာ၍ပင် ဆိုးသေးသည်။ ကိုယ့်ကို သူတစ်ပါးက ခေါင်းပုံဖြတ် နှိပ်စက်ခံထားရသော လူဆင်းရဲသား လူတန်းစား 'ကျား' တို့သည် သူတို့က အနိုင်ကျင့်လို့ရမည့်သူ လိုက်ရှာသောအခါ သူတို့၏ မယားများသာ တွေ့ရှိကြသည်။

ဥပဒေအရ သူတို့ကိုယ်ပိုင်ပစ္စည်း ဖြစ်နေသော မယားတို့ကို သူတို့ ထင်သလို နိုင်ကြလေတော့သည်။

'မ' တို့ လွတ်လွတ်ကျွတ်ကျွတ်ကြီး လွတ်မြောက်မှ ဖြစ်တော့မည်။ သို့မှသာ လူဦးရေတစ်ဝက်ကျော် အရေအတွက်ဝင်သူများ စိတ်ချမ်းသာမှု ရရှိနိုင်လိမ့်မည်။

သို့မှသာလျှင် 'ကျား' ရော 'မ' အပါအဝင် လူ့လောကကြီး သာယာနိုင်လိမ့်မည်။

# အမျိုးသမီးလွတ်လပ်ရေးလှုပ်ရှားမှု

## Women's Lib

ယခုခေတ် Women's Lib အမျိုးသမီးလွတ်လပ်ရေး လှုပ်ရှားမှုဟု သတင်းစာ၊ ဂျာနယ်များတွင် မကြာမကြာတွေ့ရသည့် ကိစ္စမှာ အမေရိကန်ပြည် ပြည်သူ့အခွင့်အရေးလှုပ်ရှားမှုကိစ္စကြီးမှ ပေါက်ဖွားလာခဲ့သည်။

ထိုကိစ္စနှင့် ပတ်သက်၍ အများအားဖြင့် ပြက်ရယ်ခြင်း၊ ပုံပျက်ပန်းပျက်ဖြစ်အောင် မဟုတ်မတရား ပြောကြားခြင်း၊ အထင်အမြင်မှားအောင် ကိုယ်လိုရာဆွဲယူ၍ တစ်ဖက်သတ် တင်ပြကြခြင်း အစရှိသော တန်ပြန်မှုများ ပေါ်ခဲ့သည်။

သို့ဖြစ်ရာ ၁၉၇၁ ခုနှစ်က နယူးယောက်မြို့တော် ဒယ်လ်ထုတ်ဝေရေး ကုမ္ပဏီ Dell Publishing Co., မှ 'လွတ်လပ်ရေးခုပေး' Liberation Now ဟူသော စာအုပ်တစ်ခု ထွက်လာခဲ့သည်။

ထိုစာအုပ်မှာ အမျိုးသမီးလွတ်လပ်ရေး လှုပ်ရှားမှုစသည့် အချိန်ကစ၍ ရေးသားချက်၊ ဟောပြောချက်များကို ရွေးချယ်ပုံနှိပ်ထားခြင်း ဖြစ်သည်။

ငွန်မွှင့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ထူးခြားသည့်အချက်မှာ ပါဝင်ရေးသားသူများသည် နာမည်ကြီး စာရေးဆရာမကြီးများမဟုတ်ကြဘဲ အများအားဖြင့် ရိုးရိုးတန်းတန်း စာရေးစာချီ၊ အိမ်ရှင်မ အစရှိသော လူလတ်တန်းစား သာမန်အမျိုးသမီးများ ဖြစ်ကြသည်။

ထိုစာတမ်းများသည်

(၁) အမျိုးသမီးလွတ်လပ်ရေးရှားမှု ဘာ့ကြောင့် ဖြစ်လာရသနည်း။

(၂) အလုပ်ရာထူးပေးရေးဆိုင်ရာ ဖိနှိပ်၊ ချုပ်ချယ်၊ ဟန့်တားမှုများ။

(၃) မိသားစု အိမ်ဂေဟာ အတွင်းနှင့် အပြင်လောက။

(၄) အမျိုးဇာတ်၊ အဆင့်အတန်းနှင့် မျိုးရိုး။

(၅) အမျိုးသမီးတို့၏ ယဉ်ကျေးမှုအားဖြင့် လူတလုံးသူတလုံးအဖြစ် ရရှိရေး။

(၆) ကိုယ်ခန္ဓာနှင့် ပတ်သက်သော ကိစ္စများ၊ သားသမီးဦးရေ ကန့်သတ်မှုအစရှိသော ကိစ္စများ။

(၇) တော်လှန်ရေး ညီအစ်မများ။

ဤသို့ အခန်း ၇ ခန်း ခွဲထားသည်။ ထိုအခန်းများ၌ ပါရှိသော အကြောင်းအရာများအကြောင်း မပြောမီ ထိုစာအုပ်၏ ကျောဘက်တွင် စာအုပ်ထဲ၌ ဘာတွေပါသည်ကို ကြော်ငြာသဘောနှင့် 'အမြည်း' ပြထားချက်များကို ဘာသာပြန်ပြလိုက်ပါသည်။

### အမေရိကန်လူမျိုးတို့ တန်ဖိုးထားပုံ

ကျွန်ုပ်တို့သည် 'ဗုဂ်' Vogue မဂ္ဂဇင်းထဲက မိန်းမတွေကြည့်ပြီး ချီးမွမ်းအားကျမနေသင့်ပေ။





အခြားသော 'မ' တွေမှာ ဖိနပ်မှ ဝယ်မစီးနိုင်သည့် အချိန်တွင် သားမွေးအင်္ကျီတွေ ဝတ်နေနိုင်သော 'မ' တို့သည် အရုပ်ဆိုးကြသည်မှာ အမှန်ဧကန်ဖြစ်သည်။

တစ်အောင်စလျှင် ဒေါ်လာ ၂၀ မျှတန်သော မျက်နှာချေ အရောင်တင်လိမ်းထားသော်လည်း ထိုအရုပ်ဆိုးမှုကို မဖုံးနိုင်ကြချေ။

### မိသားစု

အမျိုးသမီးလွတ်လပ်ရေး လှုပ်ရှားမှုသည် အိမ်ထောင်မိသားစု အဖွဲ့အစည်းကို ဖျက်ဆီးဖို့ ကြိုးစားနေသည် မဟုတ်ချေ။ ယခု လက်ရှိတွေ့မြင်နေရသော လင်ကွာမယားကွာကိစ္စ၊ အိုမင်း မစွမ်းသူများကို တော်ရာသို့ ပစ်ပစ်ခါခါပို့နေကြရသည့် ကိစ္စတွေကြည့်လျှင် အိမ်ထောင်မိသားစုအဖွဲ့အစည်းမှာ ပျက်စီးပြီးသားဖြစ်နေသည်ကို တွေ့ရလိမ့်မည်။

လွတ်လပ်သော အမျိုးသမီးတို့သည် ယခုဖြစ်ပျက် တွေ့ကြုံရင်ဆိုင်နေရသည့် ဘေးဒုက္ခများကို သိနားလည်လာအောင် ညွှန်ပြပေးဖို့ ကြိုးစားနေခြင်းဖြစ်သည်။ တတ်နိုင်လျှင် လူသားစိတ် အကြင်နာတရားလက်ကိုင်ထားသည့် အတွေးအခေါ်များ ပေါ်ထွက်လာအောင်၊ ထို့နောက် ယခုအဖြစ်အပျက်သည် ကိစ္စအဝဝကို ဘယ်နည်းဘယ်ပုံ ပြုပြင်လျှင် ကောင်းမည်နည်းဟူသော အဖြေ ထွက်လာအောင် ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



နေခြင်း ဖြစ်သည်။ လူမှုရေးအပျက်အစီး အမှိုက်ပုံထဲက အဖတ်ဆည်၍ ပြန်လည်တည်ဆောက်ကြဖို့ ကြိုးစားခြင်း ဖြစ်သည်။

### အိမ်တွင်းမှုအလုပ်

'မ' တို့တစ်တွေ အိမ်တွင် လုပ်ရသည့် အလုပ်တန်ဖိုးသည် စီးပွားရေးအမြင်ဖြင့် ဘယ်ရွေ့ဘယ်မျှ ရှိစေကာမူ 'မ' တို့မှာ တစ်ပြားတစ်ချပ်မှ မရခဲ့ချေ။

'မ' တို့သည် အလုပ်ကို အများဆုံးလုပ်ရရာ၊ အနည်းဆုံး ငွေကြေးရသည်။ ငွေအများကြီးရရှိသော 'မ' တို့သည် အနည်းဆုံး အလုပ်လုပ်ကြသည်။

### အသိတရားရှိရေး

ဤလှုပ်ရှားမှုကြီး၏ အသက်သွေးခဲသည် 'မ'တို့၏ အသိတရားပင် ဖြစ်သည်။

ထိုအသိတရားကို အပြောအဆို အရေးအသားတို့ဖြင့် ဖွင့်လှစ် ထုတ်ဖော်နိုင်သည်ဖြစ်စေ၊ သို့တည်းမဟုတ် ကျိတ်ခဲ၍ သည်းခံကာ စိတ္တဇဝေဒနာကြီးတစ်ခု ဖြစ်နေသည် ဖြစ်စေ၊ ထိုအသိတရားကား ရှိရပေမည်။

ထိုအသိတရားကား အဘယ်နည်း၊ ဤသို့တည်း။

ငါတို့ 'မ' များသည် ယုတ်ညံ့သော အတန်းအစား သတ္တဝါများ မဟုတ်ကြချေ။





ငါတို့သည် အပျော်ဇိမ်ပစ္စည်း၊ ခြေတော်တင်ကျွန်မတို့၏ ကစားစရာ၊ သားဖောက်စရာများ၊ နလပိန်းတုံးများ၊ အယုတ်မများ၊ ပြည့်တန်ဆာများ မဟုတ်ချေ။

ထိုအသိ ရှိရမည်သာတည်း။

### အသိပညာရှင်၊ အတတ်ပညာရှင် အလုပ်ခွင်ဝင်သော 'မ'များ

လုပ်ခွင်များသို့ ဝင်ရောက်လုပ်ကိုင်ကြသည့် အသိပညာရှင်၊ အတတ်ပညာရှင် အမျိုးသမီးများသည် တက်တက်ကြွကြွနှင့် ကိုယ့်အရည်အချင်းကို အစွမ်းပြလုပ်ကိုင်ကြလျှင် သူတို့အား 'ယောကျ်ားတွေကို သင်းကွပ်ပစ်ချင်တဲ့ အာပေါင်ကျယ် ခွေးမတွေ' ဟု ဆိုပြီး ဝိုင်းပယ်ကြသည်။ အလုပ်ခွင်မှာ လက်မခံချင်ကြချေ။

အေးအေးဆေးဆေးလေးနေပြီး ကြောင်လက်သည်း ဝှက်နေသော 'မ'များကိုကား 'အလကားပါ၊ ဘာမှ တက်တက်ကြွကြွ မရှိဘူး'ဟု ဆို၍ အလုပ်ခွင်နှင့် မတန်ဟု သမုတ်ကြသည်။

စာအုပ်ကို မဖတ်မီ ကျောဘက်က 'အမြည်း' ဖတ်ရရုံနှင့်ပင် ရဲရဲဝံ့ဝံ့၊ ပြတ်ပြတ်သားသား ရေးထားကြသည်ကို မှန်းဆကြည့်နိုင်သည်။

ထိုစာအုပ်တွင်ပါသော အချက်များမှာ အမေရိကန်ပြည်တွင် ဖြစ်ပျက်သော လူဖြူလူမဲအရေး၊ ပြည်သူ့အခွင့်အရေး လှုပ်ရှားမှုများပေါ်တွင် အခြေတည်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ မြန်မာအမျိုးသမီးတွေ သိကောင်းစရာနှင့် စဉ်းစားစရာ၊ နှိုင်းယှဉ်စရာတွေ ပါရှိသည်။ သူတို့၏ အတွေ့အကြုံများကို သိရသဖြင့် မိမိတို့ မြန်မာအမျိုးသမီးများ၏ အခြေအနေကို ပြန်၍ သိရှိနားလည်နိုင်ပေမည်။

## နိဒါန်း

နိဒါန်းတွင် လူ့သမိုင်းရေးနည်း၊ ရေးဟန် မှတ်တမ်းတင်ပုံကို ဝေဖန်ထားသည်။

သမိုင်း ဆိုသည်မှာ ဘယ်သူတွေ၏အကြောင်း
နည်း။

'ကျား' တို့၏အကြောင်း သက်သက်ဖြစ်သည်
မဟုတ်ပါလား။

'မ'တို့သည် လူ့သမိုင်းတွင် ဘယ်နေရာ၊
ဘယ်ကဏ္ဍက ထားရှိပါသနည်း။

သမိုင်း၏ခြေရင်း အစွန်းနားဆီက မှတ်စု
ကလေးတွေအဖြစ် ပါတတ်ပါသည်။ ထင်ရှား
ကျော်စောသော ပုဂ္ဂိုလ်ကြီးများ၏ ဇနီး၊ သို့မဟုတ်
အပျော်မယားအဖြစ် သမိုင်းစဉ်ထဲ ဝင်လာတတ်
သည်။

အမျိုးသမီးလွတ်လပ်ရေးကိစ္စသည် နိုင်ငံရေးကိစ္စ ဖြစ်သည်။ နိုင်ငံရေးအတွေးအခေါ်အားဖြင့် 'သမိုင်းကို ပြန်လည်သရုပ်ဖော်ရမည်'ဟူသော ပန်းတိုင်ဆီသို့ လက်ညှိုး ညွှန်နေသည်။





ထိုနိဒါန်းတွင် ရေးသားတင်ပြထားသော အတွေးအခေါ်အရ သမိုင်းကို ဤသို့ ဖြစ်စေရမည်။

ကျွန်ုပ်တို့ နေ့စဉ်နှင့်အမျှ တွေ့ကြုံရသမျှတွေ
သည် သမိုင်းဝင်အဖြစ်တွေချည်း ဖြစ်သည်။

'ကျွန်ုပ်တို့သည် ကိုယ်နှင့်ဆိုင်ရာ နယ်ပယ်တွင်
အသိပညာရှင်များ ဖြစ်ကြသည်။ သူရဲကောင်းများ
ဖြစ်ကြသည်။'

ဤစာတမ်းများတွင် တင်ပြသော အကြောင်းအရာများသည် 'မ'တို့၏ နှလုံးသားနှင့် ခံစားရသော စိတ်ဝေဒနာများနှင့်တကွ ကိုယ်တိုင်တွေ့ကြုံရင်ဆိုင်ရသော အဖြစ်များကို အရင်းတိုင်း တင်ပြခြင်းပင် ဖြစ်၏။

ဤသည်ပင် ကျွန်ုပ်တို့၏ လှုပ်ရှားမှုသမိုင်းနှင့် နိုင်ငံရေး ဖြစ်လေသည်။

တစ်ခုတော့ ပြောချင်ပါသေ. ^ာည်။ အတွေးအခေါ် ခံစားမှုတွေကို စာရွက်ပေါ်တွင် ရေးချခြင်းငှာ မစွမ်းနိုင်၊ ရေးဖို့လည်း အချိန်မရှိ။ အချို့သော 'မ' တို့မှာ စာရေး စာဖတ်ပင် မတတ်ရှာကြချေ။

ကိုယ့်ဘဝအကြောင်းကို ပြန်လည်စစ်ဆေးပြီး နက်နက်နဲနဲ တွေးတောသည့် အမှုသည် အချို့သော 'မ'တို့အဖို့ 'ဇိမ်ခံ' ပစ္စည်းတစ်ခုသဖွယ် လက်လှမ်းမမီဘဲ ရှိကြဦးမည်။

ထောင်သောင်းမကသော 'မ' တို့သည် ဤလှုပ်ရှားမှုတွင်ပါဝင်ဖို့ အချိန်ပေးနိုင်ကြမည် မဟုတ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



*'မ' တို့၏ ဖြစ်စဉ်သမိုင်းကို အပြည့်အစုံဖြစ်ဖို့ လိုအပ်သည်။ ဘယ်တုန်းအခါကမှ ဂရုမစိုက်၊ ပေယျာလကန် ဝကွက်ချန်ထားသည့် ဘဝဖြစ်စဉ်များကို မှတ်တမ်းတင်ရမည်။*

*ဤသည်ပင် သစ္စာမှုချက်အဖြစ် မှတ်တမ်းတင်၍ နောင်လာနောက်သား 'မ' များအတွက် ဖြစ်စေတော့မည်။*

## လှုပ်ရှားမှု အစပြုလာပုံ

### အုပ်စုငယ်များမှ အစပြုခဲ့ပုံ

'မ'တို့၏ လွတ်လပ်ရေးလှုပ်ရှားမှုမှာ အုပ်စုငယ်လေးများမှ အစပြုခဲ့သည်။ ထိုအုပ်စုငယ်များကို 'အသိတရား ပေါ်ထွက်ရေး' အုပ်စုဟု ခေါ်သည်။

လက်ဦးတွင် စိတ်တူသဘောတူ အမျိုးသမီး တစ်ဦးစနှစ်ဦးစ၊ တစ်အိမ် တစ်နေရာမှာချိန်း တွေ့ဆုံဆွေးနွေးကြသည်။ မိမိတို့၏ဘဝတွင် ကြုံတွေ့ခံစားချက်များကို 'အရင်းအတိုင်း' ပြောဆိုကြသည်။

'မ'တို့ ဘဝဟူသည် အပေါ်ယံတွင် ဖြောင့်ဖြူးသာယာသော အသွင်ဆောင်နေသော်လည်း စိတ်ထဲတွင် မြုံနေသော မကျေနပ်ချက် စိတ်ဝေဒနာတွေ ရှိနေတတ်ကြသည်။

သန်းခေါင်သန်းလွဲအချိန် ကလေးငိုသဖြင့် အိပ်မှုန်စုံမွှားနှင့် နို့ဖျော်တိုက်သည့်အခါ စိတ်ထဲ ဘယ်လိုခံစားရပုံ၊ တစ်နေကုန် တစ်နေခန်း အိမ်ကထွက်၊ ရုံးအလုပ်ခွင်မှာ ထိုင်လုပ်ခဲ့ရပြီး အိမ်ပြန်ရောက်သောအခါ ထမင်းဟင်းချက်စရာ၊ ပန်းကန်အိုးဆေးစရာတွေနှင့် ရင်ဆိုင်ဝင်တိုးရပုံ အစရှိသော အဖြစ်များကို ရင်ဖွင့်ကြသည်။





ထိုကိစ္စများမှာ လူထဲသူထဲ ပြောကောင်းသည့် စကားဟုပင် အသိအမှတ် မပြုကြချေ။ ထိုခံစားချက်များ ရင်တွင်းပြည့်နေသော 'မ' များသည် မထွေးနိုင် မမျိုနိုင်၊ ကျိတ်မှိတ်နေကြရသည်။ ထုတ်ပြောရမည်ကိုလည်း ရှာရှိုးကိုးပေါက်လျှောက် 'အတင်းချ'သည်ဟု အဆို အပြောခံကြရဦးမည်။

'အလကားပါ။ မိန်းမတွေဆိုတာ ဒီလိုပဲ ညည်းညူ အတင်း ပြောနေတတ်တာမျိုးပဲ'ဟူသော အတွေးအခေါ်ကြောင့် 'မ'တို့မှာ ကိုယ့်ပြဿနာကို ကိုယ်ပြောလောက်သည့် ကိစ္စမဟုတ်ဟု ကျိတ်ခံကြရသည်။ တစ်နည်းဆိုသော် လူ့လောကထဲတွင် တစ်ခုသော ဇနပုဒ် အစွန်အဖျား၌ ပေယျာလကန် ထားခြင်းကို ခံကြရသည်။

ထို 'အသိတရား ပေါ်ထွက်ရေး' အုပ်စုများသည် မိန်းမချင်း ချိန်းပြီး 'အတင်းချ'သည့်အဖြစ်မျိုး မဟုတ်တော့ဘဲ 'ကိုယ်ရေး ကိုယ်တာ ကိစ္စသည်ပင် နိုင်ငံရေးကိစ္စဖြစ်သည်'ဟု ထင်ရှားလာစေ သည်။ ကျွန်ုပ်တို့၏ ဘဝအခြေအနေသည် ယခုလို အပယ်ခံဖြစ်ရ သည်မှာ မတော်တဆဖြစ်ခြင်း မဟုတ်ချေ။ 'ကျား' 'မ'ဟူ၍ လိင်ခွဲခြားမှုကြောင့်လည်း မဟုတ်။ လူမှုရေးစနစ်က ဖန်တီးခြင်းပင် ဖြစ်ပေသည်'ဟူသော အတွေးသစ်များ ပေါ်လာလေသည်။

'ကျား' နှင့် 'မ' ဟု ခွဲခြားမှုရှိသည့်အကြောင်းကို အခြေပြု၍ 'ကျား' ဆိုလျှင် သည်လိုဖြစ်ရမည်၊ သည်အလုပ် လုပ်ရမည်။ 'မ' ဆိုလျှင် ဟိုလိုဖြစ်ရမည်၊ ဟိုအလုပ် လုပ်ရမည်ဟု ချမှတ်ထားခြင်းသည် သဘာဝမကျဟု လွတ်လပ်ရေး လှုပ်ရှားမှုအဖွဲ့ဝင် 'မ'တို့က ယုံကြည်သည်။ 'လူချင်းတူ၊ အသက်ရှူချင်းကွဲ' ဟူသကဲ့သို့ လူတိုင်းမှာ ကိုယ်စီ အထုံဝါသနာ၊ စိတ်နေစိတ်ထားတစ်မျိုးစီ ပါကြသည်။ ထပ်တူထပ်မျှ တညီတညာတည်း မဖြစ်နိုင်ချေ။



www.burmeseclassic.com

www.burmeseclassic.com



လူ လူချင်းအတူတူကို တစ်ဖြတ်တည်း၊ တစ်ဆင်တည်း မဖြစ်နိုင်သော်လည်း 'မ'ဆိုလျှင် အိမ်မှာ ထမင်းချက်၊ အိမ်ကျွန်ဖြစ်စေရမည်ဟု သိမ်းကျုံးဆုံးဖြတ်ထားသည်။ ထိုတစ်ခုတည်းသော လမ်းကြောင်းကို ရိုက်သွင်းပို့သည်ကို မဝင်လိုသော 'မ'များအား မိန်းမမပီသ၊ 'မ' တစ်မျိုးလုံး နာမည်ဖျက်သည်ဟု ဆိုချင်ကြသည်။ ဤသည်ပင် တရားမမျှ၊ နည်းလမ်းမကျသော အချက်တစ်ရပ်ဖြစ်သည်။

ထိုကိစ္စနှင့်ပတ်သက်၍ 'လွတ်လပ်ရေး ခုပေး' စာအုပ်၏ နိဒါန်းတွင် ဤသို့ ရေးထားသည်။

> *'မ' တို့ကို ဆိုးမွေခံ သတ္တဝါတွေအဖြစ်ရောက်အောင် ငယ်စဉ်ကစ၍ သင်ကြားပို့သွင်းပေးခဲ့ကြသည်။ ယုတ်ညံ့သူတွေဟုလည်း အထင်သေးတတ်သည်။*
>
> *ကျွန်ုပ်တို့၏ စီးပွားရေးစနစ်ကလည်း 'မ'တို့ကို အရေးရှိလျှင် အချိန်အခါမရွေး ခေါ်နိုင်းနိုင်သော 'လုပ်အား' တပ်ကြီး တစ်ခုကဲ့သို့ နေရာထားသည်။*
>
> *ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ကျွန်ုပ်တို့ 'မ' တွေကို သိမ်းကျုံးခေါ်ငင်ပြီး စက်ရုံ၊ အလုပ်ရုံတွေမှာ ခိုင်းခဲ့ကြသည်။ ဒါတွေဟာ မတော်တဆ အမှတ်မဲ့ ဖြစ်တာတွေ မဟုတ်ပါဘူး။*
>
> *စစ်ပြီးသောအခါ အိမ်ပြန်၊ ထမင်းချက်၊ ကလေးမွေးခိုင်းကြပြန်သည်။ ဝါဒဖြန့်လိုက်တာတွေကတော့ မိုးမွှန်လို့ပဲ။*
>
> *အမှန်မှာတော့ လက်ရှိလူမှုရေး၊ စီးပွားရေးစနစ်ကိုက ကျွန်ုပ်တို့ 'မ'တွေကို ထိုက်ထိုက်တန်တန်*





> *နေရာမပေးနိုင်ကြချေ။ သို့ဖြစ်၍ အခကြေးငွေ မပေးရဘဲ အလကားခိုင်း၍ရသည့် အလုပ်တွေ လုပ်တတ်အောင် ပညာသင်ပေးသည်။ အဲသလို အလုပ်တွေကို လိုလိုချင်ချင်နှင့်လုပ်အောင် ငယ်နုစဉ်ကစ၍ အတွေးအခေါ်၊ ဝါဒတွေ သိမ်းသွင်းပေးထားသည်။*

ထိုသို့ရေးသားချက်ကို ဖတ်ရှုရခြင်းဖြင့် 'မ'တို့ လက်ရှိ အခြေအနေကို အရင်းအမြစ်ဖြစ်သော လူမှုရေး၊ စီးပွားရေးစနစ် အခြေအထိ လိုက်စဉ်းစားလေ့လာထားသည်ကို တွေ့ရပေသည်။

'အမျိုးသမီးလွတ်လပ်ရေး' နှင့် ပတ်သက်သော အချက်များမှာ ဤသို့တည်း။ ထိုလှုပ်ရှားမှုသည် ပြည်သူ့အခွင့်အရေးလှုပ်ရှားမှု Civil Rights Movement တွင် ပါဝင်လှုပ်ရှားကြသည့် အမျိုးသမီးစုက အစပြုခဲ့သည်။

ထို့နောက် ကျောင်းသူကျောင်းသားအဖွဲ့များမှ အမျိုးသမီးများ၏ အရေးကို အဖွဲ့၏ ဆုံးဖြတ်ချက်အဖြစ်နှင့် ဆောင်ရွက်ပေးရန် တောင်းဆိုကြသည်။ ယင်းသောအခါ ခရမ်းချဉ်သီးပုပ်များနှင့် ပစ်ခတ်ခြင်း၊ မကြားဝံ့မနာသာ ဆဲဆိုခြင်း ခံရသည်။

ထိုအတောအတွင်းတွင် အမျိုးသမီးများအတွက် နိုင်ငံလုံးဆိုင်ရာအဖွဲ့ National Organization For Women တည်ထောင်ခဲ့သည်။ ထိုအဖွဲ့ကို တည်ထောင်သော အမျိုးသမီးများတွင် 'မ'တို့၏ လျှို့ဝှက်သောသတ္တိထူး Feminine Mystique ခေါ် စာအုပ်ရေးသည့် ဘက်တီဖရိုင်ဒန်း Betty Friedan ပါဝင်သည်။

> *ကျွန်ုပ်တို့၏ဘဝ အညွန့်တုံးရခြင်းမှာ ကျွန်ုပ်တို့ကိုယ်တိုင်က လူစဉ်မမီ၊ ယုတ်ညံ့သောလူတန်းစားဖြစ်ခြင်းကြောင့် မဟုတ်ပေ။ စီးပွားရေးစနစ်ကြောင့်*



www.burmeseclassic.com

www.burmeseclassic.com



သာ ဖြစ်သည်ဟု ကျွန်ုပ်တို့ ယုံကြည်သည်။ နယ်ချဲ့ အုပ်စိုးသော လူမျိုးနှင့် ကိုလိုနီအဖြစ် အုပ်စိုးခံရသော လူမျိုးတို့ တစ်ဦးပေါ်တစ်ဦး ဘယ်နည်းဘယ်ပုံ ဆက်ဆံသည်ကို ကျွန်ုပ်တို့ အခုမှ နားလည်တော့သည်။

ဤသို့ စာအုပ်နိဒါန်းကို အပြီးသတ်ထားသည်။

ထိုနိဒါန်းတွင် ပါရှိသော အတွေးအခေါ်တစ်ခုမှာ 'မ'နှင့် 'ကျား' တို့သည် တစ်ဦးက အုပ်စိုးခံလူမျိုး၊ အခြားတစ်ဦးက အုပ်စိုးသူ လူမျိုး ဖြစ်သည်ဆို၍ နိုင်ငံရေးသမိုင်းတွင် တွေ့ရသော စိုးမိုးသူနှင့် စိုးမိုးခံရသူတို့ ဆက်ဆံရေးပုံသဏ္ဍာန်နှင့် တူပုံကို 'အမျိုးသမီး လွတ်လပ်ရေး လှုပ်ရှားမှု ဘာကြောင့်'ဟူသော ခေါင်းစဉ်ဖြင့် မာလင်းဒစ်ဆင်ဆိုသူ အမျိုးသမီးက တင်ပြဆွေးနွေးထားလေသည်။

## အမျိုးသမီး လွတ်လပ်ရေးလှုပ်ရှားမှု ဘာ့ကြောင့်

**Why Women's Liberation?**
**by Marlene Dixson**

### လွတ်လပ်ရေးလှုပ်ရှားမှု ကာလ

၁၉၆၀ ခုနှစ်တစ်ဝိုက် အချိန်ပိုင်းသည် လွတ်လပ်ရေးလှုပ်ရှားမှု အချိန်ပိုင်းဟု ခေါ်ဆိုလောက်ပါပေသည်။ လူတန်းစားအလွှာတွင် အောက်ပိုင်းဖြစ်ပေထသော လူမဲလူတန်းစား၊ တောင်အမေရိကန်ပြည်သား လက်တင်လူမျိုးများနှင့် လူဖြူဆင်းရဲသားတို့၏ ဆူပူလှုပ်ရှားမှုတွေ ဗလောင်ဆန်ခဲ့သည်။

ထိုသို့ ဗလောင်ဆန်သည့် လှိုင်းတံပိုးကြီး၏ ရိုက်ပုတ် သိမ်းကျုံးပုတ်ခတ်မှု၊ ဆွဲငင်မှုကြောင့် အမျိုးသမီးများပါ ပါဝင်လာခဲ့ရ ခြင်းဖြစ်သည်။

အဆိုပါ ဖိနှိပ်ခံလူတန်းစားတို့သည် အမေရိကန် လူ့လောက အဆောက်အအုံတွင်ရှိနေသော ဖိနှိပ်မှုများ၏ အခြေအမြစ်သဘာဝကို ကိုယ်စီထိတွေ့ခဲ့ကြရသည်။

သို့ဖြစ်၍ အမျိုးသမီးလူတန်းစားတို့သည် လွတ်လပ်သော



www.burmeseclassic.com

www.burmeseclassic.com



လူတန်းစေ့အဖြစ်ကို လိုလားတောင့်တလာကြလေသည်။ ထို့ကြောင့် အမျိုးသမီးလှုပ်ရှားမှု ပေါ်ပေါက်လာခဲ့ရလေသည်။

လေးနှစ်မျှ မပြည့်သေးမီ အချိန်အတွင်းတွင်ပင် အမျိုးသမီး အဖွဲ့များ တည်ထောင်စည်းရုံးနိုင်ခဲ့လေသည်။ ထိုသို့ ဖွဲ့စည်းလှုပ်ရှားမှု များမှာ အမာခံလေးငါးဆယ်ဦးလောက်နှင့် အစပြုကြရသည်။

သို့ဖြစ်ရာ ဤလှုပ်ရှားမှုနှင့် ပတ်သက်သော စာရွက်စာတမ်း များသည် အဖွဲ့များ၏ အပြင်ဘက် ကျယ်ကျယ်ပြန့်ပြန့် မရောက်နိုင်ဘဲ ကိုယ့်အချင်းချင်းထဲမှာပင် လှည့်နေရသည်။

တစ်စတစ်စနှင့်ပင် အမျိုးသမီးများသည် ဤလှုပ်ရှားမှုကို စိတ် ဝင်စားလာကြသည်။ သည်အကြောင်းကို သိချင်၊ နားလည်ချင်ကြ သည်။ အစတွင် ဤလှုပ်ရှားမှု၏ အတွေးအခေါ်မှာ 'ကျား'တို့က သူတို့ ကျက်စားသည့် လုပ်ငန်းခွင်များတွင် 'ကျားဆိုမှ ကျား' 'မ' တွေ မလာရ၊ အလိုမရှိဟူသော အတွေးအခေါ် ဝါဒကိုချည်း မဲ၍ တိုက်ခဲ့ကြသည်။ 'မ' တွေ အပေါ်တွင် 'စိတ္တဇနည်း'သုံးကာ ပညာရှိနှိပ်စက် နှိပ်စက်၊ ချိုးနှိမ်ကြသည်ကို ဦးတည်၍ စကားပြောကြသည်။

## ဦးတည်ချက်ပြောင်းပြီး အရင်းအမြစ်ကိုရှာခြင်း

ယခုအခါ 'မ' တို့၏ လှုပ်ရှားမှုဦးတည်ချက် ပြောင်းလဲလာခဲ့ လေသည်။ 'မ'တို့မှာ ဖိနှိပ်ချိုးနှိမ်ခံရသည့် အကြောင်းရင်း ဇာစ်မြစ်ကို ရှာကြသည်။ စီးပွားရေးစနစ်ကို အလေးဂရုထား၍ လေ့လာကြသည်။

ဘာ့ကြောင့် 'မ'တွေ ဖိနှိပ်ခံရသနည်းဟူသော အချက်ကို လေ့လာရာတွင် လူမှုရေးတရားမျှတမှု၊ ဒီမိုကရေစီနည်းလမ်း မှန်ကန်မှု တို့က အစပြု၍ (မာ့ခ်)ဝါဒအထိ လိုက်လေ့လာကြ လေသည်။

လွန်ခဲ့သော နှစ်လောက်ဆီကစ၍ 'မ'တို့၏ လှုပ်ရှားမှုအသွင်





မှာ ပြောင်းလာခဲ့သည်။ မည်သို့နည်းမူ၊ 'အကြောက်'တရား ကင်းလာ ခြင်း ဖြစ်သည်။

ထုံးတမ်းအစဉ်အလာမှ သွေဖည်၍ တစ်လမ်းထွင်မိခြင်း ကြောင့်များ၊ မိမိတို့၏ 'မ'အသွင် သဘာဝပျက် သွားလေမလား ဟူသော စိုးရိမ်ကြောက်ရွံ့မှုမှ လွတ်ကင်းလာခဲ့သည်။

မိန်းမပီသသော မိန်းမအသွင်လက္ခဏာ ယိုးယွင်းသွားမည်ကို စိုးရိမ်ဖို့မလိုတော့ဘဲ ရဲရဲပြော၊ ရဲရဲလုပ်ဝံ့လာကြသည်။ တစ်နည်းအား ဖြင့်ဆိုသော် ရှေးကရှိလာခဲ့ကြသည့် စိုးရိမ်ကြောက်ရွံ့မှုများကို တွန်းလှန် လွတ်မြောက်လာခဲ့ကြသည်။

## အမျိုးသမီးလှုပ်ရှားမှုများ မီးစာကုန်ဆီခန်း

ရှေးခေတ်အခါက ဖြစ်ခဲ့သော အမျိုးသမီးလှုပ်ရှားမှုများသည် ၁၉၂၀ ခုနှစ် ပတ်ဝန်းကျင်လောက်မှာပင် မီးစာကုန်ဆီခန်းခဲ့ကြသည်။ နှစ်ပေါင်းတစ်ရာခန့် ကြိုးစားလာခဲ့ကြပြီး အမျိုးသမီးများ၏ တိုက်ပွဲကို အောင်ပွဲရလိုက်ကြသည်။ သို့သော် အရေးအခင်းမှာ မပြီးပြတ်ဘဲ ရှိခဲ့သည်။

'မ'တို့ မဲဆန္ဒပေးခွင့် ရလိုက်ကြသည်။ သို့သော် သူတို့မျှော်လင့် ထားသည့် အခြေအနေအဆင့်ထိ မတက်နိုင်ခဲ့ကြချေ။ လူမှုရေး၊ အစဉ်အလာယဉ်ကျေးမှုထုံးစံများနှင့် ပတ်သက်လာလျှင် 'ကျား'နှင့် 'မ'တို့၏ အတွေးအခေါ်များသည် ကြားထဲတွင် တာတမံကာဆီးထား သကဲ့သို့ လူတန်းစေ့အဆင့်သို့ မရောက်ဘဲ နေခဲ့ကြသည်။

ထိုအချိန်မှစ၍ ဤ 'မ'တို့၏ လှုပ်ရှားမှုသည် နှစ်ပေါင်း ၃၀ ခန့် တိမ်မြုပ်နေခဲ့လေသည်။ သည်အတောအတွင်း သမီး 'မ'တွေ၊ မြေး 'မ' တွေ အဆက်ဆက် ပေါက်ဖွားလာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို သမီး 'မ'၊ မြေး 'မ' တို့သည် သူတို့အမေတွေ၊ အဖွားတွေ ဘယ်လိုလုပ်ကိုင်ဆောင်ရွက်ခဲ့ကြသည်ကို သမိုင်းစဉ် မသိကြတော့ချေ။ အသိပညာရှင်၊ အတတ်ပညာရှင် အမျိုးသမီးများကိုလည်းကောင်း၊ မဲပေးခွင့်အတွက် ဆူပူလုပ်ရှားသော အမျိုးသမီးကြီးများကိုလည်းကောင်း၊ ပြောင်လှောင်သရော်ထားသည့် ရုပ်ပြောင် ကာတွန်းတွေလောက်သာ မြင်ဖူးကြတော့သည်။

## 'မ'ဆိုသည်မှာ ဈေးပေါပေါရသည့် လုပ်အားတပ်ဖြစ်သည်

၁၉၃၀ ခုနှစ်၊ စီးပွားရေးကပ်ကြီးဆိုက်သည့်အခါ၌ လည်းကောင်း၊ ၁၉၄၀ ခုနှစ်၊ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်သောအခါ၌ လည်းကောင်း၊ 'မ'တို့ကို ဈေးပေါပေါနှင့် ငှားလို့ရသည့် လုပ်အားပေးတပ်ဖွဲ့ကြီးအဖြစ်နှင့် ကောင်းကောင်းကြီး အသုံးချကြလေတော့သည်။

စစ်ကြီးတစ်ခါဖြစ်တိုင်းပင် စစ်တိုက်သွားနေကြသော ယောကျ်ားများ၏ နေရာအလုပ်ခွင်၊ ရုံး၊ စက်ရုံများသို့ 'မ'တို့ကို ခေါ်ပြီးခိုင်းကြသည်။ စစ်ပြီး၍ အလုပ်သမားတွေ ပေါလာသောအခါ 'မ'တွေကို အိမ်ပြန် ထမင်းချက်၊ ကလေးမွေးချေကြဟု မီးဖိုချောင်နှင့် မီးနေခန်းသို့ တွန်းထုတ်လိုက်ကြပြန်သည်။

'မ'လူတန်းစားနှင့် 'လူမဲ' လူတန်းစားတို့သည် ဈေးပေါပေါနှင့်ရသည့် လုပ်အားတပ်မကြီးအဖြစ်နှင့် အရင်းရှင်စနစ်ကို အကျိုးပွားစေခဲ့သည်။ သူတို့သည် အရင်းရှင်စနစ်၏ အားကိုးရာ ဖြစ်ပေသည်။

သို့သော် ဘယ်လိုပင် ဈေးပေါပေါနှင့် လုပ်အားပေးခဲ့သော်လည်း အရင်းရှင်စနစ်က သူတို့ကို ကျေးဇူးမပြုခဲ့ချေ။ အခကြေးငွေ အဆမတန် လျှော့ပေးသည်။ အလုပ်လက်မဲ့များ ဖြစ်စေသည်။

စစ်ပြီးကာစနှစ်များတွင် လူငယ်တွေ ရေးကထက် အသက်ငယ်ငယ်နှင့် အိမ်ထောင်ပြုကြသည်။ သားသမီးဦးရေ များလာသည်။





၁၉၅၀ ခုနှစ် ပတ်ဝန်းကျင်လောက်မှာဆိုလျှင် အတွေးအခေါ်များမှာ ဝိတိုရိယခေတ် (၁၉ ရာစု)ကအတိုင်း ပြန်ဖြစ်နေသည်။

မိန်းမဟူသည် လင်ယောကျ်ား၊ သားသမီးတွေကို ကိုယ့်အတွက် မငဲ့ကွက်ဘဲ အစွမ်းကုန်ပြုစုလုပ်ကျွေးရမည်။ ကလေးတွေ မွေးနိုင်သမျှ မွေးပေးရမည်ဟူသော အတွေးအခေါ်များ ပြန်ဖြစ်နေကြသည်။

သို့သော် ထိုအတွေးအခေါ်များမှာ ကြာရှည်မခံကြချေ။ အမျိုးသမီးများ မလှုပ်ရှားဘဲ မနေနိုင်အောင် ဖြစ်လာသည့် အခြေအနေများ ပေါ်ပေါက်လာခဲ့လေသည်။

ပထမအခြေအနေမှာ ရုံး၊ စက်ရုံ အစရှိသော လုပ်ငန်းခွင်များတွင် အလုပ်ဝင်လုပ်နေသော 'မ'ဦးရေသည် စစ်ကြိုခေတ်တုန်းကထက် နှစ်ဆများလာခြင်း ဖြစ်သည်။ အလုပ်သမား 'မ' ဦးရေမှာ သုံးပုံတစ်ပုံမျှ ရှိသည်။ 'မ' အလုပ်သမားဦးရေ များလာသော်လည်း အခြေအနေမှာ တိုးတက်ကောင်းမွန်လာခြင်း မရှိခဲ့ချေ။ ၁၉၆၀ ပတ်ဝန်းကျင်အထိပင် လွန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ့်ငါးနှစ်ခန့်ကကဲ့သို့ပင် ထူးထူးခြားခြားမရှိဘဲ ဖြစ်နေခဲ့သည်။

လုပ်ငန်းခွင်တွင် ဝင်ရောက်လာကြရသော 'မ'တို့သည် လခနည်းနည်းနှင့် တက်လမ်းမရှိသော နေရာများမှာသာ လုပ်ကြရသည်။ ၁၉၄၀ ခုနှစ် (စစ်အတွင်းကာလ)တွင် 'မ' တို့သည် အသိပညာရှင်၊ အတတ်ပညာရှင်အဖြစ် တန်းမှီသောနေရာ၊ အလုပ်အကိုင်များကို လေးဆယ့်ငါး(၄၅)ရာခိုင်နှုန်းအထိ ဝင်ရောက်လုပ်ကိုင်နိုင်ခဲ့သည်။

၁၉၆၇ ခုနှစ်(စစ်ပြီးကာလ)တွင် ထိုအသိပညာရှင်၊ အတတ်ပညာရှင်အဖြစ် တန်းမှီသော နေရာများ၌ လုပ်ကိုင်နေသော 'မ'ဦးရေမှာ သုံးဆယ့်ခုနစ် (၃၇)ရာခိုင်နှုန်းအထိ ကျဆင်းသွားကြသည်။ အစေအပါးအလုပ်နေရာများ၌ကား ငါးဆယ်(၅၀)ရာခိုင်နှုန်းမှ ငါးဆယ့်ငါး (၅၅) ရာခိုင်နှုန်းအထိ ဝင်လုပ်ကိုင်ခဲ့ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယ အခြေအနေမှာ 'မ'တို့သည် အိမ်ထောင်ရှင်ဘဝ၊ သားသမီး မွေးမြူရေး၊ အိမ်ထောင်ထိန်းသိမ်းရေး တာဝန်ကိစ္စများကို ကြာကြာဝါးမှ ခါးမှန်းသိလာကြသည်။

ကလေးတွေ ကျောင်းသွား၍ လက်လွတ်သောအချိန်တွင် အရွယ်ကောင်း 'မ'တို့သည် ရှေ့အဖို့ နှစ်ပေါင်းသုံးဆယ်ခန့် အချိန်ကာလအတွင်း လုပ်စရာ ဘာတွေများ ရှိသနည်း။ တစ်နေ့၊ တစ်နေ့ အိမ်အလုပ်လုပ်၊ အားလပ်ချိန်မှာ အချင်းချင်း တစ်အိမ်မှာချိန်း ဖဲရိုက်သည်ကလွဲ၍ ဘာမှလုပ်စရာ မရှိ။ နောင်ရေးကို မျှော်လိုက်လျှင် ခြောက်သွေ့သော ကန္တာရကြီး တစ်မျှော်တစ်ခေါ် မဆုံးနိုင် တွေ့မြင်ရင်ဆိုင် နေကြရလေသည်။

ငယ်ရွယ်သော အမျိုးသမီးများမှာလည်း မြို့စွန်မြို့ဖျားတွင် နေ၍ အိမ်တွင်းမှု သားသမီးကိစ္စတွေနှင့်သာ တစ်နေ့တစ်နေ့ ကုန်သွားရမည်ကို ငြီးငွေ့စရာကြီးဟု မြင်လာကြသည်။ ကဗျာ၊ သီချင်းထဲက အချစ်လောက အိမ်ထောင်ရေးဘဝမျိုး မတွေ့ရပါကလား။ စာတွေအမျိုးမျိုး ဖွဲ့ဆိုကြတဲ့ မိန်းမဘဝရဲ့ အထွတ်အထိပ်၊ မယားကောင်း၊ မိခင်ကောင်းအဖြစ်ဆိုတာ လက်တွေ့ကျတော့ ပျင်းစရာကြီးပါကလား ဟု အထင်နှင့်အမြင် ကွာခြားမှုများနှင့် ရင်ဆိုင်ကြရသည်။

တတိယအခြေအနေမှာ ပြည့်သူ့အခွင့်အရေး လှုပ်ရှားမှုကြီးပင် ဖြစ်သည်။ ထိုလှုပ်ရှားမှုသည် လူငယ်လူရွယ် 'ကျား' 'မ' တို့ကို သိမ်းကျုံး ဆွဲဆောင်ခဲ့လေသည်။ မတရားမှုများကို တွန်းလှန်၍ မှန်ရာရောက်ရမည်ဟူသော တိုက်ပွဲကြီးပေတည်းဟု ယူဆကြသည်။

'အသစ် လက်ဝဲ' New Left ဟူသော အတွေးအခေါ်များမှာလည်း ထိုလှုပ်ရှားမှုကြီးကပေးသော အတွေ့အကြုံများမှ ပေါက်ဖွားလာခဲ့ခြင်း ဖြစ်သည်။





အစဉ်အလာအတိုင်း လက်ခံလာခဲ့ကြသော နိုင်ငံရေး အတွေးအခေါ်များနှင့် ယဉ်ကျေးမှုထုံးစံအယူအဆ အစရှိသည်တို့ကို ဝေဖန်စိစစ်၍တော်လှန်ကြသည်။ လက်မခံနိုင်ကြတော့ဘဲ ပယ်လာကြသည်။

အဆိုပါ အခြေအနေသုံးရပ်က ဖန်တီးပေးလိုက်သော 'မ'တို့၏ လှုပ်ရှားမှုကြီးတွင် လူတန်းစားအမျိုးမျိုး ပါရှိခဲ့ကြသည်။ ရုံး၊ စက်ရုံများတွင် အလုပ်လုပ်သော အမျိုးသမီးများ၊ အလယ်အလတ်တန်း အိမ်ထောင်သည်များနှင့် ကျောင်းသူများ ဖြစ်ကြသည်။

ထို သုံးမျိုးသုံးစားသော 'မ' တို့၏ ကိုယ်စီရည်ရွယ်ချက်များမှာ မတူကြချေ။

ရုံး၊ စက်ရုံ အလုပ်ခွင်၌လုပ်ကိုင်နေကြသော 'မ'တို့သည် လစာတန်းတူရရှိရေး၊ အရည်အချင်းရှိသည့်အလိုက် ရာထူးအလုပ်အကိုင်ရရှိရေး (မိန်းမမို့ မပေးတာမျိုး မရှိရလေအောင်) ကလေးသူငယ်များကို စောင့်ရှောက်ပေးရေး အစရှိသော ကိစ္စများ၌ စိတ်ဝင်စားကြသည်။ သူတို့ လောလောဆယ်နစ်နာနေမှုနှင့် ဖိနှိပ်ခံရမှုများသည် စက်မှုလက်မှုအရင်းရှင်စနစ်၏ လက်အောက်တွင်ရှိနေသော အလုပ်သမားခေါင်းပုံဖြတ်မှုကို အကြောင်းရင်းခံ၍ ပေါ်လာရသော ကိစ္စများဖြစ်၏။

အလယ်အလတ်တန်းစား အိမ်ထောင်ရှင် 'မ'တို့မှာ မီးဖိုချောင်နှင့် မီးနေခန်း၌သာ အကျဉ်းကျသကဲ့သို့ နေရသောဘဝကို ငြီးငွေ့လာကြသည်။ ကိုယ့်နေရာကိုယ် သိ၊ (ဒူးနေရာ ဒူး၊ တော်နေရာ တော်) အနေကျုံ့ကြသည်။ လူချင်းမတူ၊ အနိမ့်တန်းစားနေရာသို့ ချထားခံ ရသည်။

ထို 'မ'လူတန်းစားတို့သည် အများအားဖြင့် ပညာအရည်အချင်း ရှိကြသူများ ဖြစ်ကြသည်။ လုပ်ရည်ကိုင်ရည် ရှိကြသည်။ သို့သော် သူတို့၏ ပညာအရည်အချင်းကို အသွန့်တုံးစေ၍ လူရာမသွင်းဘဲ ဝိုင်းပယ်ထားခံကြရသည်။ လင်နှင့်သားသမီးများ၏ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



အကျွေးအဖြစ်နှင့်သာ နေကြရသည်။ ထိုအဖြစ်ကို တွန်းလှန်လိုကြသည်။

ကျောင်းသူများမှာ များသောအားဖြင့် ပညာအရည်အချင်းရှိကြသူများ ဖြစ်ကြသည်။ အိမ်ထောင်မရှိကြချေ။ အလယ်အလတ်တန်းစား ဖြစ်ကြသည်။ သူတို့မှာ တွေ့လိုက်လျှင် သားမယားအဖြစ်အတည်လက်ထပ်ယူချင်သော ယောကျ်ားမျိုးမဟုတ်ဘဲ အပျော်ကြောရုံ ကြံချင်သူတွေချည်း ဖြစ်နေသည်။ သူတို့မှာ 'လိင်ပစ္စည်း' ကဲ့သို့ပမာ အသုံးချ၊ စီးပိုး၊ အညွန့်ခူးခံရသော လူတန်းစားဖြစ်နေကြသည်။

## စိတ်ဓာတ်စစ်ဆင်ရေးဖြင့် ဖိနှိပ်မှု

### 'ကျား'တို့ လွှမ်းမိုးခြင်း

ထိုလူတန်းစားသုံးမျိုးစလုံးမှာပင် အားလုံးတူညီသော နစ်နာချက်တစ်ခု ရှိနေသည်။ ထိုအချက်မှာ သူတို့အား စီးပွားရေးဖြင့်လည်းကောင်း၊ စိတ်ဓာတ်စစ်ဆင်ရေးဖြင့်လည်းကောင်း ဖိနှိပ်ချုပ်နှိမ်ထားခြင်းဖြစ်သည်။ ထိုသို့ အားလုံးမှာပင် ခံစားရသော ဖိနှိပ်မှုကြောင့် လူတန်းစား အဆင့်မရွေး၊ အသွေးအရောင်မရွေး၊ 'မ'အားလုံး စုပေါင်းစည်းရုံးလှုပ်ရှားနိုင်ခဲ့ကြလေသည်။

'မ' တို့၏ လွတ်လပ်ရေးကို အကောင်အထည်ဖော်ဖို့ ရှေးဦးစွာတိုက်ဖျက်ရမည့် အတွေးအခေါ်ကား -

('ကျား' တို့သည် 'မ' တို့ထက် မြတ်သည်) ဆိုသော အတွေးအခေါ်ပင်တည်း။

လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ခန့်က လူမဲများသည် လူဖြူ





များထက် နိမ့်ကျသောအမျိုး ဖြစ်သည်ဟူသော အယူအဆက ချုပ်ချယ် ဖိနှိပ်ထားခဲ့သည်။

လူ၏အဖွဲ့အစည်း အသိုင်းအဝိုင်းတွင် လူမဲများကို 'ကျွန်' နေရာမှာ ထားခဲ့ကြသည်။ ဤသို့ထားသည်မှာ မှန်သည်၊ လူမဲများသည် 'ကျွန်'နေရာနှင့်သာ ထိုက်တန်သည်ဟု ယုံကြည်ခဲ့ကြသည်။ 'မ' များမှာလည်း ထိုနည်းတူစွာပင် ဖြစ်၏။

'မ' တို့မည်သည် 'ကျား'တို့ကို အားကိုးအားထား ပြုနေရသည်။ 'မ'တို့မှာ ဘာမှအဆင်အခြင်မရှိ။ မတွေးတောတတ်ကြ။ (နှာခေါင်းမပါလျှင် . . . စသည့်စကားမျိုး)ကလေးလို အမိုက်အမဲလေးတွေဖြစ်သည်။ ဤသို့သော အတွေးအခေါ်များဖြင့် 'မ'တို့ကို သရုပ်ဖော်လာခဲ့ကြသည်။

လူမဲများအပေါ်တွင် တစ်ဖက်သတ် ဖိနှိပ်ချုပ်နှိမ်ခဲ့ကြသည့် ကိစ္စကို အလယ်အလတ်တန်းစား လူဖြူတို့မှာ ဝန်ခံဖို့ မနည်းကြိုးပင်ကြိုးစားနေကြရသည်။ ထိုကိစ္စကိုမှ အပြီးမသတ်သေးမီ ယခုတစ်ခါ 'မ'လူတန်းစားတို့က သူတို့ကို ချုပ်နှိမ်ဖိနှိပ်ပါသည်ဟု စွဲချက်တင်ခံရပြန်သည်။ ထိုပြစ်ချက် ဝန်ထုပ်ကြီး ထပ်၍သည်ပိုးချင်စိတ် မရှိကြချေ။

'လူဖြူတို့၏ ပြစ်မှု' ဟူသော စကားအသုံးအနှုန်းအပြင် 'ကျား' တို့၏ ပြစ်မှုဆိုသည့်စကားလုံး ထပ်တိုးလာပြန်ချေသေးသည်။ သို့ဖြစ်၍ 'မ'လူတန်းစားမှာ တစ်ဖက်သတ် ဖိနှိပ်ခံနေရပါသည်။ အညွန့်ချိုးခံနေရပါသည်ဟူသော အချက်ကို မသိချင်၊ မကြားချင်ကြ ချေ။ ဤသည်မှာ သဘာဝကျသည်။ နားလည်နိုင်ပါသည်။ (သို့ကလိုပဲ ဖြစ်ရမှာပေါ့) အဖြစ်မှန်ကို ရင်ဆိုင်ဖို့ ဝန်လေးကြသည်။ ထို့ကြောင့်ပင် 'မ'တို့ လှုပ်ရှားမှုများကို ယုတ်ယုတ်မာမာ ဆဲရေးတိုင်းထွာသော စကားများဖြင့် လူကြားသူကြားအောင် ဟစ်အော် ကြွေးကြော်ခြင်းဖြင့် 'ကျား' တို့က တုံ့ပြန်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လူဖြူများထဲတွင် 'မ'တို့သည် အနှိမ်ခံလူတန်းစား ဖြစ်ကြသော်လည်း စည်းရုံးမှုမရှိ ဖြစ်နေကြသည်။ နိုင်ငံရေးအရ ပြုပြင်ပြောင်းလဲရေးရာကိစ္စများတွင် သူတို့သည် ကြီးမားသောအင်အားစု ဖြစ်သည်။ သို့သော် သူတို့ကို ပေယျာလကန် ဝကွက်၍ ချန်ထားကြသည်။ သူတို့ကို မရှိသလို၊ မမြင်သလို ထားကြသည်။

ဤသို့ ဖြစ်ရခြင်းမှာ မတော်တဆဖြစ်သည် မဟုတ်ချေ။ ပြုပြင်ပြောင်းလဲမှုတွေ လိုလားပါသည်။ လက်ဝဲဆန်ဆန်တိုးတက်မှုတွေ၊ အယူအဆတွေကို လက်ခံပါသည်ဟု ကြွေးကြော်နေသော လူဖြူများ ရှိကြသည်။ သူတို့မှာ ရိုးကပ်၊ သားကပ် စွဲနေသော'ကျား'သာလျှင် စိုးမိုးရမည်ဟူသော ယုံကြည်ချက် ရှိနေသည်။

ထိုယုံကြည်ချက်က ပေါက်ဖွားလာသော လျစ်လျူရှုချက်တစ်ရပ်ပင် ဖြစ်ပေသည်။

လက်ဝဲဆန်ဆန် တိုးတက်သည့်အယူအဆ ပါရှိသည်ဆိုသော 'ကျား'တို့သည် 'မ'တို့၏ ဆူပူတောင်းဆိုမှု၊ လှုပ်ရှားမှုတွေနှင့် ရင်ဆိုင်လာကြရသည်။ ထိုအခါ ဘယ်လိုများ တုံ့ပြန်သနည်း။ ကြည့်ပါဦး။

'အင်း . . . ဒီတစ်ခါတော့ 'မ'တွေရဲ့တောင်းဆိုမှု၊ ဆူပူလှုပ်ရှားမှုတွေကို အသိအမှတ်ပြုရတော့မယ်၊ ရှေ့တန်းတင်ပြီး စဉ်းစားရတော့မယ်၊ စကားထဲ ထည့်ပြောရတော့မယ်၊ သည်လိုဆိုရင် အရပ်ရပ်နေပြည်တော် ကြားလို့မှမလျော်၊ ငါတို့ 'ကျား'တွေရဲ့ ဂုဏ်သိက္ခာတွေ ကျကုန်တော့မှာပေ့ါ။ (ရာဇအင်တုံတွေ ပွဲတော့မပေ့ါ)'

ဤသို့ တွေးတောကြသည်။ 'မ'တို့၏ တရားနည်းလမ်းကျသော တောင်းဆိုချက်များကို ရိုင်းစိုင်းစွာ ပြောဆိုခဲ့ကြလေသည်။

'မ' တို့၏ လှုပ်ရှားမှု၏ အဓိကမှာ အသိတရားပင် ဖြစ်သည်။ ထိုအသိတရားကို ဖွင့်ဟ၍ပြောသည်ဖြစ်စေ၊ မပြောသည်ဖြစ်စေ ရှိတော့ ရှိနေရမည်။ ဘယ်လို အသိတရားနည်း။





'ကျား' တို့သည် 'မ' တို့ထက် မြင့်မြတ်သည်။ 'ကျား' တို့သာ ဦးဆောင်စိုးမိုးရမည်ဟူသော အယူအဆသည် မုသာဝါဒသာဖြစ်သည်။

ထိုအသိတရားကို လက်ကိုင်ထား၍ 'မ'တို့ လှုပ်ရှားဆောင်ရွက်ကြရမည်သာတည်း။

## ထိုဆောင်းပါးကို လေ့လာချက်

အထက်ပါဆောင်းပါးကို ဖတ်ရှုကြည့်ရသောအခါ အမျိုးသမီးလွတ်လပ်ရေးလှုပ်ရှားမှု ဘယ်ကစ၍ ဘယ်လိုပေါ်လာရပုံနှင့် သူတို့၏ အတွေးအခေါ်များကို သိရှိရသည်။

'မ' တို့အား ဈေးပေါပေါနှင့်ရသော လုပ်အားတပ်ဖွဲ့အဖြစ်နှင့် အသုံးချပုံကို မကျေနပ်ချက်များအား ဖော်ပြထားသည်။

'ကျား'တို့သည် စိုးမိုးအုပ်ချုပ်သူ လူတန်းစားဖြစ်၍၊ 'မ'တို့သည် ဖိနှိပ်ခံလူတန်းစား ဖြစ်နေပုံကို ရှင်းပြထားသည်။

လူတန်းစားတစ်ခုက အခြားလူတန်းစားတစ်ခုပေါ်တွင် စီးပိုးဖိနှိပ်အမြတ်ထုတ်ကြသည်မှာ ကမ္ဘာ့သမိုင်းအဆက်ဆက် ရှိခဲ့ကြသည်။ လုပ်နည်းလုပ်ဟန်များ တူကြသည်။ (တိုင်ပင်မထားပဲနှင့်)

စီးပိုးဖိနှိပ်သည့်အလုပ်မှာ လွယ်သည့်အလုပ် မဟုတ်ချေ။ အင်အားကိုချည်းအားကိုး၍ မဖြစ်ချေ။ စိတ်ဓာတ်စစ်ဆင်ရေး၊ ဝါဒဖြန့်ရေးကို အားကိုးရသည်။ အင်ပါယာ နယ်ချဲ့ဝါဒသမားတို့သည် သူတို့လူမျိုးတွေက မိုးကျရွှေကိုယ်တွေဖြစ်၍၊ အုပ်စိုးခံလူမျိုးက မသိမလိမ်မာ သနားစရာတွေမို့ မိုင်ပေါင်းများစွာက တကူးတက လာပြီး အုပ်ချုပ်ပေးနေရသည့် အယူဝါဒမျိုးတွေနှင့် သိမ်းသွင်းကြသည်။

ကြာလာတော့ အုပ်ချုပ်ခံလူမျိုးတွေမှာ မောင်မင်းကြီးသား ကိုနယ်ချဲ့မရှိလျှင် 'ဒို့ချည်း ဖြစ်ပ့ါမလား' ဟူသော စိုးရိမ်မှုနှင့် သူတို့ကို



www.burmeseclassic.com

www.burmeseclassic.com



အားကိုးကြသည်။ ကိုယ့်ကိုယ်ကို နိမ့်ကျသောလူမျိုး၊ ညံ့သည့်လူမျိုးဟု ထင်လာကြသည်။

ထို့အတူပင် 'မ' တို့သည် 'ကျား' တို့ကို အားကိုးရမည်၊ သူတို့မှာ ယုတ်ညံ့သော အမျိုးဖြစ်သည်ဟု နှစ်ကာလ ပဝေသဏီကစ၍ အမျိုးမျိုးသော နည်းများဖြင့် ဝါဒဖြန့်၊ 'ဦးနှောက်ဆေး'ပေးခြင်းကို ခံယူလာခဲ့ကြရသည်။

ထိုအယူအဆကို လည်ချောင်း မြေလှန်၊ စုံကန်၍ မျှောချ၊ မျိုချခဲ့ရသည်မှာလည်း အချိန်၊ နှစ်ကာလတွေ ကြာလာခဲ့ပြီဖြစ်ရာ တရားနည်းလမ်းမကျမှန်း သိစေကာမူ၊ စကားအားဖြင့်ပင် ပြန်မပြောရဲသည့်အခြေ ရောက်လာခဲ့ကြသည်။ ပြန်မပြောရဲအောင်လည်း လုပ်ထားကြသည်။

'ကျား' တို့သည် သူတို့ကိုယ်သူတို့ မြင့်မြတ်သော လူတန်းစား၊ စိုးမိုးရမည့် လူတန်းစားဟု ယုံကြည်လာခဲ့ကြသည်။ ပြောရင်းပြောရင်းနှင့် ကိုယ့်စကားကို ကိုယ် ပြန်ယုံကြည်လာကြဟန် တူသည်။

ဤသို့ ကိုယ့်ကိုယ်ကို မြင့်မြတ်သောလူတန်းစား၊ စိုးမိုးရမည့် လူတန်းစားဟု ယုံကြည်လာသောအခါ သူတို့၏လက်အောက်ခံ လူတန်းစား 'မ'တို့ ပြန်ပြောသည့် စကားများကို နားမှလေသံ မကြားချင်ကြချေ။ (နယ်ချဲ့လူမျိုးတွေက ကိုလိုနီလူမျိုးတွေ လွတ်လပ်ရေး တောင်းဆိုတဲ့ စကားတွေ ကြားချင်တယ်လို့များ ရှိဖူးသလား။)

သို့ပေမဲ့ နေမဝင်သည့် အင်ပါယာအရှင်သခင်ကြီးတွေကို တောင် လက်အောက်ခံကိုလိုနီတွေက တော်လှန်ကြသေးတာပဲ 'ကျား' လူတန်းစားတွေကော ဘာသားလုပ်ထားတာမို့လဲ။

တစ်နေ့မှာ 'မ' တို့၏ ဒုက္ခအခြေအနေကို မသိကျိုးကျွန် လုပ်နေလို့ မရတော့ဘဲ သိလာကြရသည်။ 'မ'တို့၏အဖြစ်ကို မမြင်ချင်ယောင်ဆောင်နေ၍ မရတော့ဘဲ မြင်လာကြရသည်။





'ဒီကိုလိုနီနိုင်ငံတွေကို ငါတို့ ဖိနှိပ်စီးပိုး အညွန့်ချိုးခဲ့ကြတာပါလား' ဟု မသိဘဲမနေရသော နယ်ချဲ့လူမျိုးတွေကဲ့သို့ပင် ကိုယ့်အပြစ်ကို ရှောင်လို့မရ၊ ရင်ဆိုင်ကြရသည်။

ဘယ်လိုပင်ရှောင်ရှား၍မရတော့ဘဲ ကိုယ်လုပ်ခဲ့သည့် အပြစ်နှင့် ရင်ဆိုင်လာကြသောအခါ ဝန်မခံလိုကြချေ။ နိုင်သည့်နည်းနှင့် တုံ့ပြန်ကြသည်။

'မ' တို့၏ လှုပ်ရှားမှုကို ညစ်ပတ်ရိုင်းစိုင်းစွာ ဆဲရေးခြင်းဖြင့် 'ကျား' တို့က တုံ့ပြန်ကြသည်ကို တွေ့ရပေသည်။ ဤနေရာတွင် ဝန်းမော်ဆရာတော်နှင့် သီလရှင်ဆရာကင်းတို့ ဥပမာကို သတိရသည်။

ထိုအချက်များအပြင် ဤဆောင်းပါးတွင် သတိမူအပ်သော ကိစ္စတစ်ခုလည်း ပါဝင်သေးသည်။

'မ' တို့လှုပ်ရှားမှုတွင် လူတန်းစားအမျိုးမျိုးပါရှိရာ ကျောင်းသူများ ပါခဲ့၏။ သူတို့နစ်နာချက်မှာ -

*များသောအားဖြင့် သူတို့မှာ အိမ်ထောင်မရှိကြချေ။ သူတို့တွေ့လိုက်လျှင် သားမယားအဖြစ် အတည်လက်ထပ်ယူချင်သော ယောကျ်ားမျိုးမဟုတ်ဘဲ အပျော်ကြံချင်သူတွေချည်း ဖြစ်သည်။ သူတို့မှာ 'လိင်ပစ္စည်း' ကဲ့သို့ အသုံးချခံရသော လူတန်းစားဖြစ်နေကြသည်*

ဟုပါရှိသည်။

ထိုကိစ္စကို ကျွန်ုပ်တို့ မြန်မာအမျိုးသမီးများ အများအားဖြင့် နားရှင်းချင်မှ ရှင်းပေမည်။ ထိုအခြေအနေမှာ သူတို့တိုင်းပြည်၏ လူမှုရေးအတွေးအခေါ် သစ်တစ်ရပ်ကြောင့် ဖြစ်လာရခြင်း ဖြစ်သည်။

ထိုအတွေးအခေါ်မှာ 'လိင် လွတ်လပ်ရေး' ဖြစ်ရာ 'ကျား' နှင့် 'မ' တို့ ဆက်ဆံရေးမှာ အထူးသဖြင့် ကျောင်းသားကျောင်းသူလောကတွင် လိင် မပါလျှင် မဖြစ်နိုင်သလောက် ဖြစ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသူများမှာ ကျောင်းသားများနှင့် မိတ်ဖြစ်ဆွေဖြစ် ပေါင်းသင်းဆက်ဆံမှုမှာ လိင်ကိစ္စပေါ်မှာ အခြေတည်နေသဖြင့် သူတို့မှာ 'လိင်ပစ္စည်း' အဖြစ် အသုံးတော်ခံ ဖြစ်နေသည်ဟု ဆိုခြင်း ဖြစ်သည်။

ထိုလူမှုဆက်ဆံရေးကို 'အရာရာခွင့်ပေးသည့် လူမှုရေး' ဟု ခေါ်သည်။ Permissive Society ယခုအခါ သမီးပျိုရှင်မိဘများ ရင်ကို မ,နေရသော လူမှုရေးထုံးစံဖြစ်နေသဖြင့် အဖတ်ဆည်ဖို့ အစွမ်းကုန် ကြိုးစားနေသူများ ရှိနေကြသည်။ တစ်နေ့တွင် ပြန်ကောင်း ပါလိမ့်မည်ဟု မျှော်လင့်နေကြသည်။ သည်လိုအတွေးအခေါ်များ ကူးစက်လာမည်မှာ ကြောက်စရာကောင်းလှသည်။ သို့ကြောင့် သူတို့ တိုင်းပြည်မှာလည်း ပြန်အဖတ်ဆည်နိုင်ပါစေဟု ကူညီဆုတောင်းပေး လိုက်ရသည်။

## 'မ' တို့ အရေးအောင်ခဲ့လျှင် ဘယ်လိုနေမလဲ

**What it would be like if women win**

**by Gloria Steinen**

### အပြောင်းအလဲဟူသည်

အပြောင်းအလဲဆိုသည်မှာ ဘယ်လိုဟာပဲဖြစ်ဖြစ် လန့်စရာတော့ ကောင်း၏။ နိုင်ငံရေးကိစ္စပဲဖြစ်ဖြစ် ယောကျ်ားတွေနှင့် မိန်းမတွေ ဘယ်သူက ဘယ်ဇာတ်ရုပ်စီးပြီး လူ့လောကဇာတ်ခုံမှာ ကပြကြမလဲဆို တာကို ဆုံးဖြတ်ပေးတဲ့ အပြောင်းအလဲမျိုးက သာလို့ပင် လန့်စရာ ကောင်းတာပေါ့။

သို့ကြောင့်ပင် စိတ်ကူးနှင့် မျှော်မှန်းချက်ကို ရှေးဦးစွာစ၍ ပြောချင်သည်။ ဤကိစ္စကြီးတစ်ခုလုံးမှာ အပေါ်ယံက ရေခဲပြင်ကြီး ပမာ တင်းမာနေသည်။ ထိုရေခဲပြင်ကြီးကိုစ၍ ထုခွဲသည့်အနေနှင့် ရှေ့ဘယ်လိုဖြစ်မည်ကို မျှော်မှန်းပြောရမည်။



www.burmeseclassic.com

www.burmeseclassic.com



## 'မ' နှင့် 'ကျား' နေရာချင်းလဲဖို့ မဟုတ်

'မ' တို့သည် 'ကျား' တို့နှင့် နေရာချင်းလဲဖို့ အလိုမရှိကြပါ။ 'ကျား'ဆိုမှ 'ကျား'၊ ငါ့နေရာမှာ ငါသာပိုင်သည်ဟု ငါတကော ကောချင်ကြသော 'ကျား' တို့သည် ရှိကုန်၏။ သိပ္ပံဝတ္ထု စာရေးဆရာများသည်လည်း ရှိကုန်၏။ ဟာသဆရာနှင့် လှုပြက်များလည်း ရှိကြကုန်၏။ ထိုသူတို့သည် 'ကျား' နှင့် 'မ'တို့ နေရာချင်းလဲလိုက်ကြလျှင် ဟူသော စိတ်ကူးကစားသည့်အခြေအနေကို ဖန်တီးပြတတ်ကြ၏။ တပ်လှန့်ကာ ပွဲကျအောင် ပြက်ရယ်နည်းတစ်မျိုးပင် ဖြစ်သည်။

တစ်ဆိတ်ကလေးရှိလျှင် 'ကျား' နှင့် 'မ' တို့ နေရာချင်းလဲပြ၊ ဖန်တီးပြ၍ ဟားကွက်ဆင် ပြက်ရယ်ပြုကြခြင်းမှာ အကြောင်းရှိသည်။ အကြောင်းက သေးသေးမဟုတ်ချေ။

## ဖားတု ခရုပွက်တာလား

'ကျား' တို့သည် 'မ' တို့က သူတို့ကို လိုက်အတုယူချင်သည်ဟု ယူဆကြသည်။ လူဖြူတွေက လူမဲတွေကို ထိုနည်းလည်းကောင်း ထင်ခဲ့ကြသည်။ ထိုအယူအဆမှာ အလွန်ပင် ပြင်းထန်အားသန်လှသည်။ ဘယ်လောက်များ အားသန်လိုက်သည်ဆိုလျှင် ဒုတိယတန်းစား (ဖိနှိပ်ခံ) လူတန်းစားလူစုတို့သည် စိုးမိုးသူတွေကိုပင် လိုက်တုရတော့မည်လို့ ထင်သွားတတ်ကြသည်။

လူမဲတို့သည် လူဖြူတို့ ဝတ်စားသွားလာပုံတွေ လိုက်တုမှ အကောင်းထင်ခဲ့ကြသည်။ 'မ' တို့ကလည်း 'ကျား' တို့ လုပ်သမျှတွေ တုလုပ်ကြရမည်ဟု ယူဆခဲ့ကြသည်။ သို့သော် ထိုအချိန် အစိတ်အပိုင်းကာလမှ ယခု ကျော်လွန်လာခဲ့ကြပြီး ဖြစ်သည်။





## 'ကျား' တို့သည် ဝင့်လည်မှာ ကြောက်ကြသည်<br>'မ' တို့၏ စိတ်ကူးတိုင်းပြည်

'ကျား' လူတန်းစားတို့သည် မိမိတို့ ပြုခဲ့သောအမှုများသည် တစ်ဖက်သတ် မတရားကျပုံတွေကို သိလာကြသည်။ ထိုအခါ သူတို့၏ စိတ်တွင် ဤသို့မေးခွန်း ဖြစ်ပေါ်လာသည်။

'မ' တွေ စွမ်းဆောင်နိုင်ကြလို့များ ငါတို့ကို အရင်က သူတို့အပေါ်မှာ ငါတို့ပြုသလို ပြန်ပြုကြရင် ဘယ်လိုနေမလဲ။

သို့ပေမဲ့ 'မ' တို့သည် 'ကျား' တို့ အပေါ်တွင် ကလဲ့စားချေရန် ရည်ရွယ်သည် မဟုတ်ပါ။ အရည်အချင်းပေါ်တွင် အခြေတည်သော စီးပွားရေးစနစ်သို့ ပြောင်းလဲလိုလာခြင်းသာ ဖြစ်သည်။

အမျိုးသမီး လွတ်လပ်ရေးလှုပ်ရှားမှု၏ စိတ်ကူးတိုင်းပြည်တွင် ဤသို့ ရှိစေရမည်။

'မ' တို့သည် လခကောင်း၊ အခွင့်အရေးကောင်းသော အလုပ်အကိုင်များရနိုင်ခွင့် ရှိမည်။ တက်လှမ်းနိုင်သည့်လမ်း ရှိမည်။ (အရည်အချင်းရှိလျှင် ရှိသလို)

ရှေးပဝေသဏီကာလကစ၍ အညံ့စားအလုပ် (ဘယ်သူမှ မလုပ်ချင်သည့်အလုပ်) များကို 'မ' တို့သာ လုပ်ပေးခဲ့သည်ဖြစ်ရာ ထိုလုပ်ကိုင်ရသည့်အတွက် ထိုက်တန်သော လခကြေးငွေ ရရမည်။ (အိမ်တွင်းအလုပ် အပါအဝင်)

စက်မှုလက်မှုနှင့် ကျွမ်းကျင်မှုများ တိုးတက်လာသော အချိန်အခါတွင် လူတွေ တစ်နေ့လျှင် ၄ နာရီမျှ အလုပ်လုပ်ရုံနှင့် စားဝတ်နေမှု လုံလောက်လိမ့်မည်။ လခကြေးငွေများ တိုးလာလိမ့်မည်။

ထိုအချိန်တွင် ယခုအခါ ('မ' တွေကို) ဈေးပေါပေါနှင့် ခိုင်းလို့ရသည့် လုပ်အားနှင့် အသက်သွင်းပေးနေရသော လုပ်ငန်းများကို စက်များဖြင့် အစားထိုးနိုင်ကြလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ပြည်သူ့ဆန္ဒမဲဖြင့် ရွေးကောက်တင်မြှောက်သော တိုင်းပြည်၏ ဥပဒေပြုလွှတ်တော်တွင် 'မ' ဦးရေ တစ်ဝက်ကျော်မျှ ပါဝင်လိမ့်မည်။ တစ်ခါတလေ 'မ' သမ္မတ တစ်ဦးတလေ တက်လာချင်လာလိမ့်မည်။ ထိုအခါ တိုင်းပြည်၏ပြဿနာတွေ အတော်ပင်လျော့ပါးသွားလိမ့်မည်။

ရှေးပဝေသဏီကစ၍ ယူဆခဲ့သည့်အတိုင်းဆိုလျှင် 'ကျား' တို့သည် လက်ရုံးအင်အားကို ကိုးစား၍ နိုင်ထက်စီးနင်းပြုမှသာ အောင်ပွဲရသည်။ ထိုအတွေးအခေါ်ကြောင့် ယနေ့လမ်းဆုံ၊ လမ်းမများတွင် အကြမ်းဖက်မှုတွေ တွေ့နေရသည်။ ထိုအတွေးအခေါ်၏ ဦးဆောင်မှုကြောင့် ဗီယက်နမ်အရေး ပေါ်ခဲ့ရသည်။

'မ' တို့၏ ခေါင်းဆောင်မှုရလာခဲ့လျှင် အကြမ်းဖက်မှုတွေ ပပျောက်လိမ့်မည်ဟု မဆိုလိုပါ။ 'မ' တို့သည် 'ကျား' တို့ထက် အကျင့်သီလ ပိုကောင်းကြသည် မဟုတ်ပါ။ ယခုအချိန်ထိ 'မ' တို့သည် တန်ခိုးအာဏာ၏ ဖျက်ဆီးခွင့် မကြုံရသေးသည်သာ ဖြစ်သည်။ 'မ' တို့သည် တန်ခိုးအာဏာ လက်ကိုင်ဖြစ်လာသောအခါတွင် အနိုင်ထက်ကျင့်မှုတွေ ပြုလုပ်ချင်လာကြဖို့လည်း ဖြစ်နိုင်ပါသေးသည်။

## တာဝန်ခွဲဝေယူကြဖို့

(မနုဿဗေဒ ပညာရှင်) မာဂရက်မိဒ် Margaret Mead က ဤသို့ဆိုသည်။

*အကြိမ်အခါအားဖြင့် ရေတွက်ရလျှင် 'မ' တို့သည် တွန်းလှန်တိုက်ခိုက်သောအမှုကို ခဏခဏ မပြုကြချေ။ သို့သော် တကယ်ပြုလုပ်ကြစို့ဟု ဆိုလျှင် ပို၍ မာန်ပြင်းကြသည်။ အဘယ်ကြောင့်ဆိုသော် 'မ' တို့သည် တိုက်ပွဲဝင်သည့်အခါ ကျင့်သုံးရမည့်*





*စည်းကမ်းများကို ဘယ်ခါတုန်းကမှ သင်ကြားခွင့် မရခဲ့ကြသောကြောင့် ဖြစ်သည်။*

*'မ' တို့သည် ချောင်ပိတ်မိ၍ မတတ်သာသော အခါကျမှသာ ပြန်တွန်းလှန်တိုက်ခိုက်တတ်ကြသည်။*

ရှေ့လာမည့် နှစ်ပေါင်းငါးဆယ် အချိန်အတွင်းမှာ ဆိုလျှင် 'မ' တို့ နိုင်ငံရေးနယ်ပယ်တွင်း၌ ဝင်ရောက်ဆောင်ရွက်ကြလိမ့်မည်။ ထို့ကြောင့် 'ကျား' တို့၏ နိုင်ထက်စီးနင်းဝါဒများကို သိမ်မွေ့စေနိုင်ပေလိမ့်မည်။ သို့မှသာ အခြေအနေနှင့် အံဝင်ခွင်ကျ ဖြစ်မည်။

'ကျား' တို့သည် လွှမ်းမိုးအုပ်ချုပ်သူ လူတန်းစားတို့၏ အခွင့်အရေးထူးများကိုတော့ဖြင့် စွန့်လွှတ်ကြရလိမ့်မည်။ သို့သော် သူတို့မှာ အရှုံးချည်း မဟုတ်ပါ။ စစ်တိုက်စရာရှိလျှင် သူတို့တာဝန်ချည်း မဟုတ်ဘဲ 'မ' တွေနှင့် တာဝန်ခွဲဝေရမည်။

အိမ်ထောင်စု၊ မိသားစုတို့ကို ရှာဖွေကျွေးမွေးဖို့ တာဝန်များကိုလည်း 'မ' တို့က ခွဲဝေယူကြလိမ့်မည်။ သို့ဖြစ်၍ နေရာတကာတွင် 'ကျား' တို့၏ အပေါ်၌သာ ဩဇာအာဏာနှင့်တကွ တာဝန်ဝတ္တရားများ တစ်ဖက်သတ် ပိကျလာတော့မည် မဟုတ်ချေ။

'မ' နှင့် 'ကျား' တို့သည် အလုပ်ချင်း၊ နေရာချင်းလဲယူကြသည် မဟုတ်ချေ။ ကိုယ်နှစ်သက်ရာ နေရာယူ၍ တာဝန်ထမ်းဆောင်နိုင်ကြမည်။ ကိုယ်နှစ်သက်ရာ အလုပ်ကို ရွေးချယ်နိုင်သော လွတ်လပ်ခွင့်ရှိကြလိမ့်မည်။

'မ' တို့ ယခု လှုပ်ရှားနေသော ခေတ်ပြောင်းတော်လှန်ရေးသည် 'မ' တို့အား အိမ်ထောင်ရှင်မ၊ အိမ်ရှင်မဘဝတွင် မနေစေရဟု အတင်းအကျပ် ဆွဲထုတ်ခြင်းမပြုပါ။ နေချင်လျှင် နေနိုင်ပါသည်။

'မ' တစ်ဦးသည် လင်ယောကျ်ား၏ အလုပ်အကျွေး အိမ်ရှင်မအဖြစ် လင်ယောကျ်ား၏ မိတ်ဆွေများကို ဧည့်ခံကျွေးမွေးခြင်းစသော



www.burmeseclassic.com

www.burmeseclassic.com



အိမ်တွင်းမှုတို့၌ မွေ့လျော်ပျော်ရွှင်နေသူဖြစ်ပါမူ ထိုဘဝမှာ ပျော်ပျော်ကြီးနေနိုင်ခွင့် ရှိပါသည်။

သို့သော် တစ်ခုတော့ ထူးခြားမည်။ ထိုအိမ်မှုလုပ်ငန်း တာဝန်များအတွက် လင်ယောကျ်ား၏ လစာငွေထဲမှ အချိုးကျ ရပိုင်ခွင့်ရှိသည်။ ပင်စင်အငြိမ်းစားရိက္ခာများနှင့် လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုအတွက် လေ့လာနိုင်ရန် စရိတ်စကလျာထားပေးရမည်။ လင်မယားကွာရှင်းကြသောအခါ၊ အရောင်းအဝယ်လုပ်ငန်း စပ်တူလုပ်ကြသူများလမ်းခွဲကြသည့်အခါတွင် စီမံခန့်ခွဲသကဲ့သို့ စီမံရမည်။

## ဟန်ဆောင်မှုတွေ ကင်းကွာမည်

'ကျား' နှင့် 'မ' တို့၏ လုပ်ငန်းဆောင်တာနှင့် သက်ဆိုင်သော ပြုပြင်ပြောင်းလဲမှုများကို ပြောသံကြားလိုက်သည်နှင့် လန့်သွားတတ်ကြသေးသည်။

သို့သော် တစ်ခုစဉ်းစားဖို့ကောင်းသည်။ ဥပမာ - ဖိုမ ဆက်ဆံရေးများတွင် တွေ့ရသော ဟန်ဆောင်မှုတွေကို ကြည့်ပါဦး။ အရောင်းအဝယ် ကုန်ချင်းဖလှယ်သည့်နည်းတူ အောက်မေ့ကြသည်။

'မ' တို့က 'ကျား' တို့အပေါ်မှာ စိတ်ဝင်စားချင်ယောင်ဆောင်ကြရသည်။ 'ကျား' တို့ကလည်း စိတ်ထဲတွင် သူတို့ကို တကယ်ပဲသဘောကျတာ ဟုတ်လေရဲ့လားဟု သံသယနှင့် ယှဉ်နေကြရသည်။ 'ကျား' တို့သည် 'မ' တို့အား ပစ္စည်းဥစ္စာအိုးအိမ်နှင့်တကွ လူပုံအလယ်တွင် တင့်တင့်တယ်တယ် နေစေနိုင်သည်။ 'မ' တို့သည် ထိုစွမ်းရည်ကို အားကိုး၍ 'ကျား' တို့အပေါ်တွင် ချစ်ဟန်ခင်ဟန် ဆောင်လေသလား။ အဘယ့်ကြောင့်ဆိုသော် အချို့သော 'မ' တို့မှာ လင်သားမှတစ်ပါး ရပ်တည်အားကိုးစရာ မရှိကြချေ။





အကယ်၍သာ 'မ'တို့သည် 'ကျား'တို့နှင့် တန်းတူသော အခွင့်အရေး ရရှိကြပါလျှင်၊ တစ်နည်းဆိုသော် 'မ'တို့သည် ကိုယ့်ခြေထောက်ပေါ်မှာ ကိုယ်ရပ်နိုင်ခဲ့ကြပါလျှင် 'ကျား'တို့မှာ ထိုသံသယမျိုးရှိဖို့ မလိုတော့ချေ။ အချစ်နှင့်အိမ်ထောင်ရေးတွင် 'မ' တို့သည် 'ကျား' တို့ အပေါ်တွင် တကယ်ကြည်ဖြူချစ်ခင်စိတ်ကလွဲ၍ အခြားသောအကြောင်းများကြောင့် သည်းခံပေါင်းသင်းနေဖို့ မလိုတော့သည့်အခြေသို့ ရောက်ပေမည်။

ထို့ပြင် 'ကျား' တို့မှာလည်း သူတို့၏ ဘဝခရီးဖော်အဖြစ် လူ၏အသိဉာဏ်တင်းပြည့်မရှိသော ပုဂ္ဂိုလ် 'မ' များနှင့် တစ်သက်လုံးယှဉ်တွဲနေဖို့ လိုတော့မည် မဟုတ်ပေ။ ကလေးသူငယ်ကဲ့သို့ မစဉ်းစားတတ်သော 'မ' များ၊ 'ကျား' တို့ အပေါ်ကိုချည်းသာ တာဝန်ချပုံ၍ အားကိုးတတ်သော 'မ' များကို 'ကျား' တို့က သနားသဖြင့် သည်းခံပေါင်းသင်းနေကြဖို့ အကြောင်းရှိတော့မည် မဟုတ်ချေ။

အိမ်ထောင်ရေးသည် တစ်ဦးတည်းသော သူကသာလျှင် လုံးဝတာဝန်တွေ ထမ်းဆောင်ရမည်။ တစ်ဦးတည်းသော သူကသာလျှင် စိုးမိုးအုပ်ချုပ်ရမည်ဟူသော အတွေးအခေါ်မျိုးဖြင့် တည်ဆောက်သည့်အဖွဲ့အစည်း မဟုတ်တော့ချေ။ ညီတူဝေမျှ တာဝန်ယူသည့်ပေါင်းသင်းဆက်ဆံရေး ဖြစ်လာလိမ့်မည်။

အမျိုးသမီးလွတ်လပ်ရေးလှုပ်ရှားမှု၏ ရည်ရွယ်ချက်အောင်မြင်လျှင် လူမှုရေးအသိုင်းအဝန်း သာယာငြိမ်းချမ်းမည်။ သို့ကြောင့်ပင် ဆွီဒင်အစိုးရသည် 'မ' နှင့် 'ကျား' တို့ တန်းတူအခွင့်အရေးပေးဖို့ ဥပဒေများ ပြုပြင်ရန် စဉ်းစားနေခြင်း ဖြစ်သည်။

ဆွီဒင်ဝန်ကြီးချုပ် အိုလဖ်ပမ်း Olof Palme က ၁၉၇၀ ခုနှစ် ဝါရှင်တန်မြို့တော်၌ ဤသို့ ထုတ်ဖော်ပြောဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"အနှောင်အဖွဲ့က လွှတ်ပေးရမယ်ဆိုတဲ့ 'မ'
ဟှောလဲ လူတွေပဲမဟုတ်လား၊ ကနေ့ ဆွီဒင်ပြည်မှာ
ဒါက မိန်းမအလုပ်၊ ဟိုဟာက ယောကျ်ားအလုပ်ဆိုပြီး
ခွဲခြားပြောကြည့်စမ်းပါလား၊ အဲဒီ နိုင်ငံရေးသမားမျိုးကို
ကျောက်ခေတ်က လူလို့ ခေါ်ကြမှာပဲ"

အမျိုးသမီး လွှတ်လပ်ရေးလှုပ်ရှားမှု၏ ပန်းတိုင်မှာ လူမှုရေး၊ နိုင်ငံရေးတွင် ညီမျှတန်းတူဖြစ်မှုသာ ဖြစ်ပေသည်။

## ထိုဆောင်းပါးကိုလေ့လာချက်

ထိုဆောင်းပါးသည် အချို့သော စာရေးဆရာနှင့် နိုင်ငံရေးသမားများ၊ ရုပ်ပြောင်ဆရာများက 'မ' နှင့် 'ကျားတို့' နေရာချင်း လဲလှယ်ကြတော့ မည်ကဲ့သို့ ပြက်ရယ်ပြုကြသည်ကို ပြန်လည်ချေပထားသည်။

ထိုသို့ ပြက်ရယ်ပြုခြင်း၊ အမျိုးသမီးများကို အရှက်ရအောင် ဆဲဆိုခြင်းများမှာ လူ့သမိုင်းတစ်လျှောက်တွင် 'မ' တို့ကို ဖိနှိပ်စီးပိုးခဲ့ သော အပြစ်ကို 'ကျား' လူတန်းစားတို့ ရင်မဆိုင်ရဲ၍ 'မဲ'ကြခြင်း ဖြစ် သည်ဟု ဆောင်းပါးရှင်က ဆိုသည်။

'မ' နှင့် 'ကျား' တို့ကို ဖိနှိပ်ခံရသူနှင့် စိုးမိုးအုပ်ချုပ်သူ လူတန်း စား နှစ်စားအဖြစ်နှင့် တင်ပြဆွေးနွေးထားသည်။

'မ' တို့သည် 'ကျား' တို့ကို အန်တုချင်ကြသည်။ အတုခိုး၍ လိုက်လုပ်ချင်ကြသည်ဟု 'ကျား' တို့က ဆိုကြသည်။

လွှမ်းမိုးအုပ်ချုပ်သော အရှင်သခင်လူတန်းစားကို လက် အောက်ခံလူတန်းစားက လိုက်အတုယူတတ်ကြသည်မှာ ဖြစ်တတ် သည့် ကိစ္စပင် ဖြစ်သည်။





ထို့ကြောင့် ၁၉၁၃ ခုနှစ်၊ ၁၄ ခုနှစ်ခန့်က သခင်ကိုယ်တော် မှိုင်းကြီးက ဤကဲ့သို့ ရေးဖူးသည်။

မျိုးမြန်မာ ညီးရှာခဲ့ပြီမို့၊
ကိုးရာမဲ့ချိန်တွင်၊
ရှိးရာကွယ့် မတိမ်ချင်တယ်၊
ပင်္ဂိုညာဉ် ခန့်ပွဲ၊
မြင်ရချက် ကိုယ်သဏ္ဌာန်မှာ၊
ဝိုဆန်ဆန် များကြသပဲ။

'မ' တို့သည် 'ကျား' တို့လုပ်သလို လိုက်လုပ်သည် ဟုဆိုလျှင် လက်အောက်ခံလူတန်းစားက အုပ်ချုပ်သူလူတန်းစားလို အတုခိုးပြုမူ သည့် ထုံးစံအစဉ်အလာအတိုင်းပင် ဖြစ်သည်။ 'မ' တို့သည် 'ကျား' တို့ လွှမ်းမိုးသည်ကို 'ပြန်ပြော' ခြင်းအမူ ပြုရဲကြသူများ မဟုတ်ချေ။ သို့ဖြစ်၍ 'အတု' ယူခြင်းပင်လျှင် မိမိတို့ ဖိနှိပ်ခံရသည့် အဖြစ်မှန်ကို တစ်နည်းတစ်လမ်း တင်ပြနေခြင်းဖြစ်သည်ဟု ယူဆနိုင်ပေသည်။

သို့သော် 'အတုခိုး' လုပ်ကြကိုင်ကြသည့် အခြေအနေမှ 'မ'တို့ ကျော်လွှန်ခဲ့ကြသည်။ နေရာတကာ လိုက်အတုခိုးနေရုံနှင့် မကျေနပ် ကြတော့ဘဲ ဖိနှိပ်ခံဘဝမှ လွှတ်မြောက်အောင် ကြိုးစားလာကြသည်။

'ကျား' တို့သည် 'မ' တို့အပေါ်တွင် (ငါတို့ တစ်ဖက်သတ် စိုးမိုး နှိပ်စက်ခဲ့ကြတာပါလား) ဟူသော ပြစ်မှုကြီးနှင့် ရင်ဆိုင်လာသောအခါ ဝင့်လည်မှာ ကြောက်ကြသည်။ 'မ' နှင့် 'ကျား' အခြေအနေချင်းများ ပြောင်းလဲပစ်လိုက်ကြလျှင် ဘယ်လိုများနေမည်လဲဟု တွေးပြီး ကျောချမ်းနေကြသည်ဟု ဆိုသည်။

ထိုဆောင်းပါးစာတမ်းတွင် တင်ပြထားသည့် အချက်အလက် များကို ပုဒ်မပါ ကျူးပြီး အတုံးလိုက် အတစ်လိုက် မှီချရန် မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



မိမိတို့ ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားသုံးသပ်ရန် ဖြစ်သည်။

ထိုအချက်အလက်နှင့် ပတ်သက်သော ကိစ္စများကိုလည်း ပို၍ သိနားလည်အောင် ကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှုလေ့လာဖို့ သင့်ပေသည်။ ကိစ္စတစ်ခုကို ထောင့်စေ့အောင် လေ့လာစုံစမ်းဖို့ လိုသည်။ သို့မှသာ အမှန်နှင့် နီးစပ်နိုင်သလောက် နီးစပ်လာပေမည်။

●

## အလုပ်ခွင်တွင် 'ကျား' 'မ' ခွဲခြားမျက်နှာလိုက်မှု

### စျေးပေါပေါ်ရသည့်လုပ်အား

တင်ပြခဲ့သော ဆောင်းပါးနှစ်ပုဒ်မှာ 'လွတ်လပ်ရေးခုပေး' စာအုပ် ပထမပိုင်းတွင် ပါရှိသည်။ စာအုပ်၏ ဒုတိယပိုင်းတွင် လုပ်ငန်းခွင်တွင် 'ကျား' 'မ' ခွဲခြားမျက်နှာလိုက်မှုကိစ္စများကို ဆွေးနွေးသော ဆောင်းပါးများ ပါရှိသည်။ ထိုဆောင်းပါးများ၏ ရှေ့နားတွင် အယ်ဒီတာတို့က ဤသို့ စကားချီးထားသည်။

> 'မ' တို့သည် လူ့လောကအဆောက်အအုံတွင် စျေးပေါပေါ်ရသော လုပ်အားတပ်တစ်ခု ဖြစ်သည်။ ငှားချင်သည့်အချိန်မှာ ငှားပြီး ထုတ်ပစ်ချင်သည့် အချိန်မှာ ထုတ်ပစ်နိုင်သည်။
>
> 'မိန်းမတွေကိုက ငွေအပိုသုံးချင်ကြလို့ အလုပ်ထွက်လုပ်တာ' ဟူ၍လည်းကောင်း၊ 'မိန်းမပဲ အိမ်မှာ အေးအေးနေတာ မဟုတ်ဘူး' ဟူ၍လည်းကောင်း ပြောကြသည်။ သို့သော် သိန်းသန်းအရေအတွက်ရှိသော မိန်းမတို့သည် ဗိုက်ခဲပစ္စည်းတွေဝယ်ဖို့ အပိုဝင်



www.burmeseclassic.com

www.burmeseclassic.com



ငွေရှာနေကြသည် မဟုတ်ကြချေ။ စားဝတ်နေရေး ရပ်တည်နိုင်ကြဖို့ အလုပ်ထွက်လုပ်ကြရခြင်း ဖြစ်သည်။

ကျွန်ုပ်တို့ကို ပညာသင်ပေးပုံကိုကလည်း သူ တစ်ပါး အခိုင်းခံ၊ စက္ကရိတောရီ၊ သူနာပြုဆရာမ၊ အိမ်စေနှင့် စက်ရုံ အလုပ်သမား အလုပ်များလောက် သာ လုပ်တတ်သည့် ပညာမျိုးသာ ဖြစ်ခဲ့ကြသည်။

အထက်တန်းပညာသို့ တက်လှမ်းသင်ယူနိုင် ကြသော 'မ' တို့မှာ ဘီအေ အမ်အေဘွဲ့ကြီးတွေ ယူ ထားပြီး အလုပ်လျှောက်သည့်အခါ လက်နှိပ်စက် ဘယ်လောက်မြန်မြန် ရိုက်တတ်သလဲဟု စစ်ဆေးခံရ သည်။ အထက်ဆင့်ရာထူးကြီးအထိ တက်ရနိုင်သော 'မ' ဦးရေမှာ အချိုးအစားအားဖြင့် အလွန်နည်းသည်။

ကျွန်ုပ်တို့၏ လွတ်လပ်ရေးလှုပ်ရှားမှုတွင် ပါဝင်ကြသော 'မ' တို့သည် 'လုပ်ငန်းခွင် လွတ်လပ်မှု' ကို တစ်သက် တစ်ခါ ကြုံတွေ့ရသည်။ လုပ်ငန်းခွင် လွတ်လပ်မှုဟူသည်မှာ 'အလုပ်' ဆိုလျှင် မည်သည့် အလုပ်မဆို ညီတူညီမျှ ဝေခွဲလုပ်ကိုင်ရခြင်း၊ ဘယ် အလုပ်မဆို နိမ့်သည်၊ မြင့်သည်၊ လွယ်သည်၊ ခက် သည် မဟုတ်။ တတ်နိုင်သရွေ့ ကျွမ်းကျင်အောင် လေ့လာခြင်းကို ဆိုလိုသည်။ ဩဇာပေးသည့် မိုးကျ ရွှေကိုယ်များ၏ လက်အောက်တွင် ပြုရိုကရက် ယန္တရားစက်နှင့်လည်သည့်စနစ်မျိုး မဟုတ်ဘဲ မိမိတို့ စွမ်းအား အရည်အချင်းရှိသလို တာဝန်ခွဲဝေ လုပ်ကိုင်





ခြင်းသည်ပင် 'လုပ်ငန်းခွင် လွတ်လပ်ရေး' ဖြစ်သည်။ 'ကျား' နှင့် 'မ' တို့သည် တစ်ဦးနှင့် တစ်ဦး 'ကျေး ဇူးတင်ရှိသေ၊ ဘုတ်ကျိုးရှိသေ' ဟူသော စကားကဲ့ သို့ တစ်ဦးကိုတစ်ဦး လေးစားရှိသေကြသည်။ တစ်ဦး မသိနားမလည်တာကို တစ်ဦးက သင်ပြပေးသည်။ တိုင်တိုင်ပင်ပင် ဘာမဆို စဉ်းစားဆုံးဖြတ်လုပ်ကိုင် ကြသည်။

အလုပ်ခွင်တွင် လူတန်းစားတစ်ဦးက အထက် က အမိန့်ပေး၊ ဩဇာပေးစီမံပြီး အခြားလူတန်းစား တစ်ဦးက အများမလုပ်ချင်သည့်အလုပ်တွေ ကျုံးလုပ်၊ 'ခိုင်းဖတ်' များအဖြစ် နေရမည်ဟူသော အတွေး အခေါ်များ ကျွန်ုပ်တို့ အလိုမရှိကြချေ။

ကျွန်ုပ်တို့ 'မ' များသည် 'ကျား' တို့၏ ရန်သူ လည်း မဟုတ်၊ အတင်းဝင်ရောက် ယှဉ်ပြိုင်နေကြသူ များလည်း မဟုတ်ချေ။ ကျွန်ုပ်တို့သည် အသိဉာဏ် ရှိသော ဖန်တီးတီထွင်တတ်သော လူများပင် ဖြစ် သည်။ သူများမလုပ်ချင်သည့် 'ခိုင်းဖတ်' အလုပ်တွေကို 'မ' တွေသာ မဟုတ်၊ အားလုံးပင် ဝေမျှလုပ်ကိုင်ကြရ မည်။ ငြီးငွေ့စရာကောင်းသော အလုပ်များ၊ ကြာလေ ဉာဏ်တုံးကာ စက်ရုပ်ပမာ ဖြစ်စေတတ်သော အလုပ် များကို မိန်းမတွေချည်း လုပ်ရမည် မဟုတ်ချေ။

●

www.burmeseclassic.com

www.burmeseclassic.com

# အလုပ်ခွင်၌ ‘မ’ နှင့် ‘ကျား’ ခွဲခြားမှုပြဿနာများ

## Job Discrimination

by Alice Rossi

အလုပ်ခွင်များတွင် ‘ကျား’နှင့် ‘မ’တို့ကို ခွဲခွဲခြားခြား စဉ်းစားကြသည်။ အလုပ်ပေးရာတွင်လည်းကောင်း၊ ရာထူးတိုးပေးရာတွင်လည်းကောင်း၊ ‘မ’တို့ကို တမင်ချန်ထား၊ နှိမ်ထားသည်။ ဤသို့ ဆိုရာဝယ် ဘယ်နေရာတွင် ဘယ်လိုပဲ အတိအကျ အချက်အလက်များရဖို့ အလွန်ပင်ခဲယဉ်းသည်။

အလုပ်ရှင်များသည် (‘မ’ များ အလိုမရှိ)ဟူ၍ စာချိတ်ဆွဲထားခြင်း မပြုချေ။ သို့သော် ‘မ’တွေတော့ သည်နေရာ သည်ဌာနမှာ မခန့်ဘူးဟူသော အတွင်းကျိတ်ပေါ်လစီတော့ ရှိကြသည်။

အချို့သော ‘မ’ တို့သည် မိမိတို့အရည်အချင်းရှိသလောက် လုပ်ကိုင်နိုင်ခွင့်မရှိ။ ရှေ့ကပိတ်ဆို့ထားသည်ကိုပင် သဘောမပေါက်ကြချေ။ အခြားသော များစွာကုန်သော ‘မ’ တို့သည် သိပင်သိငြားသော်လည်း ထိုကိစ္စမှာ ပြောရလျှင် နာကျည်းလွန်းလှသည်။ မခံမရပ်နိုင်သော စိတ်ဆိုးမှုတွေကို ပြန်ဖော်လာသဖြင့် ပြောတောင်မပြောချင်ဖြစ်တတ်ကြသည်။





‘မ’တို့၏ အဆင့်အတန်းနှင့်ပတ်သက်၍ သုတေသနပြုသူများနှင့် အမျိုးသမီးလွတ်လပ်ရေး လှုပ်ရှားမှုများတွင် ဝင်ရောက်လုပ်ကိုင်နေသောသူများက မေးနိုင်၊ မြန်းနိုင်၊ စပ်စုနိုင်မှ သူတို့ခံစားရချက်များကို တီးတိုးတိုင်ပင်သည့်စကားအဖြစ်နှင့် ထွက်လာတော့သည်။

ထိုကိစ္စနှင့်ပတ်သက်၍ ‘မ’များ တက်တက်ကြွကြွ ရှိလာစေရန် အလုပ်ခွင်များသို့ သွားရောက်မေးမြန်းလေ့လာ၍ရသမျှ အကြောင်းအရာများ ကျွန်ုပ်မှာ ဖိုင်တွဲတွေနှင့်အပြည့် ရှိနေသည်။

ကျောင်း၊ တက္ကသိုလ်ဆရာများနှင့် လူကြီးမိဘများသည် ‘မ’ တို့ကို သူတို့ဝါသနာအထုံပါ၍ အရည်အချင်းရှိသော ဘာသာရပ်များ၌ ထွန်းထွန်းပေါက်ပေါက် လုပ်ဖို့ကို အားမပေးကြချေ။

အလုပ်ခွင်မှာလည်း ‘ကျား’ များသည် ‘မ’ တို့ကို အလိုမရှိကြောင်း ထင်ရှားစေသည်။ အလုပ်ခွင်တွင် အရည်အချင်းနှင့်ဖျတ်ဖျတ်လတ်လတ် လုပ်တတ်၊ ကိုင်တတ်၊ ပြောဆိုတတ်သော ‘မ’ များကို ‘ယောကျ်ားတွေကို သင်းကွပ်ပစ်ချင်တဲ့ အာပေါင်ကျယ် ခွေးမ’တွေဟု ဆိုကြသည်။ အေးအေးဆေးဆေး ကြောင်လက်သည်းဝှက်နေသော ‘မ’ များကိုကား ‘အလကားပါ၊ ဘာမှ တက်တက်ကြွကြွမရှိဘူး၊ ရာထူးကြီးနဲ့ မတန်ဘူး’ ဟု ဆိုကြပြန်သည်။

ဤသို့လုပ်ငန်းခွင်တွင် အနှိမ်ခံနေကြရသော ‘မ’ တို့သည် ဘာမှအရေးယူဆောင်ရွက်ခြင်းမလုပ်ဘဲ နေလိုက်ကြသည်။ သူတို့ကို ပြန်မလှန်နိုင်အောင် လုပ်ထားသည့်နည်းတွေက အမျိုးမျိုးရှိသည်။ မျက်နှာပျက်အောင်၊ ရှက်အောင် ပြောဆိုပြက်ရယ်ပြုခြင်းဖြင့်လည်းကောင်း၊ အဖက်မလုပ် ဝိုင်းပယ်ခြင်း၊ ရာထူးတိုးပေးစရာရှိလျှင် သူတို့လောက်မှ ပညာအရည်အချင်းမရှိသော ‘ကျား’ တို့ကိုသာ ခေါင်း ပေါ်က ကျော်၍ပေးခြင်း၊ အစရှိသောနည်းတွေ သုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



'မ' တစ်ယောက်က အလုပ်တစ်ခုကို ကောင်းကောင်းများ လုပ်ပြလိုက်လျှင် အထက်လူကြီးတွေက 'မိန်းမပေမယ့်အတော်သားပဲ' ဟု အံ့သြသလို ပြောကြသည်။ အလုပ်အကိုင်ညံ့လျှင် 'မိန်းမပဲ ဒီလို နေမှာပေါ့' ဟု ဆိုကြသည်။ သို့ဖြစ်၍ များစွာကုန်သော 'မ' တို့သည် 'ကျား' တို့ ထင်ထားသည့်အတိုင်းပင် အလုပ်အကိုင်ညံ့ညံ့ပင် လုပ်ပြကြတော့သည်။

သို့သော် တော်ပါသေးသည်။ 'မ' တိုင်း 'မထူးပါဘူး၊ ညံ့ညံ့ ဖျင်းဖျင်းပဲလုပ်နေတာ ကောင်းပါတယ်' ဟု မယူဆကြချေ။ 'ကျား' တို့နှင့်သာလျှင် ထိုက်တန်သည်။ 'မ' တို့နှင့် လားလားမှမထိုက်ဟူသော နေရာ၊ ရာထူးများကို ဤသို့ပိတ်ဆို့ထားသည်ကို တစ်မျိုးတစ်ဖုံရင်ဆိုင် ကြသည်။ အချို့သော အသိပညာရှင် 'မ' တို့သည် တက်လမ်းမရှိသော အလုပ်များမှထွက်၍ ကိုယ့်ဘာသာ တစ်သီးပုဂ္ဂလ လုပ်ငန်းကြီးများ တည်ထောင်လုပ်ကိုင်လာကြသည်။

(ရာသီဥတုတိုင်းထွာရေး) မိုးလေဝသအင်ဂျင်နီယာ သိပ္ပံပညာ ဒီဂရီရသော အမျိုးသမီးတစ်ဦးက ဤသို့ ပြောသည်။

"အခု ကျွန်မ ကိုယ်ပိုင်လုပ်ငန်းပိုင်ရှင် တစ်ဦး အဖြစ်နှင့် ကိုယ့်အလုပ်ကိုယ်လုပ်နေတယ်၊ ဒါပေမဲ့ အစတော့ မသက်သာဘူး၊ မနည်းကိုပဲ ရုန်းကန်ရ တယ်၊ ဒီဂရီရပြီးစကဆိုရင် ဒီပညာနဲ့ ဘယ်မှ ခရီး ရောက်မှာ မဟုတ်ဘူးလို့ ဆိုကြတယ်။ လူငယ် 'မ' တွေကို အကြံပေးချင်တာကတော့ (ဘယ်သူ့စကားမှ နား မထောင်နဲ့) ကုမ္ပဏီတစ်ခုမှာဝင်လုပ်ပြီး ရှေ့ တက်လမ်းမရှိတာနဲ့ နောက်တစ်နေရာ ပြောင်းလုပ် တယ်။ နောက်ဆုံး ကုမ္ပဏီတစ်ခုမှာ ဒုဥက္ကဋ္ဌ ရာထူး





အထိရတယ်၊ ဥက္ကဋ္ဌအထိ တက်မဖြစ်နိုင်မှန်းသိတော့ ကိုယ့်ဘာသာကိုယ် ကုမ္ပဏီတစ်ခု ထောင်တယ်၊ အခု အခြားကုမ္ပဏီပေါင်း ၁၀၀ ကျော်ကို စက်မှုသိပ္ပံ အကြံပေးလုပ်ငန်း လုပ်ပေးနိုင်ခဲ့တယ်"

အခြားအမျိုးသမီးတစ်ဦးမှာ ပညာရေးပါရဂူ ဒီဂရီရသည်။ ကုမ္ပဏီများတွင် အလုပ်လုပ်ကိုင်ဖို့ ကြိုးစားခဲ့သည်။ သူက ဤသို့ ပြောသည်။

"ကျွန်မဟာ အမေရိကန်ပြည်မှာ အနည်း အကျဉ်းသာရှိတဲ့ ကုမ္ပဏီပိုင်ရှင် 'မ' တစ်ဦး ဖြစ်ပါ တယ်။ ကူးသန်းရောင်းဝယ်ရေးလောကမှာ 'ကျား'တို့ရဲ့ အတ္တကြီးစိုးမှုကို တိုက်ဖျက်တဲ့အလုပ် တော်တော် များများပဲ လုပ်ခဲ့ရပါတယ်။ ခြောက်နှစ်လုံးလုံး မိန်းမ ဆိုပြီး ရာထူးကြီးမပေးချင်ကြတဲ့အဖြစ်နဲ့ ကြုံခဲ့ရပါ တယ်။ နောက်ဆုံးကျတော့ ဒါလောက်တောင် ရှိလှ တာ အောင်မြင်ချင်ရင်တော့ သူတို့ပေးတာ၊ ကမ်းတာ စောင့်နေလို့ မဖြစ်ဘူး၊ ကိုယ့်ကုမ္ပဏီ ကိုယ်ထောင်မှပဲ ဆိုပြီး စလုပ်တော့တာပဲ၊ အခု ကျွန်မရဲ့ကုမ္ပဏီဟာ ဆိုရင် ဒေါ်လာငါးသန်း တန်ဖိုးရှိပါတယ်။

"အုပ်ချုပ်ရေးဆိုင်ရာအရာရှိ၊ အရာခံတွေရဲ့ တစ်ဝက်ဟာ 'မ'တွေပါပဲ။ အများအားဖြင့် အိမ်ထောင် ရှင်၊ သားသမီးတွေတစ်ဖက်နဲ့ အလုပ်ကိုလဲ နိုင်နိုင် နင်းနင်း လုပ်နိုင်တဲ့လူတွေပါပဲ"

ထိုဆောင်းပါး၏အဆုံးသတ်တွင် လုပ်ငန်းခွင်များ၌ 'ကျား' 'မ' ခွဲခြားကာ အလုပ်မပေးခြင်း၊ ရာထူးတိုး မပေးခြင်းကိစ္စများကို



www.burmeseclassic.com

www.burmeseclassic.com



ဥပဒေအရ အရေးယူနိုင်အောင် ဆောင်ရွက်လှုပ်ရှားမှုများ အကျယ်တဝင့် ဖော်ပြထားသည်။

လုပ်ငန်းခွင်တွင် 'မ' တို့အား နေရာမပေးချင်၊ နှိမ်သည်ဟူသော အချက်ကို ဆွေးနွေးကြရာတွင် စာရေးစာချီ၊ လက်အောက်ခံ အလုပ်များကို နှိမ့်ကျသည်ယူဆသော အတွေးအခေါ်ကို အခြေပြုသည် မဟုတ်ချေ။

နိမ့်သည်ဖြစ်စေ၊ မြင့်သည်ဖြစ်စေ၊ အလုပ်၏တန်ဖိုး ဂုဏ်သိက္ခာရှိသည်ကိုကား လက်ခံကြသည်။ သို့သော် မိန်းမတွေဆိုလျှင် စာရေးစာချီ၊ လက်အောက်ခံအလုပ်လောက်နှင့်သာ တန်သည်ဟူသော အတွေးအခေါ်စနစ်ကို အလိုမရှိခြင်းပင် ဖြစ်သည်။

## အခြားဆောင်းပါးစာတမ်းများ

ထိုအပိုင်းတွင်ပါဝင်သော အခြားဆောင်းပါးစာတမ်းများမှာ အလုပ်ခွင်တွင် အလုပ်လုပ်ကိုင်ရသော 'မ' တို့ နေ့စဉ် ကြုံတွေ့ရသော ပြဿနာများကို ဆွေးနွေးထားသည်။

မယ်ဒီလင်း ဘယ်လ်ကင် Madeling Belkin ခေါ် အမျိုးသမီးက လက်နှိပ်စက်စာရေးမ၏ အတွေ့အကြုံများကို တင်ပြရာတွင် သူတို့အတန်းအစားကို ခိုင်းဖတ်ကဲ့သို့ပင် သဘောထားသည်။ အသက်မရှိသည့် စက်ရုပ်လို့ အောက်မေ့ကြသည်ဟု ဆိုသည်။

သူ့အထက်က အရာရှိ၊ အလုပ်ရှင်များကို ပုဂ္ဂိုလ်အဖြစ်နှင့် အပြစ်တင်ခြင်းမဟုတ်ပေ။ အများအားဖြင့် လူကောင်းများ ဖြစ်ကြသည်။ သို့သော် အလုပ်၏ ပုံစံစနစ်ကိုက အထက်အရာရှိက စိုးမိုးရမည်။ အောက်ကလူက ငုံ့ခံရမည်။ အထက်အရာရှိက အသိဉာဏ်ရှိသည်။ အောက်လူက အမိန့်နာယူ၊ ပြောတာလုပ်။ ထိုစနစ်အရ လူလူချင်းလို ဆက်ဆံလို့ မဖြစ်နိုင်အောင် အခြေအနေကို ဖန်တီးခဲ့လေသည်။

ထိုစနစ်ကို တစ်ခါတုန်းကရှိခဲ့သော လူမဲကျွန်နှင့် လူဖြူသခင်စနစ်နှင့် နှိုင်းယှဉ်၍ ပြထားသည်။

ငွန်ပွင့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဟိုရှေးရှေးက အမေရိကန်ပြည် တောင်ပိုင်း ဒေသဆီမှာ လူမဲကျွန်တွေ လှုဝါးဝလာကြပုံတွေကို ကျွန်မတို့ ကြားဖူးပါသည်။ တချို့ လူမဲကျွန်တွေက မျှားဆိုရင် သခင်ရဲ့ဟင်းပန်းကန်ထဲ တံတွေးထွေးပြီးမှ စားပွဲပေါ်တင်သည်။ အဖိုးတန် ပန်းကန်များကို မတော်တဆလိုနှင့် တမင်ခွဲပစ်သည်။

အမေရိကန်ရှိ များစွာကုန်သော 'မ' တို့သည် နေ့စဉ်နှင့်အမျှ သူတို့၏ ဘဝမညီမျှချက်၊ နစ်နာချက်များကို ကျွန်မဲများ၏ လုပ်နည်းလုပ်ဟန်အတိုင်း တန်ပြန်နေကြသည်ကို သိသူ နည်းကြသည်။

ကာလကြာသောအခါ ကျွန်မဲတို့သည် ဟင်းထဲ တံတွေးထွေးထည့်ရုံ၊ ပန်းကန်တွေခွဲပစ်ရုံနှင့် သူတို့၏ ဘဝအခြေ ထူးခြားမည်မဟုတ်ကြောင်း သဘောပေါက်လာကြသည်။

ရုံးအလုပ်ခွင်တွင် အလုပ်လုပ်နေကြသော လက်နှိပ်စက်စာရေးမများတို့သည်လည်း လက်နှိပ်စက်ကို ဖျက်ပစ်၊ စက္ကူတွေ၊ ရုံးအပ်တွေ ခိုးသုံး၊ အလုပ်ကို မေ့လျော့ပစ်၊ အစရှိသည့် အံ့ပုန်း အဖျက်လုပ်ငန်းများကို လုပ်ကြတော့သည်။

ကျွန်မတို့တစ်တွေ ဖိုင်တွဲတွေ ဖျောက်ပစ်၊ စက်တွေ ဖျက်ပစ်၊ အထက်လူကြီး၏အမိန့်ကို မကြားကျိုးကျွန် မေ့သလို လုပ်ပစ်၊ အစရှိသော အလုပ်တွေ လုပ်ရုံနှင့် ဘဝအခြေကို ပြောင်းလဲနိုင်မည်မဟုတ်ကြောင်း သိလာကြသည်။





ကျွန်မတို့တစ်တွေ စည်းရုံးကြရမည်။ အခြားရုံးများတွင် အလုပ်လုပ်နေသော 'အဖျက်သမား' များနှင့် တွေ့ဆုံဆက်သွယ်ကြရမည်။ သူတို့နှင့် စကားပြောကြည့်သောအခါမှ ကျွန်မတို့တစ်တွေ ကိုယ့်လူတွေ အများရှိမှန်း သိရှိလာကြရသည်။

ပြောရင်း ပြောရင်း အမေရိကန်စီးပွားရေး ကုမ္ပဏီကြီးတွေ ဘယ်လောက် အသုံးမကျမှန်း သိလာကြသည်။ သူတို့တစ်တွေသည် လူ့လောကကို ဘာမှ အကျိုးမပြုကြမှန်း သဘောပေါက်လာကြသည်။ များစွာကုန်သော စီးပွားရေးကုမ္ပဏီ ကော်ပိုရေးရှင်းများသည် ဗီယက်နမ်စစ်ကို အကြောင်းပြု၍ အမြတ်ကြီးတွေ တောင်လိုပုံ ရကြသည်။ ထိုကော်ပိုရေးရှင်းအားလုံးပင် ဤတိုင်းပြည်သာမက၊ အခြားသော တိုင်းပြည်များက လူတွေကို ခေါင်းပုံဖြတ်၍ အမြတ်တွေ ထုတ်နေကြသည်။ များစွာကုန်သော စီးပွားရေးကော်ပိုရေးရှင်းကြီးများသည် အဖိုးအလွန်ကြီးပြီး ဘာမှ အသုံးမဝင်သော ပစ္စည်းတွေ ထုတ်လုပ်ကာ၊ 'မ' တွေ ဝယ်စေပြီး ခေါင်းပုံဖြတ် အမြတ်ယူကြသည်။ ဤစနစ်ကြီးအောက်မှာ နေနေသရွေ့ ကျွန်မတို့၏ ဘဝမှာ သူတို့ ကြိုးဆွဲသလို ကနေကြရမည်ကို နားလည်ကြဖို့ လိုပေသည်။

ထိုအပိုင်းကဏ္ဍတွင် ပါဝင်သော အခြားဆောင်းပါးများမှာ အရောင်းစာရေးဘဝ၊ လေယာဉ်မယ်ဘဝ အတွေ့အကြုံများ စသည်တို့ ဖြစ်သည်။ ထို့နောက် အလုပ်သမားအရေး၊ မဲဆန္ဒအရေးကိစ္စများနှင့် ပတ်သက်သော စာတမ်းတစ်ခုလည်း ပါရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားလှုပ်ရှားမှုများမှာ 'မ' တို့၏ အခွင့်အရေးအတွက် ဘာမှလုပ်မပေးဘဲရှိသည်က များသည်။ ထိုကိစ္စနှင့် ပတ်သက်၍ ဆူဆန်ရီဗာဘီ Susan Reverby က ဤသို့တင်ပြသည်။

> အလုပ်သမား ယူနီယံများသည် သမိုင်း အစဉ်အလာအရ 'မ'တို့၏ အခွင့်အရေးကို ကူညီတောင်းဆိုဆောင်ရွက်ပေးသည်ဟု မရှိခဲ့ချေ။ အလုပ်ခွင်၌ဝင်ရသော သားသည်အမေများအတွက် ကလေးထိန်းဌာနများ စီစဉ်ပေးခြင်း အစရှိသော လိုအပ်ချက်များကို စဉ်းစားပေးသည့် အလုပ်သမားယူနီယံ အနည်းငယ်သာ ရှိသည်။ ယနေ့အထိ မည်သည့်ယူနီယံကိုမှ မဝင်သော အလုပ်သမား 'မ' အပေါင်း နှစ်ဆယ့်ငါးသန်းကျော်မျှ ရှိသည်။ ဝင်ဖို့ အခါအခွင့်ကြုံသော်လည်း သူတို့ အတွက် ဘာမှလုပ်ပေးမည်မဟုတ်သဖြင့် မဝင်ဘဲ နေကြသည်။
>
> ယခု ဖြစ်ပျက်နေသော အမျိုးသမီးလွတ်လပ်ရေး လှုပ်ရှားမှုသည် အလယ်အလတ်တန်းစား အများဆုံး ပါဝင်သည်။ မဲဆန္ဒအရေး တောင်းဆိုလှုပ်ရှားကြစဉ်က ကျွန်ုပ်တို့၏ အစ်မတော်များ မှားခဲ့သည့် အမှားများကို ထပ်မလုပ်မိကြဖို့ သတိထားကြရမည်။ အချင်းချင်း အုပ်စုမကွဲကြဖို့လည်း ရှောင်ရှားကြရမည်။ ယခု ကျွန်ုပ်တို့ နားလည်ထားဖို့ အချက်မှာ-
>
> 'ကျွန်ုပ်တို့၏ ဘဝတူ ညီအစ်မများကို လွတ်လပ်စေချင်လျှင်၊ ကျွန်ုပ်တို့ လွတ်လပ်စေချင်ကြလျှင် ယခင်ရှေးက အမှားတွေမှ သင်ခန်းစာတွေ ယူကြရမည်တည်း။'

ဌနံပွင့်စာအုပ်တိုက်



ထိုစာအုပ်၏ တတိယအပိုင်းမှာ မိသားစုအရေး၊ အိမ်ထောင်ရေး ကိစ္စများကို တင်ပြထားကြသည်။

●

www.burmeseclassic.com

www.burmeseclassic.com

## မိသားစုအရေး၊ အိမ်ထောင်ရေးနှင့် အလုပ်ခွင်အရေး

အချို့သောသူများက 'မ'တို့ လွတ်လပ်ရေးလှုပ်ရှားမှုသည် အိမ်ထောင် မိသားစုကို ဖျက်ဆီးတာနှင့် အတူတူဖြစ်သည်ဟု ယူဆကြသည်။ ယနေ့ အမေရိကန်ပြည်တွင် သုံးအိမ်ထောင်တွင် တစ်အိမ်ထောင်မှာ ကွာရှင်းမှုနှင့် ဇာတ်သိမ်းကြရသည်။ ကလေးသူငယ်များမှာလည်း ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ကို စွန့်ခွာထွက်သွားကြသည်။

သိပ္ပံတိုးတက်မှုကြောင့် အသိပညာရေးတိုးတက်လာမှုနှင့် သားသမီးဦးရေ ကန့်သတ်နိုင်မှုကြောင့် အားလပ်ချိန်များ ပိုရလာသည်။ သို့ကြောင့် အိမ်မိသားစုမှတစ်ပါး အခြားသောစိတ်ဝင်စားစရာ လုပ်စရာ ကိုင်စရာတွေ ရှိလာသည်။ လူမှုဆက်ဆံရေး အတွေးအခေါ် သစ်များ ရရှိလာကြသည်။

'မ' လွတ်လပ်ရေးလှုပ်ရှားမှု၌ ပါဝင်သူတို့သည် အိမ်ထောင်ရေး၊ သားသမီးမွေးမြူရေးတို့ကို စွန့်လွှတ်မည်ဟု မဆိုကြချေ။ အိမ်ထောင်မပြုလိုသူများနှင့် အိမ်ထောင်ရေး ပျက်သွားသူများအဖို့ စီးပွားရေး၊ လူမှုရေး ရပ်တည်နိုင်ဖို့ကို ရှေးရှုကြခြင်းသာ ဖြစ်သည်။

ကလေးသူငယ်များ ထိန်းသိမ်းပေးရေး၊ သားသမီးဦးရေ ကန့်သတ်ရေးကိစ္စများနှင့်ပတ်သက်၍ အသိပညာရရှိရေးများကို ဆွေးနွေးထားသည်။

ငှန်ပွင့်စာအုပ်တိုက်

BURMESE CLASSIC .com



## အိမ်တွင်းအလုပ်ရေးရာ

အိမ်တွင်းအလုပ်ဆိုသည်မှာ လူထဲသူထဲမှာ အရေးလုပ် ပြောကောင်းသည့် စကားမဟုတ်သကဲ့သို့ ယူဆကြသည်။ သို့သော် အမျိုးသမီးလွတ်လပ်ရေးလှုပ်ရှားမှုကြီးပေါ်လာသည့်အခါ ထိုကိစ္စကြီးမှာ 'မ'တို့အတွက် အရေးကြီးသော အမှုတစ်ရပ်အဖြစ် ဘူးပေါ်သလို ပေါ်လာခဲ့သည်။

ကမ္ဘာ၏ လူဦးရေတစ်ဝက်ကျော်ဖြစ်သော 'မ'တို့၏လုပ်အားကို လိုချင်ကြသည်ဆို၍ 'မ' တွေ အိမ်အပြင်ထွက်လုပ်ဖို့ (အထူးသဖြင့် စစ်အတွင်း)လှုံ့ဆော်ကြ၏။ စီးပွားရေးမလုံလောက်မှုကြောင့် အပြင်ထွက် အလုပ်လုပ်ကြရသည်။ ထိုအခါ အိမ်တွင်းအလုပ် ပြဿနာမှာ ကြီးလာတော့သည်။

'မ' တွေ အပြင်ထွက် အလုပ်လုပ်နိုင်အောင် ကလေးထိန်းဌာနစသည်တို့ လုပ်ပေးကြရသည်။ ဒါကို အကြီးအကျယ် အခွင့်အရေးကြီးလုပ်၍ ပြောစရာ မလိုပေ။ ကလေးအမေကို ခိုင်းချင်ရင် သူ့ကလေးထိန်းပေးရမှာပေ့ါ။

'မ'တို့ အပြင်ထွက် အလုပ်လုပ်ကြရသောအခါ 'အိမ်သား' ယောကျာ်းမှာ 'မ'၏ အိမ်တွင်းအလုပ်တာဝန်ကို ဝေခွဲယူမှုဖြစ်မည့် အခြေအနေမျိုး ဖြစ်လာခဲ့၏။ 'ကျား'တို့သည် 'မ'တို့က တစ်ဖက်တစ်လမ်း စီးပွားရှာပေးသည်ကိုလည်း သဘောတော့ကျသည်။ ရှေးကလိုဘာမှ နားမလည်၊ ထမင်းချက် ကလေးမွေးရုံသာဖြစ်သော 'မ' မျိုးမဟုတ်၊ ဆင်ခြင်စဉ်းစားတတ်သည့် အသိပညာရှင် 'မ'နှင့်အတူ နေရသည်မှာ သူ့ဘဝကို ပို၍စိုပြေစေသည်ကိုလည်း သိလာကြသည်။

တစ်ဖက်က စီးပွားရေး အကူအညီရသည်။ တိုင်ပင်ဖော်တိုင်ပင်ဖက် အဖော်သဟဲ ဖြစ်သည်။ ဒါတွေက 'မ'တို့ လွတ်လပ်ရေးက ပေးသည့် ကျေးဇူးတွေ ဖြစ်သည်။

ငှန်ပွင့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်လိုကျေးဇူးတွေ ခံစားရသည့်အတွက် သူတို့ဘက်က တစ်ထစ်လောက်လျှော့ပေးဖို့ ကိစ္စလေးတွေ ရှိလာပြန်သည်။ ဥပမာ အိမ်တွင်းအလုပ်ကို သူတို့ကူလုပ်မှ ဖြစ်တော့မည်။ ရှေးကလို အပြုစုခံ အရှင်သခင် လူတန်းစားနေရာက အနည်းငယ် ဆင်းပေးရတော့မည်။

သူတစ်ပါးဟာတော့ ပေးလားကမ်းလား၊ ကိုယ့်ဟာကျတော့ မူးတင်းပဲတင်း သဘောတွေ ဖြစ်လာကုန်ကြသည်။ အိမ်တွင်းအလုပ် ဆိုသည်မှာ မိန်းမတို့၏ ကျက်သရေဆောင်ကြောင်း၊ ဘယ်လောက် ကုသိုလ်ရကြောင်း အစရှိသည့် တရားဟောဝါဒဖြန့်ခဲ့သည့် စကား တွေကို 'မ'တွေအား ခေတ်အဆက်ဆက် ယုံကြည်စေခဲ့ကြသည်။ 'ကျား'တို့ ထိုအလုပ်တွေ ဝင်လုပ်ရမည်ဆိုသောအခါ ထိုတရားတွေကို သူတို့ ဘာသာ မယုံနိုင်၊ မမျိုနိုင် ဖြစ်ကုန်ကြတော့သည်။

ထိုကိစ္စနှင့်ပတ်သက်၍ 'ခြေအိပ်နီ'အမည်ခံ အမျိုးသမီးတစ်ဦး က စာတမ်းတစ်စောင် တင်ပြထားသည်။ ထိုစာတမ်းတွင် 'ကျား'နှင့် 'မ'တို့ အိမ်တွင်းအလုပ် ဝေခွဲလုပ်ကြမည်ဆိုသောအခါ ဖြစ်ပေါ်သည့် အခြေအနေတစ်ရပ်ကို သရုပ်ဖော်ထားသည်။

ထိုစာတမ်းရေးသူက သူ့ယောကျ်ားကို အိမ်တွင်းအလုပ် ဝေမျှ လုပ်သင့်သည်ဟု ပြောသည်။ ထိုအခါ အနူးအညွတ်ပင် သဘောတူ သည်။ 'ဟုတ်တာပေါ့၊ ဒါမှလဲ တရားနည်းလမ်းကျတော့မပေါ့'ဟု ဆိုသည်။ လက်တွေ့ကျတော့ သည်လိုဖြစ်သည်။

●

## အိမ်တွင်းအလုပ် နိုင်ငံရေး

**Politics of Housework**

**by Redstockings**

အဲသည်တော့ အတော်စိတ်ဝင်စားစရာကောင်းတဲ့ အဖြစ်မျိုး တွေ့ရ တော့တာပဲ၊ အင်း . . . ဘယ်လိုလုပ် ပြောရမှန်းတောင် မသိပါဘူး။

ဒီလိုလေ၊ ကျွန်မတို့ 'မ'တွေက ခေတ်အဆက်ဆက် ဦးနှောက် ဆေး ခံထားရတာကိုး။ ဘယ့်နှယ်ရှင်၊ နှစ်ပေါင်းများစွာ ကျွန်မတို့ တွေ့မြင်လာတဲ့ ကြော်ငြာတွေ တယ်လီဗီးရှင်းပေါ်မှာ မြင်ရတာတွေလဲ ကြည့်ပါဦး။

အိမ်ကြမ်းပြင်ကို ဖယောင်းတိုက်၊ ပြောင်လက်နေတာကြည့်ပြီး ကြည်နူးနေတဲ့ 'မ'တွေရဲ့ပုံလိုဟာမျိုးတွေ ကြည့်ရ၊ မြင်ရခဲ့တာမဟုတ် လား။ 'ကျား'ဆိုတဲ့ လူမျိုးကတော့ သူတို့ကို အဲသလို အတွေးအခေါ် ဝါဒတွေ ခေါင်းထဲသွင်းထားပြီးသား ရှိတာမဟုတ်ဘူး။

ဒီတော့ အိမ်တွင်းအလုပ်နဲ့သူတို့ ရင်ဆိုင်တွေ့လိုက်တာနဲ့ အရှိအတိုင်း အမှန်အတိုင်း မြင်တာပေါ့။ ဘယ်လိုအရှိအတိုင်း အမှန် အတိုင်းလဲဆိုတော့ အိမ်တွင်းအလုပ်ဆိုတာ အမှိုက်ပုံးအလုပ်ပဲ၊

ရွှန်ပွင့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



နှာခေါင်းရှုံ့စရာ ရွံစရာအလုပ်တစ်ခုဆိုတာ တစ်ခါတည်း သိမြင်သွားကြတာပေါ့။ ဈေးကနေပြီး ခြင်းကြီးနဲ့ ကုန်ခြောက်ပစ္စည်းတွေ ဝယ်လာ၊ အိမ်ရောက်တော့ နေရာချပေး၊ ထမင်းချက်ရ၊ အိုးတွေ ပန်းကန်တွေ ဆေးရ၊ အဝတ်လျှော်ရ၊ အို . . . ပြောရရင် မဆုံး၊ ဘယ်တော့မှကို မဆုံးတဲ့ အလုပ်တသီတတန်းကြီးကို ကြာကြာကြည့်လေ အမြင်ကပ်လေ၊ ကြည့်လေ မလုပ်ချင်လေ . . . သူ (ကျွန်မယောက်ျား) ဖြစ်ရှာတော့တာပဲ။

အင်း . . . အိမ်အလုပ်များကွာ စကားထဲ ထည့်ပြောစရာလား။ အသေးအဖွဲပဲလို့ ပြောခဲ့တယ်လေ။

မဟုတ်လိုက်တာရှင်၊ အသေးအဖွဲ မဟုတ်ဘူးရှင့်။ သေရစေရဲ့ မဟုတ်ဘူး၊ မယုံရင် ဝေမျှလုပ်ကြည့်ကြစမ်းပါ။

အဲသလို ဝေမျှလုပ်ကြမယ် ဆိုတဲ့နေ့ကစပြီးတော့ ကနေ့အထိပါပဲ။ နှစ်ပေါင်းကြာပါပြီလေ၊ ဟောသည်လို စကားတွေပြောတော့တာပါပဲ။ အပြောနဲ့ဆိုလိုချက် အစီပွာယ်ကတော့ တစ်မျိုးစီရှင့်။

(အပြော) အိမ်အလုပ် လုပ်ပေးရတာ ပေးချင်ပါတယ်ကွာ၊ ဒါပေမဲ့ ငါ မလုပ်တတ်ဘူး၊ အဲဒါခက်တာပဲ။

(ဆိုလိုချက်) အိုးတိုက်၊ ပန်းကန်ဆေးတဲ့အလုပ်တွေ ငါလုပ်ရင် ဘယ်တော့မှ အပေါက်အလမ်း မတည့်ဘူး။ ဒါတော့ကွာ (လူမဲကျွန်နဲ့ မိန်းမတွေ)က ဒီလိုအစေအပါး အလုပ်တွေ လုပ်လာခဲ့တဲ့အလေ့အကျင့် ရှိပြီးသားမဟုတ်လား၊ ဒို့က တစ်ခါမှ မလုပ်ဖူးတော့ သင်ရပြရတာ အချိန်က ကုန်သေး။ တကယ်တော့ ဒီလို ငြီးငွေ့စရာကောင်းတဲ့ လူ့အစွမ်းအစ တုံးစေတဲ့ အလကား အလုပ်တွေ ငါမလုပ်ချင်ဘူး၊ ဒီတော့ မင်းပဲလုပ်။





(အပြော) အေး . . . အေး . . . လုပ်ပေးရတာပေါ့ကွာ၊ ဒါပေမဲ့ ဘယ်လိုလုပ်ပေးရမှာလဲ၊ ပြပေးပါဦးကွ။

(ဆိုလိုချက်) တစ်ခုလေး လုပ်မယ်ကြံရင် မင်းကို ပြန်ပြန်မေးနေရတာပဲ၊ ပြီးတော့ ပြောထားပြီးသားပေမယ့် ငါက မေ့တတ်တယ်ကွ၊ မင်းလဲ ငါတမေးထဲ မေးနေလို့ စိတ်တိုနေပြီ၊ ဒီတော့ကွာ မင်းဘာသာ ထလုပ်ရတာက သက်သာပါလိမ့်မယ်။

(အပြော) အိမ်အလုပ်လုပ်တဲ့ လုပ်နည်းလုပ်ဟန်ချင်းကို မတူဘူးကွာ၊ ငါ့လုပ်နည်းလုပ်ဟန်က မင်းလို မဟုတ်ဘူး၊ မင်းလုပ်သလိုတော့ မလုပ်နိုင်ဘူး။

(ဆိုလိုချက်) တစ်အိမ်လုံး ရှုပ်ပွ ညစ်ပတ်နေရင် ဘယ်သူကမှ ဒီယောက်ျားနှယ် နေနိုင်လိုက်တာလို့ ပြောမှာမဟုတ်ဘူး၊ မိန်းမကိုပဲ ကဲ့ရဲ့ကြမှာ၊ ဒီတော့ ဒီလိုရှုပ်ပွေ ညစ်ပတ်နေတာကို မင်း ကြည့်လို့မရရင် မင်းဘာသာပဲ ထလုပ်၊ အခု ငါ့ကိုပြောပြောနေရတာက ပင်ပန်းသေးတယ်၊ ဒါမှမဟုတ်လဲ အိမ်ဖော်တစ်ယောက်ရှာ၊ ငါ့ဝေစုအလုပ်ကို လုပ်ပေးလိမ့်မယ်၊ ဒီတော့ မင်းဝေစုမင်းလုပ်၊ ဒါမိန်းမ အလုပ်ပဲ။

(အပြော) အိမ်အလုပ်ကို လုပ်ပေးရတာ မငြိုငြင်ပါဘူး။ ဒါပေမဲ့ ငါ့လုပ်နည်းလုပ်ဟန်နဲ့ ငါလုပ်စမ်းပါရစေ။

(ဆိုလိုချက်) အိမ်အလုပ်ဆိုတာ သက်သာအောင်လုပ်ရင် ဖြစ်တာပဲ၊ ပန်းကန်ဆေးတာပဲ တစ်ပတ်တစ်ခါလောက် ဆေးတော်ရောပေါ့၊ အဝတ်လဲ တစ်လတစ်ခါလျှော်ရင်တော်ပြီ၊ တံမြက်စည်းလဲ တစ်နှစ်တစ်ခါလောက်လှဲ၊ အဲဒါမှ မကြိုက်လဲ မင်းဘာသာ မင်းပဲ လုပ်တော့။



www.burmeseclassic.com

www.burmeseclassic.com



(အပြော) မ'တွေရဲ့အရေးဟာ နိုင်ငံရေး မဟုတ်ပါဘူး။

(ဆိုလိုချက်) ငါ့ကို ဘယ်လူတန်းစားက ဖိနှိပ်ချုပ်ချယ်နေတယ် ဆိုတာမျိုးကိုပဲ ငါစိတ်ဝင်စားတယ်၊ ငါက ဘယ်သူ့ကို စီးပိုးဖိနှိပ်တယ် ဆိုတာမျိုး ငါ နားမကြားချင်ဘူး။ ဒီတော့ စစ်ရေး၊ တိုင်းရေးပြည်ရေးတွေက နိုင်ငံရေးပဲ၊ မင်းတို့ 'မ'တွေအရေးက နိုင်ငံရေး မဟုတ်ပါဘူး။

(အပြော) လူ့လောက တိုးတက်မှုဆိုတာ ဝိုင်းဝန်းကူညီမယ့်သူတွေ ရှိမှဖြစ်တာမျိုးကွယ့်၊ 'မ'တွေရဲ့ အကူအညီ အများကြီး လိုတယ်။

(ဆိုလိုချက်) လူတန်းစားတစ်ဦးက အခြားလူတန်းစားတစ်ဦးကို ဖိနှိပ်စီးပိုးတဲ့စနစ်က အခြေခိုင်နေပြီ၊ ငါတို့'ကျား' တွေကလဲ အဲဒီစနစ်ကပေးတဲ့ အခွင့်အရေးထူးတွေ အပြည့်အဝ ခံစားနေကြရတယ်။ ဒါတွေ ဘယ်လျှော့ပေးနိုင်ပါ့မလဲ၊ ဒီအခွင့်အရေးတွေ မစွန့်နိုင်ဘူး။

လူတိုင်း လူတိုင်း ပါဝင်ဆင်နွှဲရမည့် ဒီမိုကရေစီစနစ်ဆိုတာ အိမ်က စရမှာပေါ့။ ဒီစာတမ်းရေးနေတုန်း ကျွန်မယောကျ်ား ရောက်လာတယ်။ 'ဘာလုပ်နေတုန်း ဟေ့' တဲ့ မေးတယ်။ ဒီတော့ ကျွန်မက 'အိမ်တွင်းအလုပ်'ဆိုတဲ့ စာတမ်းတစ်ခု ရေးနေတယ်လို့ ပြန်ပြောလိုက်တယ်။ ဒီတော့ သူက ဘာပြောလဲသိလား။

"အလို ဘုရားရေ၊ အိမ်တွင်းအလုပ်များ စာတမ်းတွေ ဘာတွေ ရေးလို့၊ ဒီလို အသေးအနုတ်ကိစ္စတွေများ စကားထဲ ထည့်ပြောနေရသေးလား"

●

## လူမျိုး အရောင်အသွေးခွဲခြားမှု

ထိုစာအုပ်၏ စတုတ္ထပိုင်းမှာ လူမျိုးအရောင်အသွေးခွဲမှု၊ အဆင့်အတန်းခွဲမှုများကို ဆွေးနွေးထားသည်။

'မ' လွတ်လပ်ရေးလှုပ်ရှားမှု၊ လက်ဦးအစ အစိတ်အပိုင်းတွင် 'ကိုယ်ရေးကိုယ်တာ အတွေ့အကြုံနိုင်ငံရေး'ဟု သဘောတူ ခေါ်ကြသည်။ 'မ' အားလုံးတို့ နေ့စဉ်နှင့်အမျှ တွေ့ဆုံနေကြရသော ပြဿနာများနှင့် သက်ဆိုင်သဖြင့် 'မ'တို့အားလုံးပင် တစ်စုတစ်စည်းတည်းဖြစ်မည်ဟု ယူဆကြသည်။

သို့သော် 'မ'ဟူ၍ မွေးလာ၊ လူဖြစ်လာရသည်နှင့် 'မ' အတန်းအစားအားလုံးကို ကိုယ်စားပြုသည်ဟူသော အတွေးအခေါ် ရှိခဲ့သည်။ နောက်များ မကြာမီတွင် အဆင့်အတန်းခွဲခြားမှုများ ရှိလာကြသည်။ သို့သော် မည်သည့်အဆင့်အတန်း လူတန်းစားမှာပင်ဖြစ်စေ၊ 'မ'တို့သည် အောက်တန်းစားအဖြစ်နှင့် တည်ရှိနေကြသည်ကို တွေ့လာကြသည်။

ယခုအချိန်ထိ လူဖြူအလယ်အလတ်တန်း 'မ'များ အများဆုံး ပါဝင်ခဲ့သည်။ အများအားဖြင့် အသိပညာရှင်၊ အတတ်ပညာရှင်ဖြစ်၍ 'ကျား'များသာလျှင် တက်လမ်းရှိသော အလုပ်ရာထူးများကိုရဖို့



www.burmeseclassic.com

www.burmeseclassic.com



ရည်မှန်းသူများ ဖြစ်ကြသည်။ ထို 'မ'တို့သည် ရှုံးအဆောက်အဦများတွင် တံမြက်စည်းလှဲနေကြသော 'မ'များ အစရှိသော လူတန်းစားများကို သတိထားမိကြသည် မဟုတ်ချေ။

'မ' လွတ်လပ်ရေး လှုပ်ရှားမှု အစည်းအဝေးတက်ဖို့အတွက် အလှပြင်ဆိုင်ဝင်၍ ဆံပင်ထုံးသော 'မ' ခေါင်းဆောင်တစ်ဦးပင်လျှင် သူ့ဆံပင်ကို လုပ်ပေးသော 'မ'ကို သူလည်းလူပဲလေဟုပင် အမှတ်ထားချင်မှ ထားမိမည်။ ငါနှင့် ဘဝတူညီ အစ်မတွေပါလားဟူ၍ အသိအမှတ်ပြုဖို့ကား ပို၍ဝေးတော့သည်။

မကြာသေးမီကပင် 'မ' တို့၏ လှုပ်ရှားမှုများတွင် အပြောင်းအလဲများ ရှိလာကြသည်။ ယခင်ကမူ ရှေ့တက်လမ်း ရှာဖွေမျှော်မှန်းနေကြသော အသိပညာရှင်၊ အတတ်ပညာရှင် 'မ' တို့သည် အလုပ်သမားလူတန်းစား၊ အဖြူရောင် အမဲ အပါအဝင် 'မ' များကို အမှတ်ထားမိသူမှာ နည်းလှသည်။

အဆင့်အတန်းခွဲခြားမှုကို ပယ်ဖျက်နိုင်မှသာလျှင် 'မ' တို့၏ လှုပ်ရှားမှု အောင်မြင်နိုင်မည်ဟု မြင်လာကြသည်။ ထို့ကြောင့်ပင် လက်လုပ်လက်စား 'မ'များနှင့် လူမဲ 'မ'များ၏ ပြဿနာများကို အထူးအရေးယူ၍ ဆွေးနွေးထားသည်ကို တွေ့ရသည်။

## နောက်ပိုင်းအခန်းများ

ထိုစာအုပ်၏ ပဌမအပိုင်းမှာ ယဉ်ကျေးမှုအရနှင့် စိတ်ပညာအရ 'မ' တို့၏ သဘာဝနှင့် လူမှုပတ်ဝန်းကျင်၏ အတွေးအခေါ်များက ရောင်ပြန်ဟပ်ပုံများ ဆွေးနွေးထားသည်။ မနုဿဗေဒသိပ္ပံပညာရှင် မာဂရက်မိဒ်၏ စာတမ်းတစ်စောင်ပါသည်။

ထို့ပြင် လိင်ကိစ္စ၊ မိန်းမလျာ၊ ယောက်ျားလျာတို့၏ ကိစ္စများပါဝင်သည်။ 'မ'တို့ကို အသိပညာပေးရာတွင် မည်သို့ ဖြစ်သင့်သည်ကို ဆွေးနွေးသောစာတမ်း ပါရှိသည်။

ဆဋ္ဌမအပိုင်းမှာ ကျန်းမာရေးကိစ္စကို ဦးတည်ဆွေးနွေးသည်။ လိင်ကိစ္စ အထူးအရေးပေး ရေးသားသောစာတမ်း ပါရှိသည်။

ထိုအပိုင်းတွင် စိတ်ဝင်စားစရာလည်း ကောင်း၊ လန့်ဖွယ်လည်း ကောင်းသောကိစ္စမှာ သားဖျက်ခြင်းကို တရားဝင်ပြုသည့်ကိစ္စ ဖြစ်သည်။

အကြောင်းအမျိုးမျိုးတို့ကြောင့် ဥပမာအားဖြင့် ကျန်းမာရေး၊ စီးပွားရေးတို့ကြောင့် သားသမီးဦးရေ ကန့်သတ်ရမည်ဆိုလျှင် ပဋိသန္ဓေကို သိပ္ပံနည်းကျကျ တားဆီးဖို့လောက်ကိုသာ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများအဖို့ လက်ခံနိုင်ပေမည်။

ငွေနှင်းပွင့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ယခုအခါ အမေရိကန်၊ ဆိုဗီယက်ရုရှတို့တွင် သားဖျက်ခြင်းကို တရားဝင်ပြုထားခဲ့သည်။ ဘာအကြောင်းကြောင့်ဖြစ်ဖြစ် မလိုချင်လျှင် ဖျက်ချနိုင်ကြပေသည်။

သူတို့အကြောင်းပြချက်မှာ တရားဝင်လုပ်မပေးလျှင် တရားမဝင် လုပ်ကြသည်။ ဆရာဝန်အတတ် မတတ်သူ၊ နားမလည်သူတွေက ထင်သလို လုပ်ပေးကြသဖြင့် သေကြေပျက်စီးရသည် ဆိုသည်။

ထိုကိစ္စနှင့် ပတ်သက်၍ အမေရိကန်ပြည်တွင် ဘဝင်မကျသော ဆရာဝန်များနှင့် အခြားလူများ ရှိကြသည်။ တလောဆီက တရားဝင် သားဖျက်ချသော 'မ'များကို တွေ့ဆုံမေးမြန်ရာ အများအားဖြင့် နောင်တရ စိတ်မချမ်းသာဖြစ်နေကြသူတွေ များသည်ကို တွေ့ရသည်ဟု ဆိုသည်။

တရားဝင် အရက်ဆိုင်မရှိလျှင် ပုန်းလျှိုး ဝှက်လျှိုး သောက်စားကြမည်မို့ လိုင်စင်ရ အရက်ဆိုင်တွေ ဖွင့်ပေးရသည်။ ထို့နည်းတူ သားဖျက်သည့် ကိစ္စမှာလည်း တွေ့ကရာလူနှင့် ဖြစ်သလို လုပ်ကြမည်စိုးသဖြင့် တရားဝင် လုပ်ပေးရသည် ဆိုသည်။ စဉ်းစားလိုက်လျှင် အတော်ပင် ရင်လေးစရာ ကောင်းသည်။

စာအုပ်၏ နောက်ဆုံး သတ္တမပိုင်းတွင် အာရှနှင့် အာဖရိကမှ 'မ' တို့၏ လုပ်ရှားမှုများအကြောင်း ပါသည်။

ဗီယက်နမ်တွင် မိန်းမများကို အမေရိကန်စစ်သားများက မုဒိမ်းကျင့် စော်ကား၍ ကလေးပါမကျန် သတ်ပစ်မှု၊ မိုင်လေး လူသတ်ပွဲကြီး My Lai Massacre ကိစ္စကို ရည်ညွှန်းထားသည်။ ဗီယက်နမ်မှ ဖြစ်သည့် ကိစ္စသည်လည်း 'မ'တို့နှင့် ဆက်နေသည်။ လူ၏သိက္ခာကို စော်ကားဖျက်ဆီးသော ကိစ္စမှန်လျှင် 'မ'တို့၏ လွတ်လပ်ရေးလှုပ်ရှားမှု ဘောင်ဝင်သည်ဟု ဆိုသည်။





ပြည်သူ့တရုတ်သမ္မတနိုင်ငံရှိ 'မ'တို့အကြောင်းကိုလည်း အသားပေးတင်ပြထားသည်။

'ဆိုရှယ်လစ် ခေတ်ပြောင်းတော်လှန်ရေးကို လှုပ်ရှားစေသော အင်အားစုများသည် 'မ'တို့၏ လွတ်လပ်ရေးကို မည်ရွေ့မည်မျှပြည့်စုံအောင် လုပ်ပေးမည်ကိုကား အသေအချာ ယခု မပြောနိုင်သေးပေ။ ယခုအထိ တွေ့မြင်ရသရွေ့မှာ ထိုခေတ်ပြောင်းတော်လှန်ရေးနှင့် လက်တွဲလျက် 'မ'တို့၏ အခြေအနေမှာ တိုးတက်လာသည်ကို တွေ့ရပေသည်။'

ထို့နောက် ကျူးဘားကျွန်း Cuba အမျိုးသမီးများ၏ အခြေအနေ အဆင့်အတန်းနှင့် လှုပ်ရှားမှုများအကြောင်းကိုလည်း ဖတ်ရှုရသည်။

ဤစာအုပ်မှာ အားလုံး ခြုံကြည့်လျှင် အတော်ပင် ဘက်စုံ၍ 'မ' လွတ်လပ်ရေး လှုပ်ရှားမှုကိစ္စကို ထောင့်စေ့စေ့ တင်ပြပေးသည်ဟု ဆိုရပေမည်။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း(၃)

www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း(၃)

မြန်မာအမျိုးသမီးများ၏ လက်ရှိအခြေအနေလေ့လာချက်

၁။ လွန်ခဲ့သော နှစ်ပေါင်းငါးဆယ်အတွင်းက ဖြစ်ပျက်ခဲ့သမျှ
၂။ 'မ'တို့ ပညာသင်ကြားရေး၊ ငွေကုန်လူပန်း အကျိုးမရှိလေသလော
၃။ မြန်မာအမျိုးသမီးများနှင့် အလုပ်အကိုင် အခွင့်လမ်းများ
၄။ မြန်မာအမျိုးသမီးများအဖို့ အခွင့်လမ်းများ ပွင့်လာခြင်း
၅။ စစ်အတွင်း မြန်မာအမျိုးသမီးများ
၆။ စစ်ပြီးခေတ် မြန်မာအမျိုးသမီးများ
၇။ ယနေ့ မြန်မာအမျိုးသမီးများ ဘယ်ဆီသို့နည်း
၈။ နိဂုံးစကား

# မြန်မာအမျိုးသမီးများ၏ လက်ရှိအခြေအနေလေ့လာချက်

## လွန်ခဲ့သော နှစ်ပေါင်းငါးဆယ်အတွင်းက ဖြစ်ပျက်ခဲ့သမျှ

၁၉၇၅ ခုနှစ်ကို ကမ္ဘာ့အမျိုးသမီးနှစ်ဟု ကုလသမဂ္ဂမှ ခေါ်ဝေါ် သတ်မှတ်လိုက်သည်။ 'မ'နှင့် 'ကျား'တို့ကို တူညီသော အခွင့်အရေး ရစေဖို့၊ 'မ'တို့ကို ဖိနှိပ်ချုပ်ချယ်သော ထုံးစံဥပဒေများကို ပယ်ရှင်းပေးဖို့ ဦးတည်သည်ဟု ဆိုသည်။

ယင်းသို့တပြီးကား၊ ကမ္ဘာ့အမျိုးသမီးနှစ်နှင့် မြန်မာအမျိုးသမီးများ ဘယ်ပုံဘယ်သို့ ဆက်သွယ်သနည်း။ ဤသို့ ကမ္ဘာ့အမျိုးသမီးနှစ် သတ်မှတ်လိုက်ခြင်းကို မြန်မာအမျိုးသမီးများက ဘယ်သို့ တုံ့ပြန်သဘောထားမည်နည်း။

ယခုခေတ်အခါတွင် ပထဝီသဘောအရ ကမ္ဘာမြေမှာ ကျဉ်းလာခဲ့ပြီဟု ဆိုကြသည်။ အဓိပ္ပာယ်မှာ ဆက်သွယ်မှုများ ရှေးကထက် ကောင်းမွန်လျင်မြန်လာကြသဖြင့် ကမ္ဘာ၏အစွန်တစ်ခုမှ အခြားအစွန်အတွင်း လူမျိုးချင်းချင်း သိကျွမ်းမှု၊ ရင်းနှီးမှုများ ပိုလာသည်။ တစ်ဦး၏အကြောင်း တစ်ဦး ပိုသိလာကြသည်။

သို့ဖြစ်၍ မြန်မာကို ကမ္ဘာက သိရမည်၊ ကမ္ဘာကို မြန်မာက သိရမည် ဆိုသောစကားကို အကောင်အထည်ဖော်ဖို့ ပိုလိုလာသည်။

ငွန်ပွင့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဤ ၁၉၇၅ ခုနှစ်ကို ကမ္ဘာ့အမျိုးသမီးနှစ်ဟု သတ်မှတ်ရာ ကမ္ဘာ့အမျိုးသမီးများ၏ လှုပ်ရှားမှုများကို သိဖို့လိုပေသည်။ အဘယ်ကြောင့် ဤလှုပ်ရှားမှုများ ဖြစ်လာရသည်ကိုလည်း သိရပေမည်။ သူတို့၏ အကြောင်းသာမက ကိုယ့်မြန်မာအမျိုးသမီးတွေ၏ အကြောင်းကိုလည်း သိဖို့လိုပေသေးသည်။

မြန်မာအမျိုးသမီးများ လွတ်လပ်သည်။ သူတို့ကို အိမ်တွင်းပုန်းစေခြင်း၊ ခြေကိုသေးသိမ်စေခြင်း အစရှိသော ချုပ်ချယ်မှုများ ကင်းခဲ့သည်။

သို့ကြောင့်ပင် နိုင်ငံခြားသား စာရေးဆရာများက မြန်မာမိန်းမများ လွတ်လပ်ခွင့်ရကြပုံ၊ အခွင့်အရေးရကြပုံတွေကို ထပ်တလဲလဲ ချီးမွမ်းလို့မပြီးနိုင် ဖြစ်နေကြသည်။

'လင်ယောကျ်ားရသမျှကို မယားလက်ထဲ အပ်ရတာပဲ'ဟု ပြောလိုက်သည်နှင့် နိုင်ငံခြားသူအမျိုးသမီးတွေ (ဥရောပနှင့် အမေရိကန်အပါအဝင်)မှာ သဘောတွေ့သွားတတ်ကြသည်။ သူတို့မှာတော့ လင်ယောကျ်ားလက်ဝေခံ သုံးရသတဲ့။

ကန္နားဈေးပြင်မှာ ဆိုင်ဟူသရွေ့ကို မိန်းမတွေ ထိုင်ရောင်းနေသည်ကို မြင်ရသော နိုင်ငံခြားသားတွေမှာ တအံ့တဩ ဖြစ်ကြရသည်။ မြန်မာမိန်းမတွေ သိပ်လွတ်လပ်တာပဲ၊ အခွင့်အရေးတွေ သိပ်ရတာပဲ။ စီးပွားရေး၊ ငွေရေးကြေးရေး၊ သူတို့ကြီးကိုင်ပဲဟု အံ့သြချီးမွမ်းကြသည်။

သည်လို ချီးမွမ်းခံရတာတွေကတော့ သဘောကျစရာကြီးပေပေါ့။ ဒါတွေချည်း သဘောကျကျေနပ်ပြီး ကိုယ့်ကိုယ်ကို အထင်ကြီးနေလို့ မဖြစ်သေးဘူး။ ကိုယ်နှင့်တကွ ပတ်ဝန်းကျင်၊ တိုင်းပြည်နှင့် လူမျိုးအခြေအနေကို ပြန်ကြည့်ဦးမှ။

နွားခြေရာကွက်ငယ်ထဲက ဖားပမာ ကိုယ့်နေရာကိုယ် ပင်လယ်





ကြီး ထင်နေလို့ မဖြစ်သေးချေ။ ကိုယ့်အခြေအနေကို သူများ အခြေအနေနှင့် နှိုင်းစာကြည့်တတ်ကြဖို့ လိုပေသည်။

ဘယ်လိုပင် မြန်မာအမျိုးသမီးတွေ လွတ်လပ်ပါသည်၊ အခွင့်အရေး ညီတူရပါသည်ဟု ပြောဆိုနေကြစေကာမူ 'မ'တို့ကို ချိုးနှိမ်သည့် သဘောတရားတွေက နေရာတကာမှာ လွှမ်းမိုးနေသည်ကို တွေ့မြင်ရပေသည်။

လူမှုရေးဆက်ဆံရာတွင် 'ကျား'နှင့်'မ'တို့ကို တညီတညာတည်း မဟုတ်ဘဲ 'မ'တို့ကို နှိမ့်ကျသည့် နေရာထားမှုများ အထင်အရှားပင် ရှိနေသည်။ နေ့စဉ်ပြောစကား အသုံးအနှုန်းတွေကို ကြည့်ပါဦး။

'မိန်းမဖျက် ပြည်ပျက်သည်'

'မိန်းမဆိုတာ ခွေးထီးလောက် မမြတ်'

'သမီးမိန်းမလေးမွေးရင် ကျွန်တစ်အိမ်ထောင်'

ထိုစကားများကို အမှန်ဟု မယုံကြည်ကြဟု ဆိုစေကာမူ၊ တစ်ဆိတ်ကလေးရှိလျှင် ထိုစကားတွေသုံးပြီး စကားနိုင်လုတတ်ကြသည်။

ထို့ပြင် မြန်မာစာပေတွေထဲမှ မိန်းမများ၏အပြစ်များကိုဖွဲ့သည့် စာသားတွေကို ထုတ်ဖော်တတ်ကြသည်။

စဉ်းစားဖို့ကောင်းသည်။ မြန်မာစာပေသမိုင်းတွင် ခေတ်အဆက်ဆက် ရှိလာခဲ့သရွေ့ ကုန်းဘောင်ခေတ် နောက်ပိုင်းတွင် 'မ' တို့ကို အပြစ်ဆိုသည့်စာတွေ ပိုပေါလာသည်ဟု စာရေးသူ ထင်သည်။

(ဤနေရာတွင် အမှားအမှန် ဆုံးဖြတ်ရန် ခက်လှပါသည်။ စာပေနှင့် သမိုင်းဘာသာရပ်များကို ကျွမ်းကျင်သူတို့၏အရာ ဖြစ်ပါသည်။)

သို့ဖြစ်ရခြင်းမှာ ဘုရားစုခေတ်၊ ဘိုးတော်ဘုရား၏ မိဖုရား၊ နန်းမတော်မယ်နု၏အာဏာစက် ဓားထက်မှုများကို မုန်းတီး၊ မကျေချမ်းသောစိတ်၊ ကလဲ့စားချေချင်သော စိတ်များက လှုံ့ဆော်ပြီး



www.burmeseclassic.com

www.burmeseclassic.com



'မ'တို့၏ အပြစ်ကိုသာ ဖော်ပြသော အရေးအသားတွေ ပေါ်ပေါက်လာလေသလား။

သီပေါမင်းလက်ထက် မင်းညီမင်းသားများကို ရက်စက်စွာ သတ်မှု၊ နောက်ဆုံး တိုင်းပြည်ပါ ဗြိတိသျှတို့၏ လက်အောက်သို့ ပါသွားခဲ့ရမှုများကို မိဖုရားစုဖုရားလတ်၏အပြစ်ဟု ယူဆခဲ့သော အတွေးအခေါ်များကြောင့်လေလား၊ စဉ်းစားစရာ ဖြစ်ပါသည်။

စာပေနှင့် စကားအသုံးအနှုန်းများတွင် 'မ' တို့ကို ချိုးနှိမ်သည့် စကားသံများ လွှမ်းနေသည်။ ထိုအချက်သည် ဗုဒ္ဓဘာသာမွေသတ်၊ မနုဓမ္မသတ်တို့တွင် အထင်အရှား စာတမ်းထိုးထားသော 'မ'တို့၏ တန်းတူ အခွင့်အရေးများနှင့် တစ်လမ်းစီဖြစ်နေသည်ကို တွေ့ရှိရပေသည်။

'စကားအဖြစ် ပြောတာတွေပါ။ တကယ်တော့ ဒါတွေကို တကယ်ဆိုလိုတာ မဟုတ်ပါဘူး'ဟု လေပြေထိုး ပြောတတ်ကြသော်လည်း ထိုစကားလက်နက်တွေသုံးကာ ယခင်တစ်ခေတ်က 'မ' တို့ကို ချိုးခဲ့ကြသည်မှာ အမှန်ပင် ဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်း ၅၀ အထက်ကာလဆီက 'မနှင့် ကျား' တို့ ဆက်ဆံမှုအခြေအနေနှင့် အတွေးအခေါ်များကို ပြန်စိစစ်လေ့လာဖို့ လိုလာသည်။ ထိုခေတ်အခါက စာရေးဆရာများ၏ အရေးအသားများကို ဖတ်ကြည့်လျှင် 'မ'တို့အပေါ်တွင် 'ကျား'တို့က ဘယ်လိုသဘောထားနှင့် ဆက်ဆံသည်ကို ရိပ်စားမိနိုင်သည်။

> 'ကျွန်မတို့ မိန်းမသည် အမျိုးယုတ်သော ယောကျ်ားနှင့်ပင် ဂုဏ်ချင်းမတူပါ၊ ကျွန်မတို့ မိန်းမက သာ၍ယုတ်ကြောင်း ကျမ်းဂန်မှာ များသောအားဖြင့် တွေ့ဖူးပါသည်။ ကျွန်မတို့ မိန်းမသည် တိရစ္ဆာန်ခွေးထီးလောက်မှ မမြတ် . . .'





အထက်ပါ စကားများကိုကြည့်ပါ။ ဘယ်စာအုပ်ကထုတ်သည်ဟု ထင်ပါသနည်း။ ထိုစာအုပ်ကို စစ်မဖြစ်မီ ၁၉၃၇ ခုနှစ် လောက်က ထုတ်ဝေခဲ့ရာ နှစ်ကြိမ်တိုင် ထပ်ရိုက်ရသည်။ စာအုပ်ရေ တစ်သောင်းကုန်အောင် အရောင်းသွက်ခဲ့သည်။

ရွှေမြင့်မိုရ်ကုမ္ပဏီမှ ဒါရိုက်တာဦးဘရှင်ရိုက်ကူး၍ ရုပ်ရှင်ကားအဖြစ်နှင့် လူကြိုက်များခဲ့ဖူးသည်။ ၁၉၅၇ ခုနှစ်က စတုတ္ထအကြိမ် ပြန်ရိုက်နှိပ်ရသောစာအုပ် ဖြစ်သည်။

စဉ်းစားစရာအချက်မှာ ထိုအတွေးအခေါ်မျိုးပါသည့် စာအုပ်လူကြိုက်များ၍ ရောင်းရသည်။ ရုပ်ရှင်အဖြစ်နှင့် ရုံပြည့်ခဲ့သည်။ သို့ဖြစ်မူ လူတို့၏ဦးနှောက်တွင် ထိုအတွေးအခေါ်များကို ကြည်ဖြူလက်ခံနေလို့ပင် ဖြစ်ရမည်ဟု ဆိုနိုင်ပေသည်။

ထိုစာအုပ်မှာ မော်ပီဆရာသိန်းကြီး၏ 'ဒွန်းစဏ္ဍားနှင့် မင်းသမီးပုံပြင်' ဖြစ်၏။

ဤသို့တင်ပြသည်မှာ ရှေးပညာရှိကြီးများအား အပြစ်တင်လို၍ မဟုတ်ပါ။ သူ့ခေတ်နှင့်သူ သူတို့၏အတွေးအခေါ် သည်လိုရှိပါကလားဟု သဘောပေါက်ကြစေရန် ရည်ရွယ်ခြင်း ဖြစ်သည်။

စာပေဟူသည် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးတို့၏ ကြေးမုံဖြစ်သဖြင့် ထိုခေတ်က လူမှုရေးအတွေးအခေါ်များ ရောင်ပြန်ဟပ်ပုံကို တွေ့ရပေသည်။

၂၀ ရာစုဦးခေတ်ဆီက မြန်မာစာအရေးအသားများကို ပြန်ကြည့်လျှင် 'ချဉ်ပေါင်ရွက်သည် မောင်မှိုင်း' အစရှိသော ဝတ္ထုများမှာ 'ကျား'တစ်ဦးက 'မ'တွေအများကြီး လှည့်ပတ်ညာစားကာ သိမ်းပိုက်ပုံတွေ ဖြစ်သည်။

'မ'တို့အား အညာခံတွေအဖြစ် သရုပ်ဖော်သည်။ ယုံတတ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ နှာခေါင်းမပါလျှင် . . . အစရှိသော စကားပုံများကို ထောက်ခံသရုပ်ဖော်သည်။

တစ်ဖန် မန္တလေးမောင်ခင်မောင် အမည်ခံ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ 'ခင်မြင့်ကြီး' ဝတ္ထုမှာလည်း ထိုပုံစံအတိုင်းပင် ဖြစ်သည်။

ထိုဝတ္ထုများကို လူကြိုက်များသည်။ ဘယ်လိုသဘောနှင့် ကြိုက်ကြသည်ကို စေ့စေ့တွေးကြည့်ပြန်တော့ 'ကျား' တွေရော 'မ' တွေပါ စိတ်ကူးယဉ်ကြပုံကို တွက်ဆနိုင်ပေသည်။

သို့ဖြစ်၍ ထိုခေတ်က လူသူဖတ်ပြီး သဘောကျနေကြသော စာတွေကို အခြေပြုပြီး ကောက်ချက်ချရမည်ဆိုလျှင် -

'မ'တို့သည် 'ကျား'တို့၏ အလုပ်အကျွေးသာ ဖြစ်သည်။

'မ'တို့၏ အမြင့်မြတ်ဆုံးဖြစ်သော ရည်ရွယ်ချက်ပန်းတိုင်သည် တာဝန်ကျေသော မယားဖြစ်ဖို့သာ ဖြစ်သည်။

'မ'တို့သည် 'ကျား'တို့၏ ကစားစရာပစ္စည်း ဖြစ်သည်။

'ကျား'တို့သည် ပျားပိတုန်းသဖွယ် လှပတင့်တယ် မွှေးနံ့ကြွယ်သည့် ပန်းများကို ဝတ်ရည်သုံးကာ တစ်ပွင့်မှတစ်ပွင့် ပျံသန်းရမည့်သူများ ဖြစ်သည်။

ထိုဝတ္ထုများ ခေတ်စားလူကြိုက်များနေခြင်းမှာ ထိုအတွေးအခေါ်များကို လူများက လက်ခံနေသည်ဟု ဆိုဖွယ်ရှိသည်။

မြန်မာစာပေတွင် တွေ့ရှိရသော 'မောင်မှိုင်းဝတ္ထု'၊ 'ခင်မြင့်ကြီးဝတ္ထု'များနှင့် ပတ်သက်၍ မြန်မာ့ရိုးရာအတွေးအခေါ်ကလေးတစ်ခုကိုတော့ဖြင့် ဂုဏ်ယူစရာတွေ့ရသည်။

မောင်မှိုင်းကဲ့သို့ 'မ'တွေနှင့် ပွေရှုပ်ကာ ဧရာဝတီမြစ်ရိုးတစ်လျှောက် မိန်းမတွေယူသော 'ကြာ'သမားတစ်ယောက်၏ အကြောင်း ဝတ္ထုဇာတ်ကွက်ဆင်ရာတွင် တစ်ကြိမ်တစ်ခါမျှ လင်ရှိ





မယားနှင့် အခြားမပြစ်မှားအပ်သော မိန်းမများကို လွန်ကျူးသည်ဟု မပါရှိခဲ့ချေ။

မြန်မာဗုဒ္ဓဘာသာ ရိုးရာယဉ်ကျေးမှုမှာ ထိုအပြစ်မျိုးကို အလွန်ပင် ရွံရှာ၏။ ထိုကိစ္စများဖြစ်ခဲ့လျှင် ယောက်ျားတို့၏ ဂုဏ်သိက္ခာ ဖျက်ယွင်းသည်ဟု ယူဆ၏။

မောင်မှိုင်းကဲ့သို့ ဝတ္ထုမျိုး ကမ္ဘာ့စာပေတွင် အများကြီးရှိခဲ့သည်။

စာပေအခေါ် အဝေါ်အားဖြင့် 'ပစ်ကာရက်စ်ဝတ္ထု'Picaresque Novel ဟု ခေါ်သည်။ ဥရောပတစ်ခွင်တွင် ၁၆ ရာစုမှ ၁၈ ရာစုခန့်အထိ ခေတ်စားခဲ့ဖူးသည်။ သူတို့ဝတ္ထုများ ဖတ်လိုက်ရလျှင် ပရဒါရကံကိုတော့ ဖောဖောသီသီ ကျူးလွန်ပြကြသည်။

'ပစ်ကာရက်စ်'ဝတ္ထုများကဲ့သို့ သရုပ်ပျက်ဝတ္ထုများ၌သာ မဟုတ်သေး။ တကယ် အဆင့်အတန်းမြင့်လှပါသည်ဆိုသော ရာဇဝင်ပုံပြင်ဝတ္ထုများမှာပင် သူများမယား ကြာခိုသည်ကို ဂုဏ်ယူစရာ၊ ချီးကျူးစရာကဲ့သို့ စာဖွဲ့ထားသည်ကို တွေ့ရသည်။

မြန်မာစာပေ၌မူကား 'မောင်မှိုင်း' ကဲ့သို့သော ဝတ္ထုထဲမှာပင် သူတစ်ပါးမယားကြာခိုသည့်အခန်းများ မပါဘဲ ရှိသည်။ ဤသည်ပင် အနောက်တိုင်းယဉ်ကျေးမှုနှင့် ဗုဒ္ဓဘာသာ မြန်မာယဉ်ကျေးမှုတို့၏ ကွာခြားချက် ဖြစ်သည်။

ဤအချက်မှာ စာပေရေးသက်သက် ဖြစ်သည်။ အမျိုးသမီးကိစ္စရေးရင်း အကြောင်းသင့်လာသည်နှင့် ထည့်ရေးလိုက်သည် မဟုတ်ပေ။ မြန်မာ့ယဉ်ကျေးမှုနှင့် အနောက်ယဉ်ကျေးမှုတို့၏ ကွာခြားပုံကို သတိထား ကြည့်တတ်ကြစေဖို့ ဥပမာဆောင်ခြင်း ဖြစ်သည်။

အမျိုးသမီးကိစ္စများ လေ့လာဆွေးနွေးရာတွင် ထိုကဲ့သို့ ကွာခြားချက်များကို အရေးယူ စဉ်းစားသွားရလိမ့်ဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



စစ်ကြီးမဖြစ်မီက မြန်မာအမျိုးသမီးများ၏ အခြေအနေကို ထိုခေတ်က ရေပန်းစားသည့် စာပေအရေးအသားများပေါ်တွင် မူတည်၍ အကဲခတ်လိုက်ရခြင်း ဖြစ်သည်။

အားလုံးခြုံကြည့်လိုက်လျှင် 'မ' တို့အဖို့ အိမ်ထောင်သည်ဘဝ မယားကောင်းဖြစ်လာအောင် အကြားအမြင် ဗဟုသုတတွေနှင့် ပုံသွင်းပေးနေကြသည်။ သမီးမွေးလာလျှင် တစ်နေ့ လင့်အိမ်ပို့ဖို့ 'ရောင်းကုန်' အဖြစ်နှင့် လက်သပ်မွေး သင်ကြားပေးနေကြသည်။

တစ်နေ့ကျရင် လင်သားကို ပြုစုတတ်အောင်ဆို၍ ငယ်စဉ်ကတည်းက အဖေနှင့် အမေသာမက မောင်ကြီး၊ မောင်ငယ်များကို စားရေးဝတ်ရေး ဝတ္တရားတွေ ကုန်စင်အောင် ပြုစုလေ့ကျင့်ရသည်။

ထိုစနစ်အရ မိသားစုတွင် 'ကျား'တို့သည် အပြုအစုခံ လူတန်းစားဖြစ်၍ 'မ'တို့မှာ အခိုင်းခံလူတန်းစားအဖြစ်သို့ ရောက်နေကြရသည်။

ထိုစနစ် ပုံစံမှာ သူ့ခေတ်နှင့်သူ အလွန်ပင် အံဝင်ခွင်ကျဖြစ်နေသဖြင့် ဘယ်သူကမှ ဝေဖန်ခြင်း မပြုကြချေ။ မှန်ကန်သည်၊ သဘာဝကျသည်ဟု လက်ခံထားကြသည်။

'သည်လိုဆိုရင် တရားနည်းလမ်းကျပါ့မလား . . .' ဟူ၍ ယောင်မှားမပြောလေနှင့် အရူးဖြစ်သွားမည်။

သို့ပေမဲ့ အခြေအနေဆိုသည်မှာ ကြိုးနှင့်ချည်ထားလို့ရတာမျိုး မဟုတ်။ လောကကြီးသည် အမြဲရွေ့လျားလှုပ်ရှားနေသည်။ ခေတ်တွေကလည်း ပြောင်းလာသည်။

ပထမကမ္ဘာစစ်ကြီးပြီးသည့်နောက် မြန်မာပြည်တွင် နိုင်ငံရေးလှုပ်ရှားမှုများ ပေါ်လာခဲ့သည်။ အထူးသဖြင့် ၁၉၂၀ ခုနှစ်၊ ပထမ ယူနီဘာစီတီ သပိတ်ကြီး ပေါ်ပေါက်ခဲ့ရာကစ၍ အမျိုးသားရေးကို လူများ စိတ်ဝင်စား ဂရုပြုလာခဲ့ကြသည်။





နိုင်ငံရေးလှုပ်ရှားမှုများတွင် ကုမ္မာရီ အမျိုးသမီးအဖွဲ့များမှာလည်း တစ်တပ်တစ်အားအဖြစ် ပါလာခဲ့သည်။ ထိုအခါ မြန်မာအမျိုးသမီးတွေ မီးဖိုချောင်ထဲမှာချည်း မနေဘဲ တိုင်းပြည်အရေးတွင် ပါဝင်ကြဖို့ လှုံ့ဆော်သည့် အရေးအသားတွေ များလာသည်။

ထိုခေတ်က စာဖတ်ပရိသတ် နှစ်သက်၍ ရေပန်းစားသော စာစောင်များတွင် ဒဂုန်မဂ္ဂဇင်းနှင့် သူရိယမဂ္ဂဇင်းတို့ ပါဝင်သည်။ ထူးခြားလာသည်မှာ အမျိုးသမီးအမည်နှင့် ဝတ္ထု၊ ဆောင်းပါးများ ရေးလာကြခြင်း ဖြစ်သည်။ မှတ်တမ်းတင်ရဦးမည်။

'ထိုအဖြစ်အပျက်များ (နန်းတွင်း ဇာတ်တော်များတွင် လူမင်း ဘုန်းကြီး၊ နတ်မင်း မနေသာ၊ ဝိဇ္ဇာဇော်ဂျီတွေ လာမစပုံများ)သည် ကျွန်မ၏ မျက်မှောက်လက်တွေ့တွေ့မြင်ရသော အဖြစ်အပျက်မျိုး မဟုတ်ဘဲ ဖတ်ကောင်းသော ဒဏ္ဍာရီတစ်ခုလိုသာ ရှိသည်။ ကျွန်မ ပွင့်အန်ထွက်ချင်သည်မှာတော့ ယခုလက်ငင်းတွေ့ကြုံရင်ဆိုင်ရသော လက်ရှိအခြေအနေနှင့် လက်ရှိခေတ်အမြင်အတွေ့များကိုသာ မူတည်ရေးသားလိုခြင်း ဖြစ်ပါသည်။ ဒါတွေကို စကားပြေရိုးရိုးနှင့် ရေးဖို့မှာလည်း အလွန်လွယ်ကူသောအလုပ်ဟု ယူဆလာမိပါသည်။

သို့ရာတွင် လူကြီးပိုင်းမှ အယူအဆကြောင့် သိမ်ဖျင်းသေးနုပ်သည်ဟု အထင်ရောက်ပြီး ရဲရဲကြီး ရေးမချဝံ့ဘဲ ထစ်ငေါ့နေဆဲ ရှိပါသည်။

ပညာ့အလင်းမဂ္ဂဇင်း၌ ပါသော 'သစ္စာနှင့်မေတ္တာ'၊ 'စိန်နှင့်ဘေး'၊ 'အချစ်နှင့်အပြစ်' စကားပြေ



www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထုတိုကလေးများကို လည်းကောင်း၊ ဤနှစ်ထဲမှာပင် ရှေ့ဆက်နောက်ဆက်ထုတ်ဝေသော သူရိယမဂ္ဂဇင်းမှ ခေတ်ဝတ္ထုတိုတစ်ခုကို ဖတ်ရသောအခါ ကျွန်မရေးလိုသော နိုင်နိုင်နင်းနင်းရေးနိုင်မည့် အရေးအသားမျိုးဟု ယူဆပိုင်းဖြတ်ပြီး တစ်ခါတည်း စ၍ ရေးလိုက်မိခြင်း ဖြစ်ပါတော့သည်။

သို့ကြောင့် ၁၉၁၆ ခုနှစ်ထဲမှာ ပထမဦးဆုံးပွဲဦးထွက်အနေနှင့် 'နွဲ့နွဲ့'ဟူသော ခေါင်းစီးအမည်တပ်သည့် ဝတ္ထုတိုတစ်ပုဒ်ကို ရေးမိသည်။

သူရိယမဂ္ဂဇင်းကမူ အပြင်ပမှ ရေးပို့သည်ကို လက်ခံမည်ဖြစ်ကြောင်းနှင့် ထည့်သွင်းပါရှိသော ဝတ္ထုတို၏အစတွင် ရေးသူဆုရသည်ဟုရေး၍ ဝတ္ထု၏ အဆုံးတွင် ရေးသူ၏ ကလောင်အမည်ကို ထည့်ထားပါသည်။

ထို့ကြောင့် စည်းကမ်းချက်အတိုင်း စာတိုက်မှ ပို့ပေးလိုက်ပြီး၊ မေ့မေ့လျော့လျော့ နေခဲ့သည်။ ၎င်းအချိန်နှင့် မရှေးမနှောင်းမှာပင် ဝတ္ထုတိုတစ်ခုကိုလည်း ရေးသားပြီးစီးသွားပြန်သည်။ ၎င်းဝတ္ထုမှာ တစ်နှစ်လောက်ရှိမှ ဒဂုန်မဂ္ဂဇင်း၏ ဝတ္ထုတို ပြိုင်ပွဲတွင် ဝင်ရောက်အရွေးခံရန် ပို့လိုက်ရသည်။

(နှစ်ပေါင်း ၆၀၊ ဒဂုန်ခင်ခင်လေး)

မဂ္ဂဇင်း၊ ဂျာနယ်နှင့် သတင်းစာများတွင် အမျိုးသမီးအမည်များနှင့် ဆောင်းပါးဝတ္ထုတွေကို တွေ့စပြုလာရသည်။ သို့သော် ဒဂုန်





ခင်ခင်လေးကဲ့သို့ မူမှန်အမျိုးသမီး အစစ်များချည်း မဟုတ်ဘဲ အရေခြုံတွေများသည်။

ဒဂုန်မဂ္ဂဇင်း ကဗျာခန်းတွင် ရှင်သန်းမေအမည်ခံ ကဗျာရှင်အား တကယ်မိန်းမ အစစ်ထင်၍ 'ကျော်စွာ'ဆိုသူ ကဗျာရှင်တစ်ဦးက ရိလေသည်။ ရှင်သန်းမေသည် နောက်ဆုံး စိတ်မရှည်တော့သဖြင့် အောက်ပါကဗျာနှင့် သူ့ဘဝအမှန်ကို ထုတ်ဖော်လိုက်သည်။

'သွားရည်စာ ကျော်စွာ စားရန်ဖို့၊
အနှီဟာ ပေါ်ကာသွားတဲ့အောင်၊
ထမီသာ တော်ရာထားလိုက်ရင်၊
ပြားရောင်နှင့် လုံး။'

အမျိုးသမီး အစစ်ဖြစ်စေ၊ အတုဖြစ်စေ၊ သူတို့တစ်တွေ ဝင်ရေးကြတော့ စာနယ်ဇင်းတွေမှာ ပွဲစည်သည်။ သခင်ကိုယ်တော်မှိုင်းကြီးသည် သူရိယသတင်းစာတွင် အယ်ဒီတာလုပ်ရင်း မယ်တင့်၊ မယ်မြင့်အမည်ခံဆောင်းပါးရှင်များနှင့် မထိတထိ ရိတိတိရေးခဲ့သည်။ ဆရာကြီးသည် သူနှင့်ရေးဘက်များ မိန်းမအစစ် မဟုတ်မှန်း သိသည်။ သို့ကြောင့် -

'အပျင်းပြေ ပျော်စရာရရော့ရယ်လို့
ပဋ္ဌင်းတွေ သရော်ရာကြရော့သလ
မျှော်တလို့ လွမ်းသေးတာ
နှုတ်ခမ်းမွေး ပါမှာကိုတော့
မျှော်ကာတမ်း။
စွဲတာရယ်မှန်၊ ဝဲယာစုံ ဆွေမဒီတို့ရယ်ကြောင့်
သေပေစီ စိတ်မှာကူးရတယ်
(အယ်ဒီတာကြီးရယ်) ရူးရခမန်း'
ဟု ကျီစယ်ရေးသားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာမီပင် ဒဂုန်မဂ္ဂဇင်းတွင် လယ်တီပဏ္ဍိတ ဦးမောင်ကြီးက ရန်ကုန်ခင်ဆွေ၊ မန္တလေးခင်တုတ် အစရှိသော နာမည်များကိုယူကာ ဆောင်းပါးများ ရေးပြန်သည်။ ထိုအခါ တကယ့် အမျိုးသမီးအစစ်တွေပါ ပါဝင်ရေးဖို့ လမ်းဖွင့်ပေးလိုက်သည်။

လူသူလေးပါးနှင့် ဆက်သွယ်နေသော သတင်းစာ၊ ဂျာနယ်များတွင် အမျိုးသမီးများကိုယ်တိုင် ပါဝင်ရေးသားကြခြင်းမှာ တစ်နည်းအားဖြင့် မြန်မာအမျိုးသမီးများအဖို့ နယ်သစ်ပယ်သစ် တီထွင်လာခဲ့ခြင်းပင် ဖြစ်သည်။

နိုင်ငံရေးနယ်ပယ်မှာလည်း အမျိုးသမီးတို့၏ အင်အားမှာ အားကိုးအားထားစရာ အုပ်စုတစ်ခုဖြစ်သည်ကိုလည်း နိုင်ငံရေးသမားများက မြင်လာကြသည်။

'မ'ဆိုသည်မှာ 'သတင်းတန်ဖိုး'တက်သည်။ အစည်းဝေးတွေမှာ အမျိုးသမီးတွေ တက်တရားဟောလျှင် လူစည်သည်။ အမျိုးသမီးတွေ တက်တက်ကြွကြွ ပါဝင်ခြင်း၏ တန်ဖိုးကိုလည်း သဘောပေါက်လာကြသည်။

အမျိုးသမီးများ၏စိတ်ဓာတ် မြှင့်တင်ပေးသော ဆောင်းပါးများရေးသားရာတွင် လယ်တီပဏ္ဍိတဦးမောင်ကြီး၏ ထေရီဘာသာပြန်ဝတ္ထုများသည် အလွန်ပင် ထိရောက်ခဲ့လေသည်။

'မ'တို့သည် 'ကျား'တို့ထက် ယုတ်ညံ့သည်ဟူသော အတွေးအခေါ်ကို ဘာသာတရားကပင် ချမှတ်ထားသယောင် ပြောဆိုနေမှုကို ထိုထေရီဝတ္ထုများဖြင့် ဖြို့ခွင်းပေးခဲ့ပေသည်။

မြတ်စွာဘုရားလက်ထက်တော်က သောမာ အမည်ရှိသော ထေရီမအား မာရ်နတ်က ဤသို့ ပြက်ရယ်ပြုသည်။

"သောမာ၊ အကြင် အရဟတ္တဖိုလ် နိဗ္ဗာန်
ဟူသော အရပ်သို့၊ ဘုရားအစရှိသော ပညာရှိ ဣသိ





တို့သည် ရောက်အပ်၏။

သူတစ်ပါးတို့သည် ဖြစ်စေနိုင်ခဲ၏။ ထို အရဟတ္တဖိုလ် နိဗ္ဗာန်တည်းဟူသော အရပ်ကို လက်နှစ်လုံးမျှပညာရှိသော သင်ကဲ့သို့သော မိန်းမသည် ရောက်ခြင်းငှာ မတတ်စကောင်း"

ထိုအခါ သောမာထေရီက ဤသို့ ရဲဝံ့စွာပြန်ဖြေကြားလေသည်။

"ဟယ်. . . မာရ်ယုတ်၊ သစ္စာလေးပါးတရားကို ကောင်းစွာ ရှုမြင်နိုင်သူအား စိတ်သည် ကောင်းစွာ တည်ကြည်၍ အရဟတ္တမဂ်ဉာဏ် ဖြစ်ပေါ်နိုင်သည်ရှိသော် မိန်းမအဖြစ်သည် ငါတို့အား အဘယ်သို့သော တားမြစ်ခြင်းကို ပြုနိုင်ရာသနည်း။

"ငါသည် ခပ်သိမ်းသောအာရုံတို့၌ နှစ်သက်မှုတဏှာကို ပယ်ဖျောက်အပ်ပြီ။ မောဟအစု အမိုက်ထုကို ဖောက်ခွဲအပ်ပြီ။ မာရ်ယုတ်၊ ဤသို့ တဏှာအဝိဇ္ဇာကို ပယ်သောသူဟု ငါ့ကို သိလော့။

"မာရ်ယုတ်၊ သင်သည် ရှုံးသူဖြစ်ခဲ့ပြီ။"

ဆရာကြီး ဦးမောင်ကြီး၏ ကျေးဇူးကြောင့် အမျိုးသမီးများအားတက်ခဲ့ရသည်။ ခေတ်အဆက်ဆက် ဘုရားနှင့်ကိုင်ပေါက်ကာ 'မ'တို့၏ ဦးနှောက်ထဲ ရိုက်သွင်းထားသည့် အတွေးအခေါ်တွေ တဖြည်းဖြည်း ပြိုကျလာခဲ့ရသည်။

ဝတ္ထုမဂ္ဂဇင်းများဆိုလျှင် လူငယ်(အထူးသဖြင့်မိန်းကလေးများ) မဖတ်ရဟု လူကြီးမိဘတွေက ပိတ်ပင်ခဲ့သည်။ လယ်တီဆရာကြီးက ဘုရားဟောတရားစာများ ရေးထည့်သဖြင့် ဒဂုန်မဂ္ဂဇင်း စသည်တို့ကို ပေါ်ပေါ်ထင်ထင် ဖတ်ခွင့်ရလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအတောအတွင်း အင်္ဂလိပ်-မြန်မာ စာသင်ကျောင်းများတွင် မိန်းကလေးများကို ထားလာကြသည်။ သို့သော် မိန်းကလေးများကို အသိပညာရှင်ဖြစ်အောင် ရည်ရွယ်ချက် မရှိချေ။ အင်္ဂလိပ်စာ တတ်မှ ယူလို အိုင်လို ရောနိုင်မှ လူရာဝင် ဂုဏ်ရှိသည်။ တစ်နေ့တွင် မင်းကတော်၊ စိုးကတော်၊ ကတော်ဆယ်ပါး တစ်ပါးပါးဖြစ်သည့်အခါ မျက်နှာဖြူတွေနှင့် ဝင်ဆံ့ဖို့က အဓိကရည်ရွယ်ချက် ဖြစ်သည်။

●

## 'မ'တို့ ပညာသင်ကြားရေး ငွေကုန်လူပန်း အကျိုးမရှိလေသလော

ကိုလိုနီခေတ် ပညာရေးစနစ်အရ ဘယ်လောက်ခရီးရောက် အရာဝင်သည်ကိုကား ဤနေရာတွင် မဆွေးနွေးလိုပေ။ ထိုပညာရေးစနစ် အတိုင်းအတာထဲတွင် 'မ'တို့အား ပညာသင်ကြားပေးနည်းပေးဟန်ကို တင်ပြလိုသည်။

'မ'တို့ကို 'အင်္ဂလိပ်ကျောင်း' ထားခြင်းမှာ တစ်နေ့တွင် ကတော်လုပ်တတ်ဖို့ အရောင်တင်ခြင်းသာ ဖြစ်သည်။ အလုပ်လုပ်စားဖို့ မဟုတ်။ တတ်နိုင်လို့ တက္ကသိုလ်အထိများ သွားနိုင်လျှင် လင်ဖမ်းဖို့ နယ်မြေ ပိုကျယ်သည်။ ဒီဂရီရလာလျှင် ဘွဲ့နှင်းသဘင်ဝတ်စုံနှင့် ဓာတ်ပုံရိုက်၊ အိမ်ရှေ့မှာ ချိတ်ထားပြီး အကိုကာလသားများကို မက်လုံးပေးရမည်။

ထိုခေတ်အခါက 'မ'တို့အတွက် တစ်ခုတည်းသော လမ်းကြောင်းသာ ဖွင့်ထားသည်။ လင်ရှာယူဖို့တည်း။

ဤကား မိသားစုအတွင်းထားရှိသော သဘောထား အတွေးအခေါ် ဖြစ်သည်။ သို့သော် အပြင်လောကဆီက ဂယက်များကား ရှိနေပြန်သေးသည်။

ငွန့်ပွင့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သတင်းစာ၊ မဂ္ဂဇင်းများတွင် အသိပညာရှင်၊ အတတ်ပညာရှင် အမျိုးသမီးများ၏သတင်းတွေ ဓာတ်ပုံနှင့်တကွ ပါနေသည်။ ဆရာဝန် ဒေါ်စောဆာ၊ ဆရာဝန် ဒေါ်ရင်မေတို့သည် ဆေးပညာနယ်မြေမှာ ထူးချွန်လာကြသည်။ ဥပဒေနယ်တွင် ဒေါ်မေမေခင်၊ ဒေါ်ဖွားမှိုတို့ကို မြင်ရသည်။ အောက်စဖို့တက္ကသိုလ်တွင် မဟာဝိဇ္ဇာဘွဲ့ ဆွတ်ခူးသည့် ဒေါ်မြစိန်ကိုလည်း မော်ကြည့်အားကျကြရသည်။ နိုင်ငံပေါင်းချုပ် အစည်းအဝေးသို့ တက်ရောက်ခဲ့သူ မဟုတ်ပါလော။ အင်ဒီပင်းဒင့် သတင်းစာ ဒေါ်စန်းကြီးကိုလည်း အဝေးက ကြည်ညိုကြရသည်။

သည်လို အားကျဖွယ်တွေ နေ့စဉ်ဖတ်ရှုရသောအခါ ထိုကဲ့သို့သော အောင်မြင်မှုကို မျှော်မှန်းသော 'မ'လေးတွေ ရှိလာကြသည်။

ဥပဒေအရ 'မ'တို့ကို ကျောင်းမှာစာမသင်ရ၊ တက္ကသိုလ် မသွားရ အစရှိသော ချုပ်ချယ်ချက်တွေ စာနှင့်ရေးထားခြင်းကား မရှိချေ။ သို့ပေမင့် စာနှင့်ရေးသည်ထက်ပင် ထိရောက်သော အဆီးအတားများနှင့် ရင်ဆိုင်ကြရသည်။

ဒေါ်မြစိန်ကြီးကိုယ်တိုင် တစ်ခါက ပြောဖူးပါသည်။ မိသားစုတွင်း သားနှင့်သမီးများရှိရာ၊ သားများကိုသာ ပညာသင်ပေးဖို့ အားစိုက်ကြသည်။ (ယောကျ်ားလေးဆိုရင် ပညာတတ်မှပေါ့။) (မိန်းကလေးတွေတော့ ဘာကိစ္စရှိလဲ၊ တစ်နေ့လင်ယူမှာပဲ၊ လင်က ရှာကျွေးမှာပေါ့။)

ထိုအတွေးအခေါ်နှင့် မိန်းကလေးများကို အလွန်ဆုံး ၇ တန်းလောက်ထိမှ မနည်းအောင့်ပြီး ကျောင်းထားကြသည်။ ကျောင်းထားပြန်လည်း စာမေးပွဲကျလျှင် တစ်ခါကျ တစ်ခါထွက်စနစ်နှင့် နေရသည်။ (မိန်းကလေးတွေအတွက် အပိုစရိတ် အကုန်မခံနိုင်ဘူး၊ ယောကျ်ားလေးတွေ ရှိသေးတယ်။)

ကျောင်းမှာလည်း စာကိုထူးချွန်နေအောင်တော်မှ 'မ' တို့ကို ကျောင်းထားလိုကြသည်။ အောင်ရုံနှင့်ပင် မကျေနပ်သေးချေ။





အဓိပ္ပာယ်မှာ 'မ'တို့ 'ကျား'တို့လို ကျောင်းနေချင်ရင် ပိုထူးချွန်ပြီး တော်ရမည် ဖြစ်သည်။

"ဒါနဲ့ကို အစ်ကိုတွေ မောင်တွေထက် စာတော်အောင် အတင်းကြိုးစားရတော့တာပဲ၊ မသက်သာဘူး"

ထိုခေတ်က ကျောင်းနေ ပညာသင်ခဲ့ရသော 'မ'တို့မှာ ထိုကဲ့သို့ပင် ကြိုးစားရသည်။ (ကျောင်းထားသည်)ဆိုသည့် အခွင့်ရေးလေး ရပါစေကြောင်းကို 'ကျား'တွေထက်တော်ကြောင်း ပြရသည်ဟု ဒေါ်မြစိန်က ပြောဖူးပါသည်။

ထိုမျှမကသေး၊ 'ကျောင်းသွားတာနဲ့ အိမ်ကအလုပ် မလုပ်ချင်ရင်တော့ ကျောင်းမနေရဘူး'ဟူသော ခြိမ်းခြောက်ချက်ကြောင့် အိမ်မှာလည်း အလုပ်တာဝန်တွေ လုပ်ရသေးသည်။ 'စာတော်သည်'ဟု နာမည်ရသော 'မ'ကို ချိုးမည့်သူတွေက ပေါပါဘိသနဲ့။ 'စာမတော်ဘဲ နေမလား၊ စာအုပ်နဲ့မျက်နှာနဲ့ ခွာတာမဟုတ်ဘူး၊ အိမ်မှာဖြင့် ဘာမှ မလုပ်ချင်ဘူး' ဟူသော အပြစ်တင်ချက်တွေက လာသေးသည်။

သို့ဖြစ်၍ များစွာကုန်သော 'မ' တို့သည် ထိုကဲ့သို့ မျက်နှာမရ၊ လူပင်ပန်းသည့်အလုပ်ကို စွန့်ကြသည်။ ယူလို၊ အိုင်လို ပြောတတ်သည်နှင့် ကျောင်းကထွက်၊ အိမ်မှာ အမေကူလို့ (ကူချင်ကူ၊ မကူချင်နေလေ၊ ကျောင်းမနေတာနှင့် နာမည်က ကောင်းပြီးသား) မိန်းကလေးပီသစွာ အိမ်တွင်နေကြသည်။ တစ်နေ့ကျရင် ရွှေမင်းသားလေးပန်းတုံးတိုင် ရာဇမတ်နှင့် လာမှတ်မှာပေါ့။

ထိုခေတ်ကတွေ့ရသော အခက်အခဲတစ်ခုက ရှိသေးသည်။ ဒေါက်တာ ဒေါ်ရင်မေတို့၊ ဒေါ်မြစိန်တို့ကဲ့သို့ ဘုန်းခေါင်ဘုန်းဖျားထိ ပညာသင်အား မတတ်နိုင်မှ သာဆိုးသည်။ အဲသည်အထိ မသင်နိုင်လျှင်



www.burmeseclassic.com

www.burmeseclassic.com



ဆယ်တန်းလောက် အောင်ထိသင်၊ စာရေးစာချီအလုပ် ဝင်လုပ်နိုင်လျှင် 'မ'တို့အဖို့ ဆောက်တည်ရာ ရနိုင်ပါသေးသည်။

သို့သော် ထိုခေတ်က လူမှုရေး ပတ်ဝန်းကျင်အသိုင်းအဝိုင်းက သမီးမိန်းကလေး အလုပ်ထွက်လုပ်လျှင် မိဘဂုဏ်ဖျက်သလို သဘောထားကြပြန်သေးသည်။ သို့ဖြစ်၍ မိန်းကလေးများ ကျောင်းထားရသည်မှာ မိဘများအဖို့ အကျိုးမရှိဟုပင် ယူဆကြသည်။

သို့ဖြစ်၍ မိန်းကလေးများ စာတော်သည်ကို ချီးမွမ်းစရာမဟုတ်ဘဲ အပြစ်တစ်ခုလို ဖြစ်ခဲ့သည်။ 'စာသိပ်တော်တာပဲ၊ မိန်းကလေးဖြစ်နေလို့သာ၊ ယောကျ်ားလေးများဆို သိပ်အဖိုးတန်မှာ' ဟူသော အပြောမျိုးတွေ ကြားရတတ်သည်။

'မိန်းကလေးဆိုတာ အိမ်တွင်းမှုဝါသနာပါမှ၊ တတ်မှ၊ စာတော်နေလို့ ဘာလုပ်မှာလဲ'ဟူသော စကားတွေကြားထဲမှာ ကြီးပြင်းခဲ့ရသော 'မ' တို့သည် 'ငါတို့မှာ ယူမယ့်လင် ရှိပါမှ၊ မရှိရင်တော့ လောကမှာ ရပ်တည်စရာ မရှိပါကလား'ဟူသော အခြေအနေမျိုးနှင့် ရင်ဆိုင်ကြရတော့သည်။

အကယ်၍ သည်အထဲကပင်၁၀တန်းအောင်အထိ ကုတ်ကပ်ကျောင်းနေခဲ့ရပြီးသောအခါမှ ပြဿနာ ပိုတက်လာတော့သည်။

စီးပွားရေးလွတ်လပ်မှု အခွင့်အရေးတွေ အပြည့်အဝရှိသည်ဆိုသော မြန်မာအမျိုးသမီးအချို့တို့အဖို့ ကိုယ့်ဝမ်းကိုယ်ကျောင်းနိုင်ခွင့်မှ ပိတ်ပင်ထားသည်ကို ကြုံကြရသည်။

ဒေါက်တာဒေါ်ရင်မေတို့လို ဖြစ်အောင်၊ ဒေါ်မေမေခင်တို့လို ဖြစ်အောင် တက္ကသိုလ်အထိ ပညာဆက်မသင်ရသော 'မ'တို့မှာ ဆယ်တန်းအောင်ပြီး အလုပ်ထွက်လုပ်လျှင် မိဘက မကျွေးနိုင်လို့လား ဟူသော အတွေးကြောင့် အိမ်ထိုင်ပြီး လင်မျှော်သည့် အလုပ်ကလွဲ၍ အခြားလုပ်စရာမရှိ ဖြစ်ကြရသည်။





သို့ဖြစ်၍ 'မ'တို့၏ စီးပွားရေးလွတ်လပ်ခွင့် ရရှိရေးနှင့် အပြင်အလုပ်များ လုပ်နိုင်ဖို့အရေးမှာ ပြဿနာဖြစ်ကြရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

## မြန်မာအမျိုးသမီးများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ

(၁၉၃၀ ခုနှစ် ပတ်ဝန်းကျင်)

မြန်မာအမျိုးသမီးများ စီးပွားရှာသည့် အလုပ်အကိုင်များ လုပ်သည်ကို အာယာတထား၍ ကန့်ကွက်ကြသည်မှာ အံ့ဩဖွယ်ကောင်းသည်။ ရှေးပဝေသဏီကစ၍ မြန်မာအမျိုးသမီးများသည် ကန္တားဈေးပြင်တို့တွင် ဆိုင်တည်ရောင်းဝယ်သည့် လုပ်ငန်းများကို ဦးဆောင်လုပ်ကိုင်ခဲ့ကြသည်။

ဈေးရောင်းသည့်အလုပ်ကို 'မိန်းမအလုပ်' ဟူ၍ သတ်မှတ်ထားလိုက်ပြီး ဖြစ်ဟန်တူသည်။ မိန်းမက ဈေးရောင်းကျွေးသည်ကို အမြိန့်သား ထိုင်စားဖို့ မခဲယဉ်းသော 'ကျား' အချို့တို့ ရှိနေကြသည်၊ သို့ဖြစ်၍ မိန်းမများ စီးပွားရှာသည်ကို အာယာတထား၊ ဟန့်တားလိုသည် မဟုတ်ဟု ယူဆရန်ရှိသည်။

သို့ဖြစ်လျက် 'မ'တို့ ရုံးထိုင် အလုပ်လုပ်သည့်ကိုတော့ဖြင့် ကြည့်လို့မရ ဖြစ်ကြပြန်သည်။ စီးပွားရှာမှုတွေ၊ လာခရတာတွေနှင့် မဆိုင်တော့ဘဲ ဈေးရောင်းသည့်အလုပ်က မိန်းမအလုပ်၊ ရုံးထိုင်သည့်အလုပ်က ယောကျာ်းအလုပ်ဟု အခြောက်တိုက် အဓိပ္ပာယ်မရှိ သတ်မှတ်နေကြဟန် တူသည်။





သည်လို ပြောဆိုနေကြရင်းပင် 'မ'တို့သည် အတတ်ပညာရှင်များ အဖြစ်နှင့် အလုပ်ခွင်များသို့ ဝင်ရောက်လာကြသည်။ 'မ'တို့နှင့် သင့်လျော်သည်ဟု စ၍ လက်ခံသောအလုပ်မှာ ကျောင်းဆရာမ အလုပ်ပင် ဖြစ်သည်။ (မိန်းမဆိုတာ ကလေးတွေနဲ့ စိတ်ရှည်တယ် မဟုတ်လား။)

ဤသို့ အိမ်ပြင်ထွက်၊ ရုံး၊ ကျောင်းများတွင် အလုပ်လုပ်သော 'မ'များကို သရော်စရာ၊ ပြောင်စရာဟု သဘောထားကြသည်။ သူတို့တော့ လင်မရမှာ သေချာသည်ဟု ယူဆကြသည်။ 'မ'ဆိုလျှင် လင်မရတာလောက်ဆိုးတာ ရှိဦးမည်လား။ ကျောင်းဆရာမများကိုဆိုလျှင် ခုလိုတောင် ဆိုကြသည်။

'ဆရာမလဲ မကြိုက်နဲ့၊
အနာဝလဲ မနိုက်နဲ့။
ဆရာမ ကြိုက်လျှင်၊
ဩဇာ များတတ်သည်။
အနာဝ နိုက်လျှင်၊
ရောဂါ များတတ်သည်။'

သည်လိုဆိုတော့ အိမ်ထောင်ရေးဈေးကွက်မှာ ဆရာမတွေ မစွံဘူး ဆိုပါတော့။ ထိုခေတ်က 'မ'တို့မှာ စွံဖို့က အရေးကြီးသည်။ အလုပ်အကိုင်၊ ရာထူးတိုးတက်တာတွေက လင်ရတာလောက် ဂုဏ်မရှိချေ။

မိသားစုအလယ်တွင် ကျောင်းဆရာမ၊ စာရေးမ အလုပ်လုပ်နေသော 'မ'ကို တစ်အိမ်လုံးက သူ့အတွက် အရှက်ပိုနေကြသေးသည်။ 'ပညာတွေသင်ထားပြီး အိမ်မှာ အလကား မနေချင်ဘူး'တဲ့။

မိသားစုရပ်တည်ရေးအတွက် အလုပ်ထွက်လုပ်ရသည်ဟူသော အဖြစ်မျိုးကိုမှန်သည် ဖြစ်စေကာမူ၊ မထင်ပေါ်ချင်ကြချေ။



www.burmeseclassic.com

www.burmeseclassic.com



သည်မိန်းမကိုက မနေနိုင်မထိုင်နိုင်၊ အိမ်ထဲမနေချင်လို့ အပြင်အလုပ်ထွက်လုပ်သည့် အဖြစ်မျိုး ရောက်အောင်ပြောပြီး မိသားစု၏အသရေကို ဆည်တတ်ကြသည်။

'မ'တို့ အိမ်ပြင်ထွက်၍ ကျောင်း၊ ရုံးတို့တွင် အလုပ်လုပ်ခြင်းသည် အိမ်မှာမနေချင်၍ အပြင်သို့ အလေနတော ထွက်နေသလို သရုပ်ဖော်သည့်ကိစ္စမှာ အိမ်ထောင်ရှင်အမျိုးသမီးများ ဖြစ်လာသောအခါ ပို၍ပင် ဆိုးလာသည်။

အိမ်ထောင်ရှင်အမျိုးသမီး အလုပ်ထွက်လုပ်လျှင် လင်သားကပြည့်စုံအောင် ရှာဖွေမပေးနိုင်သည့်အသွင် ဆောင်သဖြင့် လင်၏ဂုဏ်သရေ ညှိုးစေသည်ဟု ယူဆကြပြန်သည်။

လင်၏ဂုဏ် မပျက်စေရန် တစ်ဖန် 'ပညာတွေ အလကားဖြစ်မှာ စိုးလို့'၊ 'အိမ်မှာအလကားမနေချင်လို့' အစရှိသည့် အကြောင်းပြချက်တွေနှင့် ကာကွယ်ပေးရပြန်လေသည်။ ထိုအခါ 'အိမ်မနေချင်တဲ့မိန်းမ' အစရှိသော နာမည်ကောင်းတံဆိပ်တွေ ထပ်ကာထပ်ကာရတော့သည်။

'လင်ယောကျ်ား ရှာဖွေပေးတာနဲ့ လောက်အောင် မနေကောင်းလား'ဟု အပြစ်တင်ဖို့လည်း ဝန်မလေးကြချေ။ တစ်ခါတစ်ရံတွင် 'မ'တို့မှာ သူ့ကို အားကိုးနေရသော မုဆိုးမ မိခင်၊ လူလားမမြောက်သေးသော မောင်၊ ညီမငယ်တွေပေးကမ်းနိုင်ဖို့ အလုပ်ထွက်လုပ်ရသည့်အခါမျိုး ရှိတတ်သေးသည်။ ထိုအကြောင်းများကိုလည်း ဂုဏ်ပျက်မှာစိုးသဖြင့် အသိအမှတ်မပြုဘဲ မေ့ထားတတ်ကြပေသည်။

အပြင်ထွက်၍အလုပ်လုပ်သော အိမ်ထောင်ရှင်မိန်းမ၏လင်ယောကျ်ားမှာလည်း သနားစရာသတ္တဝါမျိုးအသွင် ဆောင်နေတတ်သည်။ ထမင်းတစ်နပ်မှ ချက်ကျွေးပြုစုခံရသူမဟုတ်။ ဖြစ်သလိုစားနေရရှာသော သူ့ခမျာကလေး ဖြစ်နေသည်။





သည်လို အပြောအဆိုမျိုးတွေကို နာတတ်လွန်းသော 'မ'တို့မှာ ပိုဒုက္ခတွေ့သည်။ အပြင်ထွက် အလုပ်လုပ်ပေမယ့် အိမ်အလုပ်လည်း မလစ်ဟင်းရပါဘူးဆိုတာမျိုး ဖြစ်ချင်သည်။ အိမ်အလုပ်က တစ်ဖက်၊ ရုံးအလုပ်က တစ်ဖက်နှင့် အတင်းကန်ရုန်းရတော့သည်။

သို့ဖြစ်၍ အလုပ်ခွင်ရုံးတို့တွင် 'မ'တွေ ခန့်ထားရသည်မှာ တွက်ခြေမကိုက်ဟု ဆိုကြသည်။ ရုံးမလာခင် အိမ်ကအလုပ်တွေ လုပ်လာခဲ့၍ ရုံးရောက်သောအခါ လက်ပန်းကျနေတော့သည်။ အလုပ်ကောင်းကောင်း မလုပ်နိုင်တော့ဟုဆိုသည်။ ထို့ကြောင့် အချို့ဌာနများတွင် အိမ်ထောင်ရှင်မိန်းမတွေကို အလုပ် မပေးလိုကြသည်ကို ကြုံတွေ့ရသည်။

'မ'တို့ ငယ်ရွယ်စဉ်က 'မ'ဆိုလျှင် အိမ်အလုပ် လုပ်ရမည်။ လင်သားအပေါ် ဝတ္တရားမပျက်ရဟူသော အတွေးအခေါ်တွေကို လည်ချောင်းထဲသို့ မြေလှန်စုံကန် မျှောချထားခဲ့သဖြင့် ပြန်မထုတ်နိုင်ဖြစ်ခဲ့ရသည်။

အိမ်ထောင်ရှင် 'မ' များသည် အလုပ်ခွင်ရုံးများ၌ အပြည့်အဝ လုပ်အားတာဝန်မပေးနိုင်ဟု အချို့သော ဌာနအကြီးအကဲများက ယူဆကြသည်။ အိမ်ထောင်မကျသေးသော 'မ'များကျပြန်တော့လည်း 'ကောင်မလေးတွေ လင်ရရင် အလုပ်က ထွက်မှာ၊ လင်မရခင်လေးပဲ ခဏလာလုပ်ကြတာ'ဟု ဆိုကြ၏။

အိမ်ထောင်ရှင် 'မ' များကို အလုပ်ခန့်ရာတွင်လည်း မီးဖွားခွင့်ရက်တွေ ပေးရသည်။ အိမ်မှာကလေးဖျားလို့ အလုပ်ပျက် အစရှိသော ပြဿနာတွေနှင့် ရင်ဆိုင်ရပြန်သည်။

ထိုအတောအတွင်းတွင် စီးပွားရေးကျပ်တည်းမှု ပိုပြင်းထန်လာသည်။ ရှေးကလို 'ကျား'တစ်ယောက် လုပ်စာကို တစ်အိမ်လုံး ခွေ့ခု



www.burmeseclassic.com

www.burmeseclassic.com



မျိုးစုပါမကျန် ထိုင်စား၍မဖြစ်တော့ချေ။ လုပ်နိုင်သူရှိသမျှ ထွက်လုပ်မှ လူတန်းစေ့သည့်အခြေမျိုး ဖြစ်လာသည်။

သို့ဖြစ်၍ စာသင်ကျောင်း၊ တက္ကသိုလ်နှင့် ရုံးအလုပ်ခွင်များတွင် 'မ'အလုပ်သမားတွေ ပိုဝင်ရောက်လာကြသည်။ ဆေးပညာ၊ ဥပဒေပညာဘက်တွေ လိုက်စားလာကြသည်။ ထိုပညာနှင့် လုပ်စားလာကြသည်။

တစ်ဖက်က နိုင်ငံရေးလှုပ်ရှားမှုတွေကလည်း ဒီရေအလား တိုးလာပြန်သည်။ ဗြိတိသျှကိုလိုနီစနစ်ကို တိုက်ဖျက်ဖို့ အမျိုးသားရေးလှုပ်ရှားမှုတွေ ပေါ်လာပြန်သည်။

'မ' တို့သည် ရုံးအလုပ်ခွင်သို့ ဝင်ရောက်လာသောအခါ 'ကျား' တို့က သူတို့နှင့် ဂုဏ်ပြိုင်သယောင်ယောင်၊ သူတို့နေရာကို ဝင်လုသယောင်ယောင်၊ မျက်စောင်းခဲခဲခဲ့ကြရသည်။ သို့သော် နိုင်ငံရေးနယ်ပယ်ဘက်ကမူ 'မ'တို့ တက်တက်ကြွကြွရှိဖို့ သတင်းစာများမှ လှုံ့ဆော်လာကြပြန်သည်။

'မ'တို့၏ အင်အားသည် နိုင်ငံရေးတွင် အားကိုးလောက်သော အင်အား ဖြစ်လာပြန်သည်။ 'မ'တို့ပါဝင်သည့်အတွက် 'သတင်းတန်ဖိုး'ရှိသည်။ လူစည်ကားသည်။ 'မ'တို့သည် နိုင်ငံရေးလှုပ်ရှားမှုတို့တွင် ခိုင်းလို့ကောင်းသည်။ အသုံးဝင်ပေသည်။

မြန်မာမိန်းမတွေကို နိုင်ငံရေးလှုပ်ရှားမှုများတွင် အသုံးချရသည်မှာ တွက်ခြေကိုက်သည်။ သူတို့ကို လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးအခွင့်အရေးတွေ အထူးပေးပါမည်ဟု ကတိတွေပြုနေဖို့ မလိုချေ။

'မြန်မာအမျိုးသမီးတွေ လွတ်လပ်ခွင့်ရှိတယ်၊ အခွင့်အရေးဆိုလဲ 'ကျား'နဲ့ တန်းတူရတာပဲ၊ ခေါင်းမြီးခြုံပြီး အိမ်တွင်းလဲ မပုန်းရဘူး၊ ခြေထောက်သေးလေးနဲ့လဲ မနေရဘူး'ဟု လေပြေထိုးလိုက်လျှင် ကိစ္စပြီးနေသည်။





နိုင်ငံရေးလှုပ်ရှားမှုများကို ကျေးဇူးတော့ တင်ရပေမည်။ ထိုလှုပ်ရှားမှုများက ပေးသော ပညာဗဟုသုတတွေကြောင့် အမြင်ကျယ်လာသည်။ အစစအရာရာတွင် ဉာဏ်မြော်မြင် တွေးခေါ်တတ်လာသည်။

'မ'တို့အတွက် အခွင့်အလမ်းတွေ ရှေးကထက် ပိုပွင့်လာသည်။ ထိုသို့ ပွင့်လာသော လမ်းများထဲသို့ ဝင်ရောက်ရာတွင် အတားအဆီးတွေနှင့် ရင်ဆိုင်ရပြန်လေသည်။

●

www.burmeseclassic.com

www.burmeseclassic.com

## မြန်မာအမျိုးသမီးများအဖို့ အခွင့်အလမ်းများပွင့်လာခြင်း

### အတားအဆီးများနှင့် ရင်ဆိုင်ကြရပြန်ပြီ

စီးပွားရေးကျပ်တည်းမှုကြောင့် 'မ'တို့သည် ရုံးအလုပ်ခွင်များသို့ ဝင်လာကြရသော အိမ်မိသားစုပတ်ဝန်းကျင်တွင် နေ့စဉ်နှင့်အမျှ ကြားနေရသော 'ဦးနှောက်ဆေးကြောခြင်း' တရားဝါဒတွေမှအပ ဖြစ်သော အကြားအမြင်တွေနှင့် တွေ့ထိလာကြရသည်။

မိန်းကလေးဆိုလျှင် ရှက်သလိုလို ကြောက်သလိုလို အမူပိုနေ၍ မရတော့ဘဲ လုပ်စရာရှိလုပ်၊ ပြောစရှိလည်း ဟောဟောဒိုင်းဒိုင်း သွက်လက်လာကြသည်။

ဆင်ယင်ထုံးဖွဲ့မှုများလည်း ပြောင်းလဲလာသည်။ အင်္ကျီပါး၊ ဇာဘော်လီတို့အပြင် ဆံထုံးများမှာလည်း ရှေးကလို ခေါင်းနှင့်အပြည့် 'ဒေါက်ချာ'ကြီးများလို မဟုတ်တော့ချေ။ ထိပ်လယ်ခေါင်မို့မို့လေးမှာ ဆံမြိတ်ချ၊ ဆံမြိတ်ခွေ ထုံးခြင်းကြောင့် ခေါင်းမလေးတော့ပဲ မြန်မြန်ဆန်ဆန် လှုပ်ရှားလို့ ရလာသည်။

တစ်ဖန် အမျိုးသားရေးလှုပ်ရှားမှုများ ပေါ်လာသောအခါများတွင် တိုင်းရင်းဖြစ် ပင်နီခပ်ထူထူကို ဝတ်ဆင်ကြပြန်သည်။ ထူသည်





ဖြစ်စေ၊ ပါးသည်ဖြစ်စေ၊ အင်္ကျီများ တိုတိုနှင့်ကြပ်ကြပ်ဝတ်ကာ လူလုံးအလှကို ပိုပေါ်လွင်စေလာသည်။

ထုံးစံအတိုင်းပင် 'ကျား'တို့ ကြီးစိုးနေသော သတင်းစာ၊ မဂ္ဂဇင်းလောကမှ ကာတွန်းဆရာ၊ စာရေးဆရာတို့ သည် 'မ'တွေ ဝတ်စားပုံကို အားအားရှိတိုင်း သရော်ကြသည်။

'မ'တို့ အိမ်တွင်းမီးဖိုချောင်လောကထဲက ထွက်လာ၊ အပြင်လောကတွင် အသိပညာရှင်၊ အတတ်ပညာရှင်များအဖြစ် ထင်ပေါ်လာသောအခါတွင် ဝတ္ထုတို၊ ရှည်နှင့် ရုပ်ရှင်ကားများတွင် မာနကြီးသည့် 'မ'တို့ကို ချိုးနှိမ်သော ဇာတ်လမ်းတွေ ခေတ်စားလာသည်။

'တောင်ကြီး ဖဝါးအောက်၊ လှိုင်းကြီး လှေအောက်' ဟူသော စကားပုံကို တွင်တွင်သုံးလာကြသည်။ သို့သော် တစ်ဖက်ကလည်း 'မ'တို့သည် အိမ်တွင်း မီးဖိုချောင်နှင့်ချည်း အချိန်မကုန်သင့်။ တိုင်းရေးပြည်ရေးတာဝန်များ ဆောင်ရွက်ရမည့် အတွေးအခေါ်များနှင့် အရေးအသားများ၊ သရုပ်ပြ ရုပ်ရှင်ဇာတ်ကားများ ပြိုင်တူခေတ်စားခဲ့သည်။

ဤသို့ 'ကျား' နှင့် 'မ'တို့ လွန်ဆွဲသလို အတွေးအခေါ်တွေ ရေပန်းစားနေစဉ်၊ အားကစားဘက်တွင် 'မ'တို့ ဝင်ရောက်လာကြပြန်သည်။

ရှုနာရှိုက်ကုန်း၊ မီးယပ်ပိန် မီးယပ်ခြောက်ကလေးတွေ ဖြစ်နေလျှင် လူမျိုးအညွန့်အဖူး သားသမီးရတနာတွေ မပေါက်ဖွားနိုင်ဟူသော အတွေးများ ဝင်လာသည်။

ကာယဝလ ဦးရှိန်၊ ဦးဇော်ဝိတ်၊ ခြေလျင် ဦးအုန်းခင်တို့၏ တက်ကြွမှု၊ အားပေးမှု၊ စွမ်းဆောင်မှုများကြောင့် 'မ'တို့ အားကစားလောကသို့ ဝင်ရောက်လာကြသည်။ ရှပ်လက်တို၊ ဘောင်းဘီတိုများ ဆင်ယင်သည်အထိ ရဲလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့သောအခါ စာရေးဆရာတစ်ဦးက ထိုသို့ဝတ်ဆင်ခြင်းမှာ မိန်းမတို့ ကွဲမြွေပျက်သည်ဟု စာရေးကလည်း ကောင်းကောင်းနှင့် ခပ်စပ်စပ်ကလေး ပြက်ရယ်ပြုလိုက်သည်။

ထိုဆောင်းပါးကို ဂျာနယ်ကျော် မမလေးက ပြန်လည်ရေးသားရာတွင် 'နေရာတကာ ကိလေသာ မျက်စိနှင့်ချည်း မကြည့်ပါနှင့်' ဟူသော စကားကို သုံးလိုက်ရာ နောက်ထပ်မပြောနိုင်အောင် ငြိမ်ကျသွားခဲ့သည်။

ထိုအချိန်အခါတွင် ဗြိတိသျှကိုလိုနီစနစ်ကို တွန်းလှန်သော လှုပ်ရှားမှုများ ပိုမိုပြင်းထန်လာခဲ့သည်။ 'မ'တို့သည် ထိုလှုပ်ရှားမှုများတွင် တစ်တပ်တစ်အား ပါဝင်လာခဲ့ကြသည်။

ထိုသို့ ပါဝင်လာခဲ့ကြရာ 'မ'တို့အဖို့ အတွေ့အကြုံဗဟုသုတ ကြွယ်ဝဖို့ လမ်းပွင့်လာသည်။ သို့သော် ထိုအချိန်ထိ 'မ'တို့၏ နိုင်ငံရေးလှုပ်ရှားမှုများမှာ အများအားဖြင့် 'ကျား'တို့ ဦးဆောင်သော နိုင်ငံရေးအဖွဲ့များ၏ တစ်စိတ်တစ်ဒေသအဖြစ်သာ ဖြစ်သည်။ အမျိုးသမီးအဖွဲ့ဟု တသီးတခြား ရှိကြသည့်တိုင်အောင်ပင် အရေးဖြစ်ပေါ်လာသည့်အခါ နိုင်ငံရေးပါတီတစ်ခုခု၏ အင်အားစုတစ်ရပ်သာ ဖြစ်သည်က များသည်။

(ဤကိစ္စမှာ စာရေးသူ၏ ထင်မြင်ချက်သာ ဖြစ်ပါသည်။ အကြွင်းမဲ့ မှန်ချင်မှ မှန်မည်။ မှားလျှင် ပြင်ကြပါဟု ဖိတ်ခေါ်ပါသည်။)

နိုင်ငံရေးပါတီများတွင် ပေါ်လစီချမှတ်သည့် ခေါင်းဆောင်အဆင့်သို့ ရောက်သည့် 'မ'ဦးရေမှာ နည်းပါးလှသည်။ ပါဝင်လှုပ်ရှားသော 'မ' တို့၏ အရေအတွက်နှင့်စာလျှင် အလွန်နည်းသည်။

သို့ဖြစ်ရခြင်းမှာ ဘာကြောင့်ဟု အကြောင်းရှာ မှန်းဆကြည့်ဖို့ကောင်းသည်။ လူမှုရေးသိပ္ပံပညာရှင်တို့ သုတေသနပြုဖို့ကောင်း





သည်။ ထိုအကြောင်းကို ဤနေရာတွင်ရပ်၍ အခြားကိစ္စတစ်ခုကို တင်ပြလိုသေးသည်။

'မ'တို့သည် တိုင်းပြည်၏လွတ်လပ်ရေးအတွက် လှုပ်ရှားမှုများတွင် ကိုယ်တိုင်ပါဝင်ကြသည်မှာ တစ်ဌာနမျှသာ ဖြစ်သည်။ အခြားနေရာမှာလည်း ပါဝင်ရပုံ တွေ့ရှိသေးသည်။ 'ကျား'တို့ တိုင်းရေးပြည်ရေးကိစ္စများတွင် ခြေစုံပစ်ဝင်လုပ်ကိုင်နေကြသောအခါ သားကျွေးမှု၊ မယားကျွေးမှု တာဝန်များကို လွှစ်လျူရှုကြရသည်။

'သခင်ပေါက်စ၊ ထောင်ခြောက်လ'ဟူသော ထိုခေတ်က စကားအတိုင်း ထောင်ထဲဝင်ချည်ထွက်ချည် လုပ်နေကြရသော နိုင်ငံရေးသမားတို့၏ ဇနီးများမှာ အိမ်ထောင်တာဝန်ကို စွမ်းစွမ်းတမံ ထမ်းရွက် ကြရသည်။

ထောင်က ထွက်လာပြန်တော့လည်း အိမ်မှာကပ်သည် မဟုတ်ချေ။ နိုင်ငံရေးစည်းရုံးမှုအတွက် ခရီးထွက်ရပြန်သည်။ စရိတ်စက၊ အဝတ်အစားမှစ၍ ဇနီးသည်က ရှာဖွေပေးရသည်။

ထိုပုံစံမှာ ထိုခေတ်က နိုင်ငံရေးတွင် ဝင်လှုပ်ရှားကြသော 'ကျား' တို့၏အိမ်မိသားစု ပတ်ဝန်းကျင်ပုံစံ ဖြစ်သည်။

'ထောင်ကျပြန်တော့လဲ အဝတ်အစားသွားပို့ရ၊ ထောင်က ထွက်တော့လဲ လမ်းစရိတ်ရှာပေးရ၊ တစ်ဖက်က သားသမီးတွေ တာဝန်က ရှိသေး၊ တကယ်ပါပဲတော် မုဆိုးမ ဖြစ်ရတာမှ ကောင်းသေးတယ်၊ ဆွေမျိုးသားချင်းက သနားကြည့်ရှုဦးမှာ၊ အခုတော့ . . .' စသည်ဖြင့် ဆူပူညည်းညူသံမျိုးတွေလည်း ထွက်လာတတ်ကြသည်။

လင်နှင့်မယား လှာနှင့်သွားဆိုသကဲ့သို့ ငိုတစ်ခါရယ်တစ်လှည့်နှင့် သည်းခံပြီး ပါရမီဖြည့်ရှာခဲ့ရသော အမျိုးသမီးများမှာ ရေတွက်ခြင်းငှာ စွမ်းနိုင်မည် မဟုတ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



ဤနေရာတွင် မြန်မာအမျိုးသမီးတို့၏ ရိုးရာပညာ ဈေးရောင်းတက်ခြင်းပင် အားကိုးရာ ဖြစ်ခဲ့သည်။

နိုင်ငံရေးသမား၏နောက်က အထောက်အကူပြု အားပေးခဲ့ကြသော ဇနီး၊ မယား၊ မိခင်၊ နှမသားချင်းတို့သည် အများအားဖြင့် ခေတ်ပညာတတ်များ မဟုတ်ကြချေ။ သေစာရှင်စာ ရေးတတ် ဖတ်တတ်ရုံ၊ စာရင်းအင်း တွက်တတ်ရုံသာ တတ်ကြသည်။

ခေတ်ပညာတတ် လူတန်းစား အမျိုးသမီးများမှာ အများအားဖြင့် ရုံးအလုပ် (အစိုးရအလုပ်၊ သို့မဟုတ် နိုင်ငံခြားကုမ္ပဏီကြီးများအလုပ်)များ လုပ်ကိုင်သူများ ဖြစ်ကြသည်။

အထက်တန်းကျောင်းနှင့် တက္ကသိုလ်သပိတ်များတွင် ပါဝင်လှုပ်ရှားခဲ့သော အမျိုးသမီးများ ရှိခဲ့သည်။ သို့သော် အများအားဖြင့် ပွဲပြီးမီးသေ ဆိုသလို နိုင်ငံရေးနယ်တွင် ကြာရှည်ပါဝင်ခြင်း မရှိကြဘဲ အစပျောက်သွားကြသူတွေ အရေအတွက်က များသည်။

သို့ဖြစ်၍ အမျိုးသားရေး လှုပ်ရှားမှုများတွင် ပါဝင်သော 'မ' အင်အားစုတို့မှာ ရှေးအစဉ်အလာအတိုင်း မိသားစုလုပ်ငန်း၊ အရောင်းအဝယ်၊ အိမ်တွင်းစက်မှုလက်မှုအလုပ်၊ လယ်ယာအလုပ် စသည်တို့ကို ဦးဆောင်လုပ်ကြသော 'မ'တို့ကသာ များပေသည်။ အသိပညာရှင်၊ အတတ်ပညာရှင်တို့၏ ဦးရေမှာ နည်းလှသည်။

မြန်မာအမျိုးသမီးများ၏ ကြီးမားသောစွမ်းဆောင်နိုင်အားမှာ ရှေးအစဉ်အလာအရ အိမ်တွင်းစက်မှုလက်မှုနှင့် အရောင်းအဝယ်အလုပ်ကို နိုင်နင်းစွာ လုပ်နိုင်ခြင်းပင်ဖြစ်သည်ဟု ဆိုရမလိုဖြစ်နေသည်။

ထိုအခြေအနေမှာ စစ်အတွင်းတွင် ပို၍ သိသာထင်ရှားလာခဲ့သည်။

## စစ်အတွင်း မြန်မာအမျိုးသမီးများ

ဒုတိယကမ္ဘာစစ်ကြီးဖြစ်လိုက်သောအခါ မြန်မာပြည်၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးအခြေအနေနှင့်တကွ အတွေးအခေါ်များမှာ ဖြို့ခွဲပစ်လိုက်သလို ပျက်စီးပြောင်းလွဲသွားခဲ့သည်။ အခြေအနေမှာ နာရီပိုင်းအတွင်း တစ်မျိုးတစ်မျိုးဖြစ်နေသည်။ မျက်လှည့်ပြသည့်ပမာ မြန်လှသည်။

မျက်စိအောက်မှာပင် ဘယ်တော့မှပျက်စီးမည်ဟု မထင်ရသော ဗြိတိသျှအင်ပါယာကြီး ပြိုကွဲသွားခဲ့သည်။ မြန်မာပြည်ကို ဗြိတိသျှတို့ စွန့်ပြေးပြီး ဖက်ဆစ်ဂျပန်တို့ ဝင်ရောက်လာသည်။ ဂျပန်နှင့် ဗြိတိသျှတို့ ဗုံးအမြောက်တွေနှင့် စစ်တိုက်ကြသည့်စပ်ကြားတွင် မြန်မာပြည် မြေဇာပင် ဖြစ်ခဲ့ရသည်။

နိုင်ငံရေးအရ လွတ်လပ်ရေးအတွက်လှုပ်ရှားမှုအင်အား ပြင်းထန်လာသည်။ တိုင်းပြည်နှင့်လူမျိုးအတွက် အသက်အိုးအိမ်ကိုပါ စွန့်မည်ဟူသော စိတ်ဓာတ်တွေ ရင့်သန်ခဲ့ကြသည်။

စီးပွားရေး၊ လူမှုရေးမှာလည်း ပြောင်းလဲမှုကြီးမားလာသည်။ တစ်ကြိမ်တစ်ခါက အစိုးရအမှုထမ်း အရာရှိ၊ သို့မဟုတ် အခြား လခစားအမှုထမ်းတို့ကို စိတ်ချရသည့် အလုပ်အကိုင်လက်ရှိလူတွေဟု



www.burmeseclassic.com

www.burmeseclassic.com



အထင်ကြီးခဲ့ကြသည်။ ကုန်သည်၊ ဈေးသည် အလုပ်ဆိုလျှင် ပိုက်ဆံကြေးငွေ ဘယ်လောက်ပင်ရရ ဂုဏ်မရှိဟု ထင်တတ်ကြ၏။

စစ်ကြီးဖြစ်လာသော်၊ လခစားလူတန်းစား ကြီးငယ်မဟူ မျက်စိသူငယ်နှင့် ဘာလုပ်ရမှန်းမသိ ဖြစ်ကုန်ကြသည်။ အစိုးရ အပြောင်းအလဲ စပ်ကူးမတ်ကူးကာလတွင် အားငယ်ကြရသည်။

အခြေအနေအရ အစိုးရအဖွဲ့ စစ်အုပ်ချုပ်ရေးအဖွဲ့တည်ထောင်လိုက်သောအခါ လခစားလုပ်သူ ကြီးငယ်မရွေး လျှောက်လွှာလေး ကိုယ်စီနှင့် ရုံးတကာလိုက် သတင်းမေးကြရသည်။ ရှုပ်ထွေးနေသည့် အခြေအနေကြားထဲတွင် အလုပ်ကလည်း ရဖို့မလွယ်ကူချေ။

အချိန်တွေ၊ ရက်တွေ ညောင်းလာသလောက် လက်ထဲရှိစုမဲ့စုလေးများကလည်း ပြေးရလွှားရ၊ ပျောက်ရှဆုံးပါတာကတစ်မျိုး၊ လုံးပါးပါးလာကြရသည်။

ထိုအချိန်အခါတွင် ကျောင်းပညာအနည်းအကျဉ်းမျှသာရှိသော သူတို့သည် အရောင်းအဝယ်နှင့် စီးပွားဖြစ်နေကြသည်။ မြန်မာအမျိုးသမီးများသည် ရှေးအစဉ်အလာအတိုင်း ရောင်းတတ် ဝယ်တတ်ပညာမျိုးစေ့များ ရှင်သန်လာကြတော့သည်။ အစက မလုပ်ဖူးစေကာမူ မုဆိုးကို စိုင်သင်ဟူသကဲ့သို့ ကုန်သည်ပွဲစားအလုပ်မှာ ကျွမ်းကျင်လာကြသည်။

ရှေးက လင်ယောကျ်ားလုပ်စာကို ထိုင်စားလာခဲ့ကြသော အမျိုးသမီးများပင် မိမိတို့အိမ်တွင်းပစ္စည်းများကို စားစရိတ်အတွက် ထုခွဲ ရောင်းချရင်း အလုပ်လုပ်တတ်လာကြသည်။ သူတို့၏ဝင်ငွေမှာ ရုံးသွား အလုပ်ဆင်းသည့် ခင်ပွန်းသည်များထက်ပင် ကောင်းလာကြသည်။

အိမ်တွင်း ပစ္စည်းလေးမှ ရောင်းစရာမရှိ၊ ရင်းဖို့နှီးဖို့လည်း ငွေစမရှိသော အမျိုးသမီးများပင်လျှင် အိမ်မှာနေရင်း မုန့်ပဲသွားရည်





စာတွေ လုပ်ရောင်းတတ်ကြသည်။ မုန့်ရောင်းသည့်ဝင်ငွေမှာ အိမ်ကလူ၊ စာရေးကြီး၊ အရာရှိကြီးများထက်ပင် များသေးသည်။ ငွေတန်ဖိုးလျော့ကျသဖြင့် ရုံးသမားတို့၏လခမှာ ဆီ၊ ဆန်ဖိုးမျှမရှိသည့်အချိန်တွင် အိမ်က ဇနီးသည်၏ မုန့်ရောင်း၍ ရသောငွေနှင့် မတည်ကာ စားသောက်နေထိုင်ကြရတော့သည်။

ထိုခေတ်က မိသားစုပုံစံမှာ ဤသို့ ဖြစ်သည်။ အိမ်ထောင်ဦးစီးယောကျ်ားက ရုံးသွားသည်။ ဇနီးသည်က လမ်းလျှောက်ပွဲစားလုပ်လျှင်လုပ်၊ ဈေးထဲမှာ ဈေးဆိုင်ထွက်ချင်ထွက်၊ ယုတ်စွအဆုံး အိမ်မှာပင် မုန့်ပဲ ရောင်းသည်။

ယောကျ်ား၏ဝင်ငွေမှာ သူရုံးသို့ယူသွားသည့် ထမင်းချိုင့်စရိတ်ပင် မရှိချေ။ တစ်အိမ်လုံးစရိတ်ကို 'မ'၏ လုပ်စာနှင့် သုံးစွဲရသည်။ 'ကျား'မှာ အိမ်နားနီးချင်း ရှိသေရုံ ရုံးတက်သည့်အဖြစ်မျိုး ရောက်ခဲ့သည်။

'ကျား'တို့သည် မိန်းမဝယ်ပေးသည့် လုံချည်အဝတ်အစားဝတ်၊ ရုံးတက်၊ မိန်းမ ဝင်ငွေနှင့်ဝယ်နိုင်သည့် စားကောင်းသောက်ဖွယ်များကို စားနေကြသည်။ 'မ'တို့ကလည်း ကြည်ဖြူကြသည်။ လင်ကို အရှင်သခင် အိမ်ဦးနတ်ကဲ့သို့ သဘောထား လေးစားကြသည်။

'ကျား'တို့ကလည်း 'မ'၏ လုပ်စာနှင့် ရပ်တည်နေရသည်ကို ဂုဏ်ငယ်သည်ဟု မယူဆချေ။ အခြေအနေအရ ဖြစ်ရသည်။ လူတိုင်းသည်လိုပဲဟု သဘောထားကြသည်။ 'ကျုပ်တို့တော့ ဝေဿန္တရာမင်းကြီးထုံးအတိုင်းပဲ၊ အိမ်က မယ်မဒ္ဒီလုပ်ကျွေးတာ စားနေရတယ်ဗျို့' ဟု ရယ်စရာလို တကယ်ပြောတတ်ကြသည်။

တစ်ခုတော့ မှတ်တမ်းတင်ရဦးမည်။ ဂုဏ်ပြုသည့် မှတ်တမ်းတော့ မဟုတ်။ အညံ့စားမှတ်တမ်းပဲ ဆိုကြပါစို့။ ခေတ်ပညာတတ်၊ အသိပညာရှင်၊ အတတ်ပညာရှင် လူတန်းစား အမျိုးသမီးများမှာ



www.burmeseclassic.com

www.burmeseclassic.com



သူတို့လို စျေးလည်းမရောင်းတတ်၊ အဖြစ်လည်းမရှိကြသဖြင့် လုပ်ရိုးလုပ်စဉ် ရုံးမှာ လခစား ဝင်လုပ်ကြရသည်။ လခကလည်း ဆီဖိုး၊ ဆန်ဖိုးမျှ မရသော်လည်း ပေကပ်လုပ်ကိုင်နေကြရသည်။

ရုံးအလုပ်ခွင်မှာ ဝင်အလုပ်လုပ်ရသည်မှာ လူမြင်သည်။ ရတော့လည်း မဖြစ်စလောက်နှင့် လင်ယောကျ်ား၏ ဂုဏ်သရေတောင် ပျက်သယောင် အပြောခံရသေးသည်။ စျေးရောင်းတာတော့ မိန်းမအလုပ်ပဲဟု သဘောထားသဖြင့် ကျေကျေနပ်နပ် လက်ခံကြသည်။ ရုံးထိုင် အလုပ်လုပ်သော ပညာတတ်လူတန်းစား အမျိုးသမီးတို့မှာ မျက်နှာမရ ရှိခဲ့ကြရသည်။

စစ်အတွင်းက မြန်မာအမျိုးသမီးများ စစ်ဘက်တွင် ဝင်ရောက်အမှုထမ်းခဲ့ကြသည်။ တော်လှန်ရေးတွင် အသက်မငဲ့၊ 'ကျား'ရဲဘော်များနည်းတူ စွန့်စားခဲ့ကြသည်။ ထိုအဖြစ်အပျက်များမှာ မြန်မာပြည်၏ သမိုင်းကဏ္ဍတစ်ခုပင် ဖြစ်၏။

စစ်တွင်းခေတ် သုံးနှစ်ကျော် လေးနှစ်နီးပါးကြာခဲ့သည်။ စစ်ကြီးပြီးသောအခါ အခြေအနေတွေ ပြောင်းလဲလာပြန်သည်။

လွတ်လပ်ရေးအတွက် လှုပ်ရှားမှုကြီးကလည်း အရှိန်ပြင်းထန်လာခဲ့သည်။ မြန်မာအမျိုးသမီးတို့၏ ဘဝအခြေအနေမှာလည်း ပြောင်းလဲလာခဲ့ရပြန်သည်။

●

## စစ်ပြီးခေတ် မြန်မာအမျိုးသမီးများ

စစ်ကြီးပြီး၍ တိုင်းပြည်လွတ်လပ်ရေးရသည်နှင့် လူငယ်၊ မိန်းမ၊ ယောကျ်ားများသည် စစ်ကြောင့် အားပြတ်သွားသော ပညာရေး၊ စီးပွားရေးတို့ကို ပြန်လည်ထူထောင်ဖို့ ကြိုးစားလာကြသည်။ နေရာတကာတွင် လိုလိုချင်ချင်၊ တက်တက်ကြွကြွ ရှိလာကြသည်။

များသောအားဖြင့် ထို လူလတ်ပိုင်း လူများမှာ သားမယားနှင့် ဖြစ်နေကြပြီဖြစ်၍ အလုပ်တစ်ဖက်နှင့် တက္ကသိုလ်ဒီဂရီများရဖို့ ကြိုးစားကြသည်။ 'ကျား'များသာမက၊ 'မ'တို့လည်း အိမ်ထောင်တစ်ဖက်၊ ကလေးတစ်ဖက်နှင့် ပြန်၍ ကျောင်းတက်ကြသည်။ အချို့မှာ သူတို့၏ ခင်ပွန်းသည်များ ကျောင်းပြန်တက်နိုင်အောင် အလုပ်ဝင်လုပ်၍ တစ်ဖက်က အိမ်မိသားစုတာဝန်ကို ထမ်းကြရလေသည်။

တစ်ခါတုန်းက 'မ'တွေ ရုံးအလုပ်ခွင်၌ ဝင်လုပ်သည်ကို ကြည့်မရကြ။ အာယာတရှိကြသော်လည်း ယခုအခါမှာ အလုပ်လုပ်မှပင် ဂုဏ်ရှိသကဲ့သို့ အတွေးအခေါ် ပြောင်းလဲလာသည်။

မိဘများသည် ယခင်ကလို သားတွေမှပညာသင်ပေး၊ ကျောင်းထားမည်၊ သမီးတွေ အိမ်မှာနေစေမည်ဟူသော အယူမရှိကြတော့ချေ။ သမီးတွေကိုပါ ကျောင်းထား၊ ပညာသင်ဖို့ စိတ်ပါလာကြသည်။

ငွေနှပ်ပွင့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သမီးလေး ပညာသင်ပေး၍ အလုပ်လုပ်ခိုင်းရမည်မှာ ပို၍ ထွက်ခြေကိုက်သည်။ သားက မယားရလျှင် မိဘတွေ သူ့အနား မကပ်နိုင်တော့ချေ။ သမီးလေးဆိုတော့ သူရသည့်လခကို အမေက အချိန်မရွေး တောင်းယူနိုင်သည်။ လင်ယူသွားသော်လည်း ကိုယ့်သမီးဟာ ကိုယ့်သမီးပဲ၊ သားကို ညှဉ်းဆဲလို့ မရရင်သာရှိမယ်၊ သမီးကိုတော့ ညှဉ်းနိုင်သည်။

သို့ဖြစ်၍ သမီးရှင်များသည် သမီးများကို အထက်တန်းပညာကို တတ်အားသရွေ့ ရယူစေချင်သည်။ ရှေးကမိဘတွေကဲ့သို့ လင်ပေးစားဖို့ချည့် စိတ်မသန်ကြတော့ချေ။ တကယ်တော့ လင်ယူသွားမှာကို စိုးနေသည်။ (အထူးသဖြင့် အသိပညာရှင်၊ အတတ်ပညာရှင် အဖြစ် လခကောင်းရသော သမီးများ။)

အိမ်ထောင် လင်သားများနှင့် 'မ'တို့ ရုံးအလုပ်ခွင် အလုပ်လုပ်သူတွေ များလာသည်။ ရှေးကလို အလုပ်ထွက်လာလျှင် လင်၏ ဂုဏ်သရေ လျော့မသွားတော့ဘဲ ပို၍ပင် တိုးနေပြန်သည်။

စစ်ပြီးခေတ် မြန်မာအမျိုးသမီးများမှာ ပို၍ လွတ်လပ်ခွင့်ရလာသည်။ အခွင့်အလမ်းများလည်း ပိုများလာသည်။ သို့သော် ထိုအခွင့်အရေးနှင့် လွတ်လပ်မှုများကို နှစ်လိုအားရခြင်း မရှိနိုင်သော အခြေအနေများ ကြုံရပြန်သည်။

'မ'တို့မှာ တာဝန်တွေ ပိုများလာသည်။ အလုပ်ခွင်မှာလည်း သူများနည်းတူ ကျွမ်းကျင်မှု စွမ်းရည်ရှိဖို့ ကြိုးစားရသည်။ အိမ်မှာ သားသမီးတာဝန်တွေကိုလည်း ထမ်းရသည်။ အိမ်က အလုပ်တွေကိုလည်း ခေါင်းပွန်းမခံရဲ၊ မလစ်ဟင်းအောင် လုပ်ရသည်။ 'အပြင်ထွက်နေတဲ့ မိန်းမပဲ၊ အိမ်ထဲ ဘာမှမလုပ်ဖူး'ဟု အပြောခံရတတ်သည်။

လင်ယောကျ်ားများသည် မိမိတို့၏ဇနီးသည်များ၏ လုပ်ရည်ကိုင်ရည်ကို သဘောကျဂုဏ်ယူတတ်လာကြသည်။ ရှေးကလို မိန်းမ





တွေကို မီးဖိုထဲမှာချည့် နေရမည်၊ သည်နေရာနှင့်သာ တန်သည်ဟူသော အယူအဆမှာ တဖြည်းဖြည်း လျော့ပါးလာခဲ့သည်။

သို့သော် တစ်သက်လုံးက မျိုးရိုးစဉ်ဆက် ပါလာခဲ့သည့် အတွေးအခေါ်၊ စွဲလမ်းမှုတွေ ပြတ်ဖို့တော့ မလွယ်လှပါချေ။ အသက် ၄၀ အထက် အသက်အရွယ်ရှင် 'ကျား'တို့က 'မ'တို့သည် သူတို့၏ အလုပ်အကျွေးဖြစ်သည်။ သူတို့ကို အစေအပါးကဲ့သို့ လုပ်ကျွေးရမည်ဟု ယူဆနေကြသေးသည်။

ထို 'ကျား'တို့သည် သူတို့နည်းတူ တစ်နေ့လုံး ရုံးအလုပ်လုပ်ရသော ဇနီးသည်များက သူတို့ကို လုပ်ကျွေးသမှု ပြုစုစေချင်ကြသည်။ အိမ်တွင်းမီးဖိုချောင်အလုပ်ကို စေ့ငပြည့်စုံရမည်၊ ငါးခြောက်ဆိုဖုတ်ပြီးသား အသင့်ဖြစ်ရမည်၊ သူတို့ကိုယ်တိုင်ကမူ လက်ဖက်ရည်ပန်းကန်လုံးလေးတစ်လုံးကို ရေနှင့်ကျင်းပေးရလျှင် ယောကျ်ားဂုဏ်သိက္ခာတွေ လျော့မည်ဟု ထင်နေကြသည်။

သို့သော် လူငယ်ပိုင်း ယောကျ်ားများတွင် ထိုအတွေးအခေါ်များ ခေါင်းပါးစပြုလာသည်ကို တွေ့ရသည်။ အိမ်ထောင်ရေးတွင် ညီတူညီမျှ တာဝန်ယူဖို့ ဝန်မလေးကြချေ။

ဤသို့ လူမှုဆက်ဆံရေး အတွေးအခေါ်များ ပြောင်းလဲလာသော်လည်း ဘဝပြဿနာများ ပိုမိုရှုပ်ထွေးလာသည်ကို တွေ့ရှိရသည်။ ဇနီးမောင်နှံ နှစ်ဦးစလုံး အလုပ်ထွက်လုပ်ရသည့် အိမ်ထောင်များမှာ သာယာပျော်ရွှင်မှုရဖို့ ခဲယဉ်းလာသည်။

သားသမီးများကို ငယ်စဉ်တွင် ထိန်းကျောင်းရသည်။ ကျန်းမာအောင် ဂရုစိုက်၊ ပိုးလို မွေးရသည်။ ကြီးလာသောအခါ ပညာသင်ပေးဖို့၊ လိမ်မာအောင်ဆုံးမဖို့ တာဝန်တွေ ရှိသည်။ ထိုကိစ္စတွေမှာ သိသိသာသာ လစ်ဟင်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



သားသမီးတွေ ကျန်းမာရေးညံ့ဖျင်းလျှင်၊ ကျောင်းမှာ စာမလိုက်နိုင်လျှင်၊ လမ်းသရဲဖြစ်လျှင် ဤကိစ္စတွေ အားလုံးမှာ အမေမိန်းမအပေါ်မှာ ပုံကျလာတတ်သည်။

'အမေကမှ အိမ်မကပ်တာ'ဟူသော စကားများက ရှေ့ကသန်းလာတတ်သည်။ အလုပ်ထွက်လုပ်ရသည်ကိုပင် အပျော်သွားနေသကဲ့သို့ အပြစ်တင်ခံရတတ်သည်။

ထိုကိစ္စမှာ အိမ်ဦးနတ်(လင်ယောကျ်ား)၏ တာဝန် ရှိနေသည်ကိုကား ပြောကြဖို့ မေ့နေလေသလား၊ သားသမီး၊ အိမ်တာဝန်ကို မိန်းမချည့် တစ်ယောက်ထဲယူရမည်ဟု ဥပဒေရှိလေသလား မသိတော့ပေ။

တစ်ဖန် နယ်ပြောင်းရွှေ့ရသည့် ပြဿနာတွေက ပေါ်လာပြန်သည်။ လင်နှင့်မယား တစ်မြို့စီနေရ၊ သားသမီးတွေမှာလည်း ကြားထဲမှ ကန့်လန့်ကန့်လန့်နှင့် ဖြစ်နေရသည်။

အချို့အစိုးရဌာနများတွင် ဇနီးမောင်နှံစုံများကို တစ်မြို့တည်းကျအောင် တတ်နိုင်သလောက် ကူညီဆောင်ရွက်ပေးတတ်ကြသည်။ အချို့ဌာနများမှာ ဤကိစ္စကို ထည့်စဉ်းစားအပ်သည်ဟုပင် မထင်ဘိသကဲ့သို့ ကိုယ်ချင်းစာနာစိတ် ကင်းမဲ့သည်။

မြန်မာလူမျိုးတို့၏ မိသားစုဖွဲ့စည်းပုံမှာ စည်းစည်းလုံးလုံးသဘောရှိသည်။ အသက်မွေးဝမ်းကျောင်းမှုအတွက် လင်နှင့်မယား တစ်မြို့တစ်ရွာစီ ခွဲခွာလုပ်ကိုင်ရသော အခြေအနေမျိုးကို ရှေးကမတွေ့ကြုံခဲ့ဖူးကြပေ။

ယနေ့လူငယ်များ အကျင့်စာရိတ္တ ပျက်ပြားမှုတွေကို တွေ့ကြသောအခါ ယင်းမိသားစု စနစ်ပုံစံပျက်မှုတွေကြောင့်ပေလောဟု စဉ်းစားစရာ ဖြစ်လာသည်။





ယခုအခါ လုပ်ချင်သည်ဖြစ်စေ၊ မလုပ်ချင်သည်ဖြစ်စေ၊ 'မ'များ အိမ်အပြင်အလုပ် ထွက်လုပ်ကြရသည်။ အိမ်တာဝန်၊ သားသမီးတာဝန်တွေကို မလစ်ဟင်းရအောင် စီမံခန့်ခွဲမှုတွေ လိုအပ်လာသည်။

'ကျား'တို့သည် အိမ်ဦးနတ်အဖြစ် အပြုံအစုခံ၊ အလုပ်ကျွေးခံနေရာမျိုးမှ တစ်ထစ်၊ နှစ်ထစ်လောက်တော့ ဆင်းပေးဖို့လိုလာသည်။ ရှေးကလိုချည်း အပေါ်စီးမျိုးနေလျှင် ပထမ 'မ'တွေမှာ စိတ်ရောကိုယ်ပါ ခံ့ကျပြီး ကြာရှည်မခိုင်းရပဲ နေတော့မည်။ ဒုတိယ သားသမီးတွေ နစ်နာမည်။

သို့ဖြစ်၍ 'ကျား'နှင့် 'မ'တို့ ဆက်ဆံကြရာတွင် အလုပ်တာဝန်ကို ကိုယ်စီကိုယ်ငှဝေမျှ၍ တရားသဖြင့်ယူကြဖို့ အချိန်ရောက်လာခဲ့လေသည်။

ဤကိစ္စမှာ အတွေးအခေါ်ကို သဘာဝကျကျ စဉ်းစားပြီးပြောင်းသင့်လျှင် ပြောင်းကြရပေမည်။ ဘာမဆို လေ့နံ့ဓလေ့ထစ်တရားသေ ယူဆနေလို့ မဖြစ်ချေ။

လူမှုရေးဆိုသည်မှာ အစိုးရက ဥ``ဒေသတ်မှတ်ပေးရုံနှင့်ကိစ္စပြီးသည် မဟုတ်၍ ကိုယ်စီ၊ ကိုယ်စီ ယထာဘူတကျအောင် စဉ်းစားလုပ်ဆောင်ကြရပေမည်။

ယခုခေတ်အခါ 'မ' တို့မှာ ရှေးကမလုပ်သည့် အလုပ်အပိုတွေ အများကြီး လုပ်နေရသည်ကို မြင်ရသည်။ လင်ယောကျ်ားရှာဖွေပေးသည်ကို အေးအေးထိုင်မစားရဘဲ ထွက်လုပ်ကိုင်ရှာဖွေရသည်သာ မဟုတ်သေးချေ။

မော်တော်ကားမောင်းပြီး ကလေးတွေ ကျောင်းပို့၊ ကျောင်းကြို လုပ်ရသေးသည်။ ကလေးတွေကို အမှတ်များများရအောင် စာသင်ပေးရသေးသည်။ လူမှုရေး၊ ဧည့်ဝတ် စောင်ဝတ်ဆိုတာတွေကလည်း ရှေးကထက် ဝန်ပိုလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ပိုခက်သည်မှာ ဈေးကကဲ့သို့ အိမ်တွင် ကူညီမည့်သူ မရှိတော့ပေ။ လူပိုလူလျှံလာနေမည့် ဆွေမျိုးသားချင်းလည်း ရှားသည်။ လခပေးငှားသည့် အိမ်ဖော်ပြဿနာမှာလည်း ကြီးလှသည်။ အများအားဖြင့် အိမ်ဖော် မငှားနိုင်၍ ကိုယ်တိုင်လုပ်နေကြရလေသည်။

ဤကိစ္စတွေမှာ ဘယ်သမိုင်းမှာ စာတင်ရမည့်ကိစ္စတွေ မဟုတ်သော်လည်း မိသားစု၏ ကျန်းမာပျော်ရွှင် စည်းလုံးရေးအခြေကို ပျက်စီးစေသည့်ကိစ္စများ ဖြစ်သည်။ သို့ကြောင့်ပင် ကမ္ဘာ့နိုင်ငံကြီးများတွင် ထိုကိစ္စများကို ရှေ့တန်းတင်၍ စဉ်းစားနေကြသည်ကို တွေ့ရသည်။

## ယနေ့မြန်မာအမျိုးသမီးများ ဘယ်ဆီသို့နည်း

ယနေ့ မြန်မာအမျိုးသမီးများမှာ အစစ လိုလေသေးမရှိ၊ လွတ်လပ်မှုအခွင့်အရေးတွေ ရနေပြီဟု ဆိုသည်။ ဒါဖြင့် သည်လိုနှင့်ပြီးရောလား၊ ဘာမှလုပ်စရာ မလိုတော့ဘူးလား၊ ကိုယ့်ဘဝကိုယ် ကျေနပ်နေရုံပဲလားဟု မေးဖွယ်ရှိသည်။

ကျေနပ်စရာကောင်းလို့မို့ ကျေနပ်ကြရလျှင် ကောင်းပါသည်။ သို့သော် ရှိသည့်ပြဿနာတွေကို မရှိဟု မသိချင်၍ပဲလား၊ မသိချင်ယောင်ဆောင်နေသလားဆိုသည့် အခြေအနေမျိုးတော့ မဖြစ်ကြဖို့ အရေးကြီးသည်။

အိမ်၏အပြင် အလုပ်ခွင်မှာ ဝင်လုပ်ကြရာတွင် 'မ'တို့သည် 'ကျား'တို့နှင့် တန်းတူသော အခွင့်အရေးများ ရရှိကြဖို့ အရေးကြီးသည်။ လစာ၊ ခွင့်ရက်မှစ၍ တန်းတူညီမျှ ရကြသည်ဟု ဆိုသည်။

သို့သော် အလုပ်ခန့်ထားရေး၊ ရာထူးတိုးမြှင့်ရေးတို့တွင် 'မ'တို့ကို ခြွင်းချန်ထားသည့် အဖြစ်အပျက်များရှိသည်ဟု ညည်းညူသံများ မကြာမကြာ ကြားရသည်။

ထိုကိစ္စမှာလည်း အပ်ချမတ်ချ မှတ်တမ်းတင်ပြီး အသေအချာရှိမှသာ စကားပြောလို့ ဖြစ်ပေမည်။ စာပေါ်တွင် မိန်းမတွေဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဒီအလုပ် မခန့်ရ၊ ဒီရာထူး မပေးရဟု အသေအချာ မရှိလျှင် ပြောရခက်သည်။

သို့ပေမင့် မိန်းမဗို့ ချိုးနှိမ်မှုတွေကတော့ ရှိလိမ့်မည်။ စာပေါ်တွင် မှတ်တမ်းမတင်၊ တရားခံရှာမရသည့် နစ်နာမှုတွေ ရှိပေလိမ့်မည်။

မိန်းမဗို့ အလုပ်မခန့် ဟူသည့် ပြဿနာနှင့် ပတ်သက်၍ 'မိန်းမဗို့ကို အလုပ်ရတဲ့ နေရာတွေ အများကြီးပါ၊ မိန်းမဆိုရင် အလုပ်ရမှာ သေချာတယ်လို့တောင် ပြောနေကြသေးတယ်'ဟု ပြောကြသည်။

စဉ်းစားစရာဖြစ်သည်။

ကိစ္စတစ်ခုကို သိမ်းကျုံးပြီး ဆုံးဖြတ်လျှင် မှားဖို့သေချာသည်။ အထူးသဖြင့် တစ်ဦးတစ်ယောက်ကိုသော်လည်းကောင်း၊ လူတစ်စု၊ အုပ်စုတစ်စုကိုသော်လည်း၊ အပြစ်ပုံချခြင်းသည် အမှန်တရားနှင့် ပို၍ ဝေးစေသည်။

'မ'နှင့်'ကျား'တို့ကိစ္စကို ဆွေးနွေးရာတွင် စကားနိုင်ရဖို့လည်း မဟုတ် တစ်ဦးကိုတစ်ဦး အပြစ်ချဖို့လည်း မဟုတ်။ လူ့လောကကြီးကို ပိုသာယာလာအောင် မည်ကဲ့သို့ ဆောင်ရွက်မည်၊ ဘယ်လိုတာဝန်တွေကို ဘယ်လိုဝေမျှ ယူကြမည်ကို ဓမ္မဓိဋ္ဌာန်ကျကျ၊ စဉ်းစားဆွေးနွေးရမည်။

အကယ်၍သာ ကမ္ဘာသူ ကမ္ဘာသားတို့၏ စွမ်းဆောင်နိုင်သော အင်အားစုတို့ကို စုရုံးအသုံးပြုကြရမည်။ သို့မှသာ လူ့လောကကြီး ပိုသာယာမည်ဟုဆိုလျှင် 'ကျား'နှင့်'မ'တို့သည် မိမိတို့ ရှေးပဝေသဏီက စွဲလာခဲ့သော အယူအဆများကို ပြန်လည်သုံးသပ်၍ ခေတ်၏ တောင်းဆိုချက်၊ လိုအပ်ချက်များနှင့် လျော်ညီအောင် ပြုပြင်ကြရလိမ့်မည်။

တရားဥပဒေများစည်းကြပ်၍ ပြုပြင်ပေးရမည့်ကိစ္စများရှိသည်။ ကိုယ်စီကိုယ်ငှ တာဝန်ယူ ပြုပြင်ရမည့်ကိစ္စများလည်း ရှိသေးသည်။





'မ'တို့ အိမ်အပြင်ထွက်၍ အလုပ်လုပ်ကြသည်ကို အကြောင်းပြု၍ ပေါ်လာသော ပြဿနာတွေမှာ များလှသည်။

'ဒါလောက် ပြဿနာတွေတက်နေရင် မိန်းမတွေ အိမ်ထဲမှာပဲ နေကြပေစေပေါ့၊ ဘာလုပ်မယ့်အလုပ် ထွက်လုပ်စေသလဲ၊ သူတို့ ထွက်အလုပ်မလုပ်ရင် ဒီပြဿနာတွေ ဘယ်ရှိမလဲ'

ဤသို့ အလွယ်တကူပြောလျှင် ဖြစ်ပါသည်။ ပြောရုံသာရှိသည်။ လက်တွေ့မှာ မဖြစ်နိုင်ချေ။

ဘာကြောင့် မဖြစ်နိုင်သည်ကို အရှည်ဖွဲ့၍ မဆိုလိုတော့ပါ။ ထင်ရှားပြီးသား ဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂကြီးကပင် ထိုပြဿနာကို ဦးစားပေး၍ စဉ်းစားနေရသည်။ ၁၉၇၄ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့စွဲနှင့် ထုတ်ပြန်သော ကုလသမဂ္ဂသတင်းတစ်ရပ်တွင် အဂ်နက်လီယွန် Agnes Leon က ဤသို့ အစီရင်ခံခဲ့သည်။

"အိမ်ပြင်ထွက်၍ အလုပ်လုပ်ရသော အိမ်ထောင်ရှင်မိန်းမများ၏ဘဝအခြေကို လေ့လာသောအခါ အိမ်ထောင်ရှင် အလုပ်သမဦးရေမှာ တစ်နေ့တခြား တိုးလာသည်ကို တွေ့ရသည်။ သို့သော် အိမ်တွင်းမှု တာဝန် အလုပ်များကို မိန်းမများ၏တာဝန် ဟူ၍ပင် တစ်ထစ်ချ ယူမှတ်တုန်းပင် ရှိသေးသည်။ ထိုအလုပ်တာဝန်တွေကို မိန်းမတွေပင် လုပ်ရမည်ဟု အောက်မေ့ကြသည်။ လေ့လာချက်အရ တွေ့ရှိရသည်မှာ အိမ်ပြင်ထွက်၍ အလုပ်လုပ်သော မိန်းမတစ်ယောက်သည် သာမန် အလုပ်သမားယောကျ်ား တစ်ယောက်ထက် နာရီပေါင်းများစွာ ပို၍အလုပ်လုပ်ရသည် တည်း။ အပြင်ထွက် အလုပ်လုပ်သည် ဖြစ်စေ၊ မလုပ်သည် ဖြစ်စေ၊ အိမ်တွင်းအလုပ်၊ ကလေးငယ်



www.burmeseclassic.com

www.burmeseclassic.com



များ၏တာဝန်မှာ မိန်းမများကသာ ထမ်းဆောင်ကြရ
လေသည်။"

သို့ဖြစ်၍ အစီရင်ခံစာတွင် မိသားစုအိမ်သားများသည် အတွေးအခေါ် ပြောင်းကြမှဖြစ်မည်ဟု ဆိုသည်။

ထိုအစီရင်ခံစာအရ အိမ်တွင်းရေး မိသားစုကိစ္စမှာ မသေးငယ်လှကြောင်း ထင်ရှားသည်။ ကလေးကို ဘယ်သူက ထိန်း၍၊ ဘယ်သူက ပန်းကန်ဆေးရမည်ဟူသော ကိစ္စများကို ဘယ်လွှတ်တော်ကမှ ဥပဒေ လုပ်ပေးလို့ မဖြစ်ချေ။ ခေတ်၏အခြေအနေ လိုအပ်ချက်ကို ရင်ဆိုင်ပြီး ကိုယ့်တာဝန်ကိုယ် ခွဲယူကြမှ ဖြစ်ပေမည်။

အိမ်တွင်းထိန်းသိမ်းမှု အလုပ်တာဝန်၊ သားသမီးတာဝန် ဆိုသည်မှာလည်း 'မ' တို့ အစဉ်အဆက် တာဝန်ယူလာခဲ့ကြသည်။ သို့ကြောင့် ဘားနဒ်ရှော Bernard Shaw က ဤသို့ ပြောခဲ့သည်။

"အိမ်တွင်းအလုပ်၊ သားသမီးတာဝန်တွေကို မိန်းမ
တွေ ထမ်းရွက်လာခဲ့ကြတာ ဘယ်လောက်ကြာပြီလဲ
တောင် မမှန်းနိုင်တော့ဘူး၊ ဘယ်တုန်းကမှသည်
အလုပ်အတွက် ငွေကြေးလဲ မပေးရ၊ 'သင်းတို့
အလုပ်ပဲ လုပ်ရမှာပေါ့'ဟု ယူဆလာခဲ့ကြတော့ ဒီ
အလုပ်ကို 'အလုပ်'လို့တောင် စကားထဲထည့် မပြော
တဲ့ လူအနှင်မိုက်သားတွေက အများကြီးရှိသေးတယ်"

တစ်ခုတော့ သတိပြုရဦးမည်။ 'မ' ဆိုသည်မှာ တစ်ဦးနှင့် တစ်ဦးမတူသော သီးခြားလူပုဂ္ဂိုလ်များဖြစ်သည်။ သူတို့ ဝါသနာပါတာ ရှိသည်။ ဝါသနာမပါတာရှိမည်။ မိန်းမမို့ အိမ်အလုပ် ဝါသနာပါရမည် ဟု အတင်းအဓမ္မ ဦးနှောက်ထဲ ရိုက်သွင်းလို့ မဖြစ်သေးပေ။

အိမ်တွင်းအလုပ်ကို တကယ်ဝါသနာပါလုပ်ရတာ ပျော်သည့်





'မ' တွေ ရှိမည်။ သူတို့ကို အိမ်အလုပ်နှင့် ကျေနပ်နေရကောင်းလား ဟု ကဲ့ရဲ့ဖို့ မသင့်ချေ။ အတင်းအပြင်ထုတ် အလုပ်လုပ်ခိုင်းရန် မသင့်ချေ။ သူကြိုက်ရာလမ်းကို ရွေးချယ်ခွင့် ရှိရမည်။

တစ်ချိန်တစ်ခါက 'မ' ဆိုလျှင် အိမ်အလုပ်တစ်ခုတည်းကို တစ်ကမ္ဘာထင်နေရမည်ဟု တစ်ဖက်သတ် အတွေးအခေါ် ရှိခဲ့ရာမှ ယခု တစ်ခါ 'မ' တို့သည် အိမ်အပြင် ထွက်အလုပ်လုပ်မှ လူတန်းစေ့မည်ဟူသော တစ်ဖက်စွန်းအတွေးအခေါ် မျိုးကို မရောက်ဖို့ အရေးကြီးသည်။

'မ' တို့သည် အသိပညာရှင်၊ အတတ်ပညာရှင်အဖြစ်ကို အလို ရှိလာကြသည်။ အပြင်အလုပ်အကိုင် ရာထူးနေရာများ လိုချင်ရမှန်း သိလာကြသည်။ သို့သော် ဒါတွေကို အလကားမရချေ။ ဝီရိယ၊ ကြိုးစားမှုတွေ အများကြီးလိုသည်။

ထို့ပြင် အလုပ်အနေနှင့် ဂုဏ်ရှိသည်။ ဝင်ငွေကောင်းသည် ဆိုဦး။ ကိုယ့်ဝါသနာ၊ ကိုယ့်စိတ်နေစိတ်ထားနှင့် ကိုက်ညီဖို့လိုသည်။ သူများနည်းတူ ဂုဏ်ပြိုင်ပြီး အပြေးအလွှားလိုက်သည့် ဒုက္ခမျိုး မရောက်ကြဖို့ သတိထားရမည်။

အပြင်အလုပ် ထွက်လုပ်မှ ဂုဏ်ရှိသည်ဆို၍လုပ်လျှင် ကိုယ် ပင်ပန်းသလောက် အကျိုးမရှိ ဖြစ်ပေမည်။

ထို့ပြင် အရေးကြီးသည့်အချက်မှာ မြန်မာတို့၏ လူမျိုး ယဉ်ကျေးမှု ရိုးရာထုံးစံများ၏ အခြေခံကိုလည်း မယိမ်းယိုင်ဖို့ အရေး ကြီးသည်။ နိုင်ငံခြားထုံးစံနှင့် ယဉ်ကျေးမှုများကို ခြေခြေမြစ်မြစ် နားလည်အောင် ကြိုးစားပြီး မိမိတို့၏ ယဉ်ကျေးမှုကိုလည်း ထိန်းသိမ်း တတ်ဖို့ လိုအပ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

## နိဂုံးစကား

### မြန်မာပြည် အမျိုးသမီးလောက

ဤစာတမ်း၏ ရှေ့ပိုင်းများတွင် အနောက်နိုင်ငံ အမျိုးသမီးတို့၏ လွတ်လပ်ရေးလှုပ်ရှားမှုသမိုင်းစဉ်နှင့်တကွ အရေးအသား၊ အတွေးအခေါ်များကို တင်ပြခဲ့သည်။ မြန်မာအမျိုးသမီးများ၏ အခြေအနေကိုလည်း တင်ပြခဲ့သည်။

ထိုသို့ တင်ပြခဲ့သောအကြောင်းအရာများကို နှိုင်းယှဉ်၍ မိမိတို့၏ တိုင်းပြည်နှင့်လူမျိုးတို့၏ အစဉ်အလာယဉ်ကျေးမှု၊ အတွေးအခေါ်များကို ပြန်လည်စစ်ဆေးရပေမည်။ ထိန်းသိမ်းသင့်သည်တို့ကို ထိန်းသိမ်း၍၊ ပြုပြင်သင့်သည်ကို ပြုပြင်ရပေမည်။

ဤကိစ္စနှင့်ပတ်သက်၍ ပြတ်ပြတ်သားသား ပြောရမည်ဆိုလျှင် မိရိုးဖလာအားဖြင့်လည်းကောင်း၊ ပင်ကိုယ်သဒ္ဓါအားဖြင့်လည်းကောင်း၊ ဗုဒ္ဓဘာသာကို ယုံကြည်နှလုံးပိုက်သူပင် ဖြစ်လင့်ကစား၊ ဘာသာတရားကို ကိုယ်လိုရာဆွဲ၍ 'မ'ဟူသော လူတန်းစားကို ယုတ်ညံ့သည်ဟု တစ်ဖက်စီးနင်း ပြောဆိုသည်ကို စာရေးသူ လုံးဝ လက်မခံချေ။





အမျိုးသမီးများကိစ္စကို ဆွေးနွေး ရေးသားရာတွင် ဤစာတမ်း၏ ရှေ့ဦးတွင် ဆိုထားပြီးဖြစ်သည့်အတိုင်း စာရေးသူသည် အမျိုးသမီးများဘက်က တစ်ဖက်သတ် ရှေ့နေလိုက်ရေးရမည်ဟူသော အတွေးအခေါ်ကိုလည်း စာရေးသူ လက်မခံနိုင်ချေ။

အမျိုးသမီးကိစ္စဆွေးနွေးရာတွင် စာရေးသူ၏ သဘောထားကို ပြောရမည်ဆိုလျှင် မိလိန္ဒမင်းကြီးအား ရှင်နာဂသိန်ပြောသည့် စကားကို ရည်ညွှန်းလိုသည်။

မိလိန္ဒမင်းက 'အရှင်ဘုရား နာဂသေန၊ အကျွန်ုပ်နှင့်အတူတကွ တိုင်ပင်ပြောဆိုပါအံ့လော'ဟု လျှောက်၏။

'မင်းမြတ်၊ သင်သည် ပညာရှိတို့၏တိုင်ပင်ပြောဆိုခြင်းမျိုးကို အကယ်၍ တိုင်ပင်ပြောဆိုသည်ဖြစ်အံ့၊ တိုင်ပင်ပြောဆိုပါအံ့။ မင်းတို့၏ တိုင်ပင်ပြောဆိုခြင်းမျိုးကို အကယ်၍ တိုင်ပင်ပြောဆိုသည်ဖြစ်အံ့။ မတိုင်ပင် မပြောဆိုလို'ဟု မိန့်ဆို၏။

စာရေးသူသည် ဤအမျိုးသမီးကိစ္စကို ဆွေးနွေးရေးသားရာတွင် မိန်းမတစ်ယောက်အဖြစ်နှင့် ဆွေးနွေးရေးသားခြင်း မပြုလိုဘဲ စာရေးဆရာတစ်ဦးအဖြစ်နှင့်သာ ရေးသားဆွေးနွေးလိုပေသည်။

အမျိုးသမီးတို့သည် လွတ်လပ်ရေးလိုချင်သည်ဟု ဆိုသည်။ မိမိတို့အပေါ်တွင် အပြင်အပမှလာသော ချုပ်ချယ်မှုများကို မတွန်းလှန်မီ မိမိတို့၏အတွင်းသဏ္ဍာန်တွင် ဖြစ်နေသော အတွေးအခေါ်၏ အချုပ်အချယ်များကို ရှေးဦးစွာ တွန်းလှန်ကြရပေမည်။

အမျိုးသမီးနှင့်ဆိုင်သည့်ကိစ္စ ဆွေးနွေးကြမည်ဆိုလျှင် ရှင်နာဂသိန်၏ ထုံးကို နှလုံးမူ၍ 'မိန်းမ'ဟူသော အစွဲအလမ်းကို ပယ်၍ စာရေးဆရာကဲ့သို့လည်းကောင်း၊ အသိပညာရှင်၊ အတတ်ပညာရှင်ကဲ့သို့လည်းကောင်း၊ ဆွေးနွေးနိုင်ကြသင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားများကို မိမိတို့၏ပြိုင်ဘက် တစ်ဖက်ရန်သူ၊ သို့မဟုတ် အနိုင်ယူရမည့်သူအဖြစ်နှင့်ကြည့်၍ သူတို့အပေါ် အပြစ်တင်ဖို့၊ သူတို့၏အပြစ်အနာများကို ဖော်ထုတ်ဖို့လောက်သာ စိတ်ထားလျှင် အသိပညာရှင်၊ အတတ်ပညာရှင်ကဲ့သို့ ဆွေးနွေးရာရောက်မည် မဟုတ်ချေ။

အမျိုးသမီးကိစ္စကို ဆွေးနွေးရာတွင် ယောကျ်ားများအကြောင်း မပါ၍လည်း မပြီးချေ။ ထို့ပြင်မကသေး၊ ယောကျ်ားများနှင့် မိန်းမများ မျက်နှာချင်းဆိုင်ကာ ပြောဆိုရမည့်အကြောင်းကိစ္စတွေ ရှိသေးသည်။

ယောကျ်ားနှင့် မိန်းမဟူသည် လူ့လောက၌ ခွဲခြား၍မရ၊ အမြဲ ဒွန်တွဲနေသော လူတန်းစားနှစ်ရပ် ဖြစ်သည်။ ထိုလူတန်းစားနှစ်ရပ်တို့ သည် လူ့လောကထဲတွင် မည်ကဲ့သို့ ရပ်တည်ကြမည်ဟူသော ပြဿနာကို ဆွေးနွေးကြရမည်။

ထိုလူတန်းစားနှစ်ရပ်တို့ လူ့လောကတွင် ရပ်တည်နေပုံ၊ ပုံစံ စနစ်ကို တစ်ခုသော လူတန်းစားက မကျေနပ်၍ လှုပ်ရှားမှုများ ပေါ်လာခဲ့ရခြင်း ဖြစ်သည်။

အမျိုးသမီးလွတ်လပ်ရေး လှုပ်ရှားမှုများသည် ထိုလူတန်းစား နှစ်ရပ်တို့ လူ့လောက၌ ရပ်တည်နေပုံကို ပြောင်းလဲလို၍ ဖြစ်လာခြင်း ဖြစ်သည်ကိုလည်း ရှေ့အခန်းများတွင် တင်ပြခဲ့ပြီးဖြစ်သည်။

လှုပ်ရှားမှုများ အထင်အရှားမရှိသောနေရာများတွင် 'မ'တို့ သည် မြို၍၊ ကြိတ်၍ခံနေရသော အမည်မဖော်နိုင်သည့် ရောဂါတစ်ခု သဖွယ် မကျေနပ်မှုကို ခံစားနေကြသည်။

ဥပမာ - မြန်မာပြည်ကဲ့သို့ နေရာမျိုးတွင် အမျိုးသမီးလှုပ်ရှား မှု သပ်သပ်ဟူ၍ မရှိခဲ့ချေ။ မြန်မာအမျိုးသမီးတွေ အဆင့်အတန်း ရှိပြီးမို့၊ လွတ်လပ်ရေးတွေ၊ အခွင့်အရေးတွေ ရပြီးမို့၊ အစရှိသဖြင့်





ကိုယ့်ကိုယ်ကို အလွန်ကျေနပ်၊ 'ဒူးနှံ့'နေလောက်သည့် အခြေကို ရောက်နေသည့်ပုံမျိုး ပြောဆိုနေကြသည်။

ဘယ်လိုအခြေရောက်၍ ဘယ်လိုအခွင့်အရေး၊ လွတ်လပ်ရေး တွေရနေစေကာမူ၊ 'အသိတရား' ရှိဖို့လိုသည်။ 'ငါတို့တော့ သိပ်ဟုတ် နေပြီ' ဟု၊ 'ဒူးနှံ့' နေသည့် စိတ်မျိုးဖြစ်သည်နှင့် 'အသိတရား' တို့မှာ လျော့ပါးပြီး တဖြည်းဖြည်းတုံးသွားလိမ့်မည်။

အမျိုးသမီးတို့သည် ရှေးဦးစွာ မိမိကိုယ်ကို မညှာမတာ စစ်ဆေးဖို့ လို၏။ မိမိ၌ရှိသော ချွတ်ယွင်းချက်၊ မပြည့်စုံချက်တွေကို သတ္တိရှိရှိနှင့် ရင်ဆိုင်ကြရမည်။ ထို့ပြင် မပြည့်စုံသည်ကို ပြည့်စုံအောင် ကြိုးစားရမည်။ သူတစ်ပါးကို အပြစ်ချ၍ အချိန်ကုန်စေမည့်အစား၊ ကိုယ့်အလုပ်ကိုယ် ကြိုးစားရပေမည်။

ကြိုးစားသည်ဆိုရာတွင် နှစ်မျိုးနှစ်စားရှိသည်။ မိမိကိုယ်မိမိ ပြည့်စုံရေးနှင့် အများအတွက် ကောင်းကျိုးပြည့်စုံရေးဟု ရှိသည်။ အတ္တဟိတ၊ ပရဟိတ ဟူသော စကားကို လူတိုင်းနားလည်ကြသည်။

ဤနေရာတွင် ကိုယ့်ကိုယ်ကို အရည်အချင်းပြည့်စုံအောင် ကြိုးစားခြင်းသည် ရှေးဦးစွာ အရေးကြီးသည်။ ကိုယ့်ကိုယ်မှာ ဘာ အရည်အချင်းမျှမရှိဘဲ သူတစ်ပါးအများအတွက် ကောင်းကျိုးလုပ် မည်ဆိုရာ ချေးရှစ်သစ်တက်နေသော ဆပ်ပြာသည်နှင့် တူပေမည်။

ဤသို့ ပညာအရည်အချင်း ပြည့်စုံဖို့အတွက် ကြိုးစားသည့် အခါ လမ်းတွင် အခက်အခဲနှင့် အနှောင့်အယှက်များ တွေ့ရလိမ့် မည်။ ထိုအခါများတွင် သတ္တိရှိရှိနှင့် ရင်ဆိုင်ရပေမည်။

အခွင့်အရေးဟူသည်မှာ ထိုက်တန်လာလျှင် ရရမည်ဟု စာရေးသူ ယုံကြည်သည်။ ဘယ်သူ့ကိုမှ အသနားခံ တောင်းခံနေဖို့ မလို၊ စကားနိုင်လုပြောနေဖို့လည်း မလိုဟု ယူဆသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုက်တန်သည်ဆိုရာမှာလည်း ကြိုးစားမှုပေါ်တွင် အများကြီး တည်ပေသည်။ ရှေးဦးစွာ မိမိကိုယ်မိမိဘာလိုချင်သည်ကို အတိအကျ သိရမည်။ ထိုသို့ လိုချင်ရည်မှန်းသည်ကို ရအောင်ကြိုးစားရမည်။ သူတစ်ပါးကိုလှည့်ကြည့်၍ ဂုဏ်ပြိုင်နေဖို့၊ မနာလိုနေဖို့ ကိစ္စတွေမှာ အပိုအချိန်ကုန်ကိစ္စတွေ ဖြစ်သည်။ သူတစ်ပါးကို အပြစ်တင်နေသည်မှာ သာ၍ပင် အချိန်ကုန်ရုံမက အင်အားပါကုန်သည်။

ဤသည်ပင် ကိုယ့်ကိုယ်အတွက် အတ္တဟိတဖြစ်သည်။ ကိုယ်ကိုယ်တိုင် အရည်အချင်းပြည့်စုံပြီးမှ ပရဟိတ သူတစ်ပါးအကျိုးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်မည်။ ကိုယ့်ကိုယ်မှ ဘာမှမပြည့်စုံဘဲ သူတစ်ပါးအတွက် အကျိုးဆောင်မည်ဆိုလျှင် အရာလည်းမရောက် သဘာဝလည်း မကျချေ။

မြန်မာပြည်အမျိုးသားများအား ကိုယ်တတ်သိနားလည်သရွေ့ကို ဝေမျှပေးလို၍ ဤစာတမ်းကို ရေးခဲ့သည်။ အစက ရေးမည်ဟု မရည်ရွယ်ခဲ့ချေ။ ရေးချင်စိတ်လည်း မရှိချေ။

မရေးချင်သည့် အကြောင်းမှာလည်း အမှန်ဝန်ခံရလျှင် တစ်ကိုယ်ကောင်းစိတ် နည်းနည်းပါသည်။ ရေးရလျှင်တော့ ရှေးပဝေသဏီကစ၍ ယူဆလာသည့် အတွေးအခေါ်တွေမှာ ထုထည်ကြီးသော ရေခဲပြင်ကြီးပမာ တားဆီးနေတာ တွေ့ရမည်။ ထိုရေခဲပြင်ကြီးကို ခွဲရမည်က သိပ်မသက်သာလှသဖြင့် မကြိုးစားချင်၊ အပျင်းဝင်ခဲ့သည်။

နောက်တစ်ခုမှာ အိပ်ချင်ယောင်ဆောင်နေသူတွေ၊ မသိကျိုးကျွန်ပြုနေသူတွေကို လွယ်လွယ်နှင့်နှိုးလို့ရမည် မဟုတ်ချေ။ အလွန်စပ်သည့် ကွမ်းရွက်နှင့်ဆား၊ ဆေးရွက်ကြီးရောပြီး မျက်လုံးထဲခပ်ပေးရလိမ့်မည်။ အဲသလို မျက်စဉ်းမျိုးခပ်ဖို့ လက်ရဲပါ့မလားဟူ၍လည်း တွန့်မိသည်။





စာမရေးဘဲ မနေနိုင်၍ လက်နှင့်မပြတ် ရေးတော့နေသည်။ မြန်မာအမျိုးသမီးများအကြောင်းကို ဂါဒီယန်းသတင်းစာတွင် ဆောင်းပါး ၉ပုဒ်ရေးခဲ့သည်။ မြန်မာလိုရေးရမည်ဆိုလျှင် ထိုမျှမကပင် ပြည့်စုံစွာ ရေးရပေမည်။

နိုင်ငံခြားမှ စာအုပ်စာတမ်းတွေဖတ်ပြီး ဒီလိုအကြားအမြင်တွေ၊ အချက်အလက်တွေ၊ အတွေးအခေါ်တွေကို သိကြဖို့ တယ်ကောင်းတာပဲဟု အောက်မေ့ပြီး 'ရေးဦးမှပါပဲလေ'ဟု စိတ်ဖြေလာမိပြန်သည်။

သည်လိုဖြစ်နေစဉ် ကမ္ဘာ့ကုလသမဂ္ဂမှ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးနှစ် ကြေညာသည့် ၁၉၇၅ ခုနှစ်တွင် စာအုပ်ထုတ်မည့် အကြောင်း၊ မည်သူတွေက မည်သည့်အခန်းများ ရေးမည့်အကြောင်း၊ 'အစ်မကြီးလဲ စာရေးဆရာ အနုပညာသည်တစ်ဦး၏ အမြင်ရေးပါ'ဟု ပြောလာသည်။

ဤသို့ပြောသည်ကို စာရေးသူက အစတွင် ငြင်းလိုက်သေးသည်။ မရေးချင်ဟု ပြောမိသည်။ ဘာလို့ မရေးချင်တာလဲဟု မေးသည်မှစ၍ ထိုကိစ္စနှင့် ပတ်သက်၍ စာရေးသူ ထင်မြင်ယူဆပုံများကို ပြောပြသည်။

ဤသို့ ပြောဆိုဆွေးနွေးရင်းပင် ရေးချင်လာသည်။ လက်ယားလာသည်။ ရေးမည်ဟု အာမခံလိုက်သည်။ ယခုတော့ ရေးဖြစ်သွားလေပြီ။

အသိဉာဏ်ဖြင့် ပြည့်စုံကြပါစေ။

●

ခင်မျိုးချစ်

www.burmeseclassic.com

www.burmeseclassic.com

နောက်ဆက်တွဲ

www.burmeseclassic.com

www.burmeseclassic.com

## နောက်ဆက်တွဲ

၁။ အမျိုးသမီး သတင်းဆရာမ၊ စာရေးဆရာမ ကလော်ဒီယာဒရေးဖနှင့် တရုတ်အမျိုးသမီးစာရေးဆရာမ ဟန်ဆူယဉ်တို့ တွေ့ဆုံဆွေးနွေးကြပုံ
၂။ လူမျိုးစုံကမ္ဘာ့မိခင်များအဖွဲ့ကြီး
၃။ သင့်မိခင်ထံ လက်နက်မပါဘဲဝင်ခဲ့ပါ
၄။ မှတ်စုမှတ်ရာအတိုအထွာများ

## တရုတ်ပြည်သူ့သမ္မတနိုင်ငံအမျိုးသမီးများ

*(အမျိုးသမီးသတင်းစာဆရာမ၊ စာရေးဆရာမ ကလော်ဒီယာဒရေးဖနှင့် တရုတ်အမျိုးသမီး စာရေးဆရာမ ဟန်ဆူယဉ်တို့ တွေ့ဆုံဆွေးနွေးကြပုံ)*

ဟန်ဆူယဉ်မှာ တစ်ခါက ရုပ်ရှင်ဇာတ်ထုပ်အဖြစ် နာမည်ကြီးခဲ့သော Love is a many splendoured thing 'အချစ်ဟူသည်ကား ခမ်းနားကြီးကျယ်လှပေသည်'ဟူသော ဝတ္ထုရေးခဲ့သူ ဖြစ်သည်။

ဟန်ဆူယဉ်သည် သူကိုယ်တိုင် ဆရာဝန်တစ်ဦး ဖြစ်သည်။ ဝတ္ထုရေးဆရာ ဖြစ်သည်။ 'မ'တို့ တန်းတူအခွင့်အရေး ရရှိရေးအတွက် တက်တက်ကြွကြွ ဆောင်ရွက်သူ ဖြစ်သည်။ ထူးခြားသည်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွင်းသာမကဘဲ ဟောင်ကောင် အစရှိသော ပြင်ပကမ္ဘာမှာလည်း နေထိုင်သူ ဖြစ်သည်။

၁၉၅၆ခုနှစ်က မိမိ၏ရပ်ဌာနီဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ပြန်၍ ခေတ်ပြောင်းတော်လှန်ရေးကြောင့် 'မ'တို့၏ အဆင့်အတန်း ရည်မှန်းချက်ရောက်မရောက် သွားကြည့်သည်။ သူ၏ ထင်မြင်ချက်အရမူ ရည်မှန်းချက်သို့ ရောက်သည်ဟု ဆိုသည်။

ထိုအချိန်ကစ၍ ကူးချည်သန်းချည် လုပ်နေခဲ့သည်။ သူ၏

ငွန်မှင့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ထင်မြင်ချက်များကို အောက်ပါအတိုင်း တွေ့ရသည်။ ကလော်ဒီယား ဒရေးဖက မေး၍ ဟန်ဆူယဉ်က ဖြေသည်။

မေး- အသင်၏ စာအုပ်တွေထဲမှာ ထူးထူးခြားခြား အမြဲလိုပါတဲ့ အကြောင်းတွေကတော့ ရှေးခေတ် တရုတ်ပြည်၊ ချန်ကေရှိတ်လက်အောက် တရုတ်ပြည်မှာ မိန်းမတွေ ဘယ်လောက်ဒုက္ခရောက်ခဲ့ရတယ်။ နှိပ်စက်ခံခဲ့ရတယ်ဆိုတာတွေပဲ။ အခု ၁၉၅၆ ခုနှစ်က တရုတ်ပြည်သစ်ကို သွားကြည့်တော့ ခေတ်ပြောင်းတော်လှန်ရေးကြီးဟာ 'မ'တို့ရဲ့ အဆင့်အတန်းကိုပါ ပြောင်းလဲပေးတယ်လို့ ထင်မြင်ပါသလား။

ဖြေ- ဟုတ်ကဲ့၊ ပြောင်းလဲပေးပါတယ်။ ဒါပေမဲ့ ဘယ်လိုပြောင်းလဲပေးတယ်ဆိုတာတွေကို နားလည်ဖို့ လိုပါတယ်။ တရုတ်အမျိုးသမီးတွေ ၁၉၄၈ ခု မတိုင်မီက ဘယ်လိုနေတယ်ဆိုတာကို နားလည်ဖို့ လိုပါတယ်။ ကွန်ဖြူးရှပ်(စ်)ဝါဒ စနစ်အရဆိုရင် လင်က မယားကို သတ်တောင်ပစ်နိုင်ပါတယ်။ မိန်းကလေး မွေးလာရင် သတ်ပစ်ကြတာတွေတောင်ရှိတာပဲ။ တရုတ်ဂျပန်စစ်အတွင်းက ကျွန်မကိုယ်တိုင် ဝမ်းဆွဲဆရာမအဖြစ် လုပ်ခဲ့လို့ မျက်စိနဲ့တပ်အပ် မြင်ခဲ့ရပါတယ်။ အခု ကျွန်မ သမီးလေး(ရမ်းမယ်)ဆိုရင် စစ်အတွင်းက သမီးလေးယောက်ရှိတဲ့ အမေဆီက ကျွန်မဝယ်ခဲ့တာပါ။ အဲဒီမိန်းမက ပြောပါတယ်၊ အခုလို ရောင်းရတာ အစာငတ်ပြီး သေတာထက်တော်သေးတယ်လို့ ဆိုပါတယ်။ ကျွန်မလဲ ဒီကလေးမလေးကို မြင်မြင်ချင်း ချစ်လို့ ဒေါ်လာတစ်ထောင်ပေးပြီး ယူခဲ့ပါတယ်။ ကျွန်မမွေးတဲ့ သမီးအရင်းလို မွေးစားဖို့ စိတ်ပိုင်းဖြတ်လိုက်ပါတယ်။





ပြီးတော့ မယားတွေ အများကြီးယူတဲ့စနစ်က ရှိသေးတယ်။ အိမ်ထောင်ရေးကို မိဘတွေက စီစဉ်ပါတယ်။ ကျွန်မရဲ့ ညီအစ်မဝမ်းကွဲတွေဆိုရင် မင်္ဂလာဆောင်တဲ့နေ့မှ သူတို့ယောကျ်ားတွေကို မြင်ဖူးကြပါတယ်။ တစ်ချို့နေရာ အရပ်တွေမှာဆိုရင်၊ ဥပမာ (ဟူနန်)လို အရပ်မျိုး၊ မော်စီတုန်းရဲ့ မွေးရပ်ဒေသပေါ့။ အဲဒီအရပ်မှာဆိုရင် မိန်းမတွေက သူတို့ယောကျ်ားထက် အသက်ကြီးတယ်။ ဘာဖြစ်လို့လဲဆိုတော့ ၈နှစ်အရွယ်၊ ၁၀နှစ်အရွယ် ကလေးမလေးတွေကို သူတို့ယူရမယ့် ယောကျ်ားလေးရဲ့ အိမ်ကိုပို့ထားပြီး အစေခံလုပ်ရပါတယ်။ သူတို့ယူရမယ့် ယောကျ်ားလေးဟာ သူတို့ထက် ငယ်ပါတယ်။

မေး- ဒုတိယကမ္ဘာစစ်အတွင်းက တရုတ်အမျိုးသမီးတွေ ဂျပန်နဲ့တိုက်တဲ့ စစ်ပွဲမှာ ရှုပ်ရှုပ်ချွံချွံ ဝင်တိုက်ကြတယ်လို့ ရုပ်ရှင်ဇာတ်လမ်းတွေထဲမှာ မြင်ရပါတယ်။ အဲဒါဟာ ဟောလီးဝုဒ်ရုပ်ရှင်တွေက စိတ်ကူးနယ်ချဲ့တာလား။

ဖြေ- တစ်ခါတုန်းက တပ်နီတော်ထဲမှာ မိန်းမတွေ (တရုတ်အမျိုးသမီးတွေ)ပါဝင်ပြီး တိုက်ခဲ့ပါတယ်။ ဒါပေမဲ့ သူတို့အကြောင်းကိုတော့ ဟောလီးဝုဒ်က ရုပ်ရှင်ရိုက်ပြမှာ မဟုတ်ပါဘူး။ ချန်ကေရှိတ်လက်ထက်မှာ အဲဒီစနစ်ကို လွတ်အောင်ရှောင်နိုင်တဲ့ မိန်းမတွေ ရှိပါတယ်။ အထူးသဖြင့် မြို့မှာနေတဲ့ အထက်လွှာလူတန်းစား မိန်းမတွေပေါ့။ အဲဒါကို နားလည်ထားဖို့ လိုပါတယ်။ အဲဒီတုန်းကလဲပဲ ခေတ်မှီ အနောက်တိုင်းဆန်ပြီး ဆရာဝန်၊ ရှေ့နေ၊ ကျောင်းဆရာအလုပ်တွေကို လုပ်နေကြတဲ့ မိန်းမတွေ ရှိခဲ့ပါတယ်။ ဒါပေမဲ့ ရာ၊ ထောင်၊ သောင်းထဲက



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်သာ ဖြစ်ပါတယ်။ တော်လှန်ရေး မတိုင်မီက တရုတ်ပြည်မှာဆိုရင် 'မ'လူထုကြီးတစ်ရပ်လုံးဟာ ဘာမှ တန်ဖိုး မရှိပါဘူး။ တန်ဖိုးထားခြင်း မခံရပါဘူး။

မေး- အဲဒီတုန်းက ကျပ်တည်းတဲ့စနစ် ရှိနေသားနဲ့ အသင်ကတော့ ဆရာဝန်ဖြစ်အောင် ပညာသင်ခဲ့နိုင်တယ်။ ဘယ်လိုလုပ်ပြီး ဖြစ်လာတာလဲ။

ဖြေ- ကျွန်မလဲ မြို့နေလူတန်းစား အထက်လွှာဆိုပါတော့၊ ချမ်းသာ ကြွယ်ဝတဲ့ လူတန်းစားတော့ မဟုတ်ပါဘူး။ ကျွန်မအဖေက တရုတ်ပြည်မှာလာပြီး မီးရထားလမ်းဖောက်လုပ်တဲ့ ဘယ်လ်ဂျီယံမီးရထားကုမ္ပဏီမှာ အလုပ်လုပ်တဲ့ တရုတ်လူမျိုး အင်ဂျင်နီယာတစ်ဦး ဖြစ်ပါတယ်။ ကျွန်မက ဥရောပတိုက်သား သွေးပါတဲ့ ကပြားတစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့်မို့ အခွင့်အလမ်း သာတယ်ဆိုပါတော့။

ဒါတောင်မှ ကျွန်မမိဘတွေက တက္ကသိုလ်ကို မသွားစေချင်ဘူး။ ကျွန်မစရိတ်နဲ့ ကျွန်မ အလုပ်လုပ်ပြီး ဖြစ်အောင် လုပ်ခဲ့တယ်။ နောက် ကျွန်မ အိမ်ထောင်ကျတော့ကာ ပညာဆက်သင်ချင်တဲ့အတွက် ခဏခဏ လင်မယား ရန်ဖြစ်ရပါတယ်။

မေး- ကွန်မြူနစ်တွေက မိန်းမတွေကို လွတ်လပ်ရေးပေးရမယ့် အဖိနှိပ်ခံလူတန်းစားလို့ အတိအကျ ဆိုပါသလား။ ဥပမာ- သူတို့ရဲ့ လယ်ယာမြေစနစ် ပြောင်းလဲရေးအစီအစဉ်မှာ မိန်းမများရဲ့ လွတ်မြောက်ရေးကို အဓိကအစိတ်အပိုင်းတစ်ခုအနေနဲ့ ထည့်သွင်းပါသလား။

ဖြေ- ဟုတ်ပါတယ်။ မော်စီတုန်းကိုယ်တိုင် 'မ' တို့ လွတ်လပ်ရေးကို အဓိကအစိတ်အပိုင်းအနေနဲ့ အစီအစဉ်မှာ ထည့်ထားပါ





တယ်။ မော်စီတုန်းဟာ ၁၉၁၇ ခုနှစ်လောက်ဆီက အိမ်ထောင်ရေးစနစ်နှင့် မိန်းမများအပေါ်မှာ တစ်ဖက်သတ်ကျတဲ့ အကျင့် စာရိတ္တ၊ စည်းကမ်း၊ ထုံးစံတွေကိုပါ အပြစ်တင်တဲ့ စာတမ်းတွေ ရေးခဲ့ပါတယ်။

မေး- မိန်းမတွေ လွတ်လပ်ရေးရပြီးပြီဆိုတော့ မိသားစု အိမ်ထောင်ရေးစနစ်ကို ပျက်ပြားသွားစေသလား။

ဖြေ- တရုတ်ပြည်မှာ မိသားစု အိမ်ထောင်အသိုင်းအဝိုင်းဟာ ရှေးကလိုပဲ အခိုင်အမာ ရှိနေပါတယ်။ သို့သော်လဲ အခုခေတ် မိသားစု အိမ်ထောင်တည်ဆောက်ပုံမှာ ရှေးကနဲ့ မတူတော့ပါဘူး။ ရှေးကဆိုရင် မြေရှင်စနစ်အရ၊ အဖနှင့်တူသော ယောကျာ်းကြီးတစ်ဦးက ခေါင်းဆောင်အုပ်ချုပ်ပါတယ်။ အဲဒီ ခေါင်းဆောင်အုပ်ချုပ်တဲ့ ယောကျာ်းကြီးပြောတာကို အားလုံး လိုက်နာရပါတယ်။ ဥပမာ - အဖေက ရာဇဝတ်မှုကျူးလွန်ခဲ့ရင် သားက ခံရပါတယ်။ ဥပမာ - သားက အဖေကိုယ်စား အပြစ်ဝန်ခံဖို့ သူ့ကိုယ်သူ အပ်နှင်းနိုင်ပါတယ်။ အခုဒါမျိုးတွေ မဖြစ်နိုင်တော့ပါဘူး။

တရုတ်ပြည်မှာ ပြုပြင်ပြောင်းလဲစရာတွေ အလွန်လိုခဲ့ပါတယ်။ အမျိုးသမီးတွေရဲ့ အဆင့်အတန်းကိစ္စဆိုရင် ဥပဒေနဲ့ သာမက အမျိုးသမီးလှုပ်ရှားမှုတွေပါ ပူးပေါင်း ဆောင်ရွက်ရပါတယ်။ မိန်းမတွေလွတ်လပ်ဖို့ ရှေးဦးစွာ စီးပွားရေးအရ သူတို့ ဘာသာရပ်တည်နိုင်ဖို့ အားပေးရပါတယ်။ စီးပွားရေးအရ သူတစ်ပါးကို မှီခိုနေရသရွေ့ သူတို့မှာ ကိုယ်ပိုင်လွတ်လပ်ရေး၊ ကိုယ်ရေးကိုယ်တာလွတ်လပ်ရေး လုံးဝ မရှိနိုင်ပါဘူး။

အခြား တစ်နည်းတစ်လမ်းအားဖြင့်လဲ မိန်းမတွေရဲ့ လွတ်လပ်ရေးကို အများက ဝိုင်းဝန်းကူညီပေးရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဥပမာ- ကိုယ့်ရွာထဲက မိန်းမတစ်ယောက်ရဲ့ကိစ္စကို အခြားရွာသူ မိန်းကလေးတွေက ဝင်ကူရပါတယ်။ ဥပဒေအရ ကလေးများကိုလဲ စောင့်ရှောက်မှုပေးရပါတယ်။ အလုပ်ခွင်မှာ အလုပ်လုပ်ရတဲ့ မိန်းမတစ်ယောက်ဟာ ကလေးမွေးပြီး ၅၆ ရက်မျှ လစာအပြည့်နှင့် အနားယူခွင့်ရပါတယ်။ အကယ်၍ မွေးဖွားရာမှာ ခက်ခဲခဲ့လျှင် ရက်ပေါင်း ၇၀ ရပါတယ်။ ခုအခါမှာ မိခင်နှင့် ကလေးတွေကို စောင့်ရှောက်ပေးမယ်ဆိုတဲ့ အာမခံချက် ရှိပါတယ်။ ပြီးတော့ ကလေးထိန်းဌာနတွေလဲ ရှိပါတယ်၊ ဒါပေမဲ့ ဒီလောက်နဲ့ ကိစ္စမပြီးသေးပါဘူး။ အရေးကြီးတာက မိန်းမတွေကိုယ်တိုင် သူတို့ကိုယ်သူတို့ စောင့်ရှောက်ထိန်းသိမ်းနိုင်မယ့် အသိဉာဏ်လိုပါတယ်။ အများအားဖြင့် မိန်းမတွေဟာ သူတို့ကို တစ်ယောက်ယောက်က လွတ်လပ်ရေး ပေးထားတယ်လို့ ယူဆကြပါတယ်။ ဒါကြောင့်မို့ မော်စီတုန်းက ပြောပါတယ်။ 'မင်းတို့ရဲ့ လွတ်လပ်ရေးကို ဘယ်သူကမှ မပေးဘူး၊ မင်းတို့ဘာသာ မင်းတို့တိုက်ပြီး ယူရတာ' တဲ့။ သို့သော်လဲ ဒီလို နားလည်ဖို့တော့ မလွယ်ပါဘူး။

မေး- ဘယ်လို ပြဿနာတွေများ ရှိခဲ့သလဲ။

ဖြေ- ရှေးတုန်းကဆိုရင် လင်သေတဲ့မုဆိုးမတွေ အိမ်ထောင်သစ်ထူဖို့အရေးဟာ သိပ်ကြီးတဲ့ပြဿနာပဲ။ အစမှာဆိုရင် အိမ်ထောင်သစ်ထူတဲ့ မုဆိုးမတွေကို ခဲနဲ့ပေါက်ကြတယ်။ အဲဒီလို ခဲနဲ့အပေါက်ခံရတဲ့ မိန်းမတစ်ယောက်ဆိုရင် ၁၉၅၆ ခုကမှ သေသွားတယ်။ အဲဒီလို ခဲနဲ့ပေါက်ခံရဖူးတဲ့ မိန်းမတွေ ခေတ်ပြောင်းတော်လှန်ရေးပြီးတဲ့နောက် ၆ နှစ်ကြာအထိ အသက်ရှင်နေသေးတယ်လို့ ဆိုလိုပါတယ်။





ပထမအစမှာဆိုရင် မိန်းကလေးတွေ ကိုယ်နှစ်သက်ရာ အိမ်ထောင်ဘက် ရွေးချယ်တာကို ကဲ့ရဲ့ပြစ်တင်ကြပါတယ်။ ကွန်မြူနစ်ကေဒါ အမျိုးသမီးတွေတောင် မလွတ်ပါဘူး။ မကြာမကြာပဲ သူတို့မိဘတွေက သူတို့ကြိုက်ရာ မယူရဘူးလို့ တားမြစ်ကြပါတယ်။ နောက်ဆုံးကျတော့ မော်စီတုန်းက သူ့ကေဒါတွေကို ခေါ်ပြီး ခုလိုပြောပါတယ်။

'မင်းတို့တွေဟာ မင်းတို့ကိုယ်မင်းတို့ တော်လှန်ရေးစိတ်ရှိလှပြီလို့ ထင်နေကြတယ်။ သို့ပေမယ့် တစ်နေရာမှာတော့ မင်းတို့ဟာ ခေတ်နောက်ပြန်ဆွဲနေတယ်။ မင်းတို့ရဲ့ အိမ်ထောင်မိသားစုထဲမှာ နေထိုင်တဲ့အခါမှာ ဇနီးမယား၊ သမီးတွေကို ရှေးကအယူအဆအတိုင်းပဲ ထားနေတုန်း ရှိသေးတာပဲ။ မိန်းမတွေ လွတ်လပ်ရေးရမှသာ ယောကျ်ားတွေလဲ လွတ်လပ်လိမ့်မယ်'

မေး- တရုတ်ပြည်မှာ 'မ' တို့ရဲ့ လွတ်လပ်ရေး ဘယ်လို စလာတယ်ဆိုတာ သိပ်နားမလည်ဘူး။ မော်စီတုန်းက ဒီကိစ္စမှာ သက်ဝင်နားလည်တဲ့စိတ်ရှိလို့ ဖြစ်လာတာလား။

ဖြေ- ဒါတော့ အကြောင်းတွေက အများကြီးပဲ။ အရေးကြီးတဲ့အချက်က အမျိုးသမီးတွေ လှုပ်ရှားမှုရဲ့ နောက်မှာ အစိုးရရှိနေတယ်။ မိန်းမတွေကို အကာအကွယ်ပေးတဲ့ ဥပဒေကို ထုတ်ပေးတယ်။ မတရားဖြစ်နေတဲ့ ကိစ္စတွေကို အစိုးရက တရားသဖြင့်ဖြစ်အောင် မိန်းမတွေဘက်က လုပ်ပေးတယ်။ မိန်းမတွေ အလုပ် ဝင်လုပ်နိုင်တယ်လို့ လမ်းဖွင့်ပေးလိုက်တာ အတော်ပဲခရီး ရောက်ပါတယ်။ 'ဘုံရိပ်သာ'(ကွန်မြွန်း) Commune ဖွင့်တဲ့အခါ မိန်းမတွေဟာ ယောကျ်ားများနဲ့တန်းတူ



www.burmeseclassic.com

www.burmeseclassic.com



ပခုံးချင်းယှဉ်ပြီး အလုပ်လုပ်နိုင်လာကြပါတယ်။ ယခုအခါမှာ မိန်းမတွေဟာ သူတို့ရတဲ့ ဝင်ငွေကို ဘဏ်မှာ သီးခြားစာရင်းဖွင့် အပ်နှံနိုင်ကြပါတယ်။ သူတို့လက်ထပ်တဲ့အခါမှာ နာမည်မပြောင်းချင်ဘဲ နေလို့ရပါတယ်။

မေး- တရုတ်ပြည်ခေါင်းဆောင်ပိုင်းမှာ မိန်းမတွေပါ ပါသလား။

ဖြေ- ပါပါတယ်။

မေး- စတီ၊ ဗန်းပြလောက်ပဲလား။

ဖြေ- အရေးကြီးတဲ့နေရာတွေမှာ ရောက်နေတဲ့ မိန်းမတွေဟာ ဗန်းပြလောက် မဟုတ်ပါဘူး။ သို့ပေမယ့် အခုထက်ပိုပြီး ရှိဖို့ကောင်းတယ်။ တရုတ်လူမျိုးတွေက ဒီကိစ္စနဲ့ပတ်သက်ပြီး ပြောင်ပဲ ဖွင့်ပြောကြပါတယ်။ သူတို့ပြောတာကတော့ အခက်အခဲတွေ အများကြီးရှိတယ်တဲ့။ ရှေးရိုးအတွေးအခေါ်နဲ့ လူတွေ၊ လူငယ် တွေထဲမှာတောင် အများကြီး ရှိနေသေးတယ်။ အများအားဖြင့် မိန်းမတွေဟာ အိမ်မှာပဲ သူတို့ရဲ့ကလေးတွေနဲ့ နေချင်ကြတယ်။ စက်ရုံတွေမှာ အလုပ်လုပ်တဲ့ ယောကျ်ားတွေထဲမှာတောင် 'ငါတစ်ယောက်လုပ်တာနဲ့ စားနိုင်သားပဲ၊ မင်းအပြင်ထွက် အလုပ်မလုပ်နဲ့'လို့ ပြောတဲ့ လူတွေရှိတယ်။ အဲဒီလိုပြောရင် မိန်းမတွေက နေတာပဲ။

မေး- တရုတ်ပြည်မှာ အပြင်အလုပ်လုပ်တဲ့ မိန်းမတွေ ဘယ်လောက်ရှိမယ် ထင်သလဲ။

ဖြေ- အခုအချိန်အထိ ၄၀ ရာခိုင်နှုန်းလောက်ရှိမယ်။ ကျန်တဲ့ မိန်းမတွေက ကိုယ်ဝန်ရှိနေလို့ပဲဖြစ်ဖြစ်၊ အိမ်မှာပဲ ကလေးထိန်းနေလို့ပဲ ဖြစ်ဖြစ်၊ အလုပ်ခွင် မဝင်ကြဘူး။ ငါးဆယ်ခြောက်ဆယ် ရာခိုင်နှုန်းလောက် ရှိချင်ရှိမှာပဲ။





မေး- သားသမီးဦးရေ ကန့်သတ်တဲ့ကိစ္စ၊ လူမှုရေးနဲ့ ပတ်သက်တဲ့ စာတမ်းတွေထဲမှာ တရုတ်အစိုးရက ဒီကိစ္စမှာ မပြတ်သားဘူးလို့ ထင်ရတဲ့အကြောင်းတွေ တွေ့ရတယ်။

ဖြေ- သားသမီးဦးရေကန့်သတ်တဲ့ ကိစ္စနဲ့ပတ်သက်ပြီး တရုတ်အစိုးရက ပြတ်သားပါတယ်။ ဒီကိစ္စမှာ ပါးပါးနပ်နပ် လုပ်ခြင်းသာ ဖြစ်တယ်။ အစိုးရက လူတွေဟာ ဘယ်လိုလူတွေဆိုတာ သိတယ်၊ နားလည်တယ်။ လူတွေနားမလည်တဲ့ကိစ္စတစ်ခုကို အရင်စလို မလုပ်ဘူး။ ၁၉၅၆ ခုနှစ်က သားသမီးဦးရေ ကန့်သတ်တဲ့ကိစ္စကို စခဲ့တယ်။ မြို့နေလူတန်းစားနဲ့ စတယ်။ သူတို့က လက်ခံကြပါတယ်။ သို့ပေမယ့် မြို့နေလူတန်းစားက လူဦးရေရဲ့ ၁၅ ရာခိုင်နှုန်းပဲ ရှိပါတယ်။ အခုဆိုရင် မြို့ကြီးတွေမှာ ကလေးနှစ်ယောက်ထက်ပိုပြီး မွေးတဲ့အမေ တော်တော်ရှားနေပါပြီ။ ရှေးခေတ် တရုတ်ပြည်မှာ တောနေလူတန်းစားအလွှာထဲမှာဆိုရင် ကလေးအသေအပျောက် တော်တော်များခဲ့ပါတယ်။

တစ်ထောင်မှာ လေးရာလောက် သေပါတယ်။ အခုထိတောင် တောကလယ်သမားတွေဟာ ကလေးအများကြီးလိုချင်ကြပါတယ်။ တချို့ဆိုရင် သားယောကျ်ားလေး အထူးလိုချင်ကြပါတယ်။ ယောကျ်ားက မိန်းမထက်သာတယ်လို့ အခုထိပဲ ယူဆနေပါသေးတယ်။ ဒီလောက်များတဲ့ လူအုပ်စုကြီးတစ်ခုလုံးကို အနှစ်နှစ်ဆယ်အတွင်းမှာ ပြောင်းပစ်လို့ မရပါဘူး။

မေး- အချို့ တိုးတက်ဖွံ့ဖြိုးမှုနည်းသေးတဲ့ နိုင်ငံတွေက လူဦးရေကန့်သတ်တာကိုပဲ လူမျိုးပြုတ်အောင်၊ ပြုန်းအောင် လုပ်တာနဲ့ အတူတူပဲလို့ သဘောထားကြသလိုပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဖြေ- ဟုတ်ပါတယ်။ ဒီလို သဘောထားကြပါတယ်။ ဘာပြုလို့လဲဆိုတော့၊ တချို့အစိုးရတွေက လူတွေရဲ့ အလိုဆန္ဒကို ထည့်မစဉ်းစားဘဲ သားသမီးဦးရေ ကန့်သတ်တဲ့ကိစ္စကို အတင်းလုပ်နိုင်းကြတယ်။ လူဆင်းရဲတာနဲ့ သားသမီးမွေးနိုင်ဖို့ အခွင့်အရေး ဆုံးရှုံးရတာမျိုး ဖြစ်နေတတ်တယ်။ သို့သော်လဲ သားသမီးဦးရေ ကန့်သတ်တာကိုတော့ အားပေးရမှာပဲ။ ဘာလို့လဲဆိုတော့၊ ဒါမှလဲ မိန်းမတွေမှာ ကိုယ့်ဘဝကိုယ် ဖန်တီးနိုင်ဖို့ ဖြစ်နိုင်မယ်။ ဒါပေမဲ့ လူတွေက လက်ခံဖို့ လိုတယ်။

■

**UNICEF NEWS**
**July, 1973**

●

## လူမျိုးစုံ ကမ္ဘာ့မိခင်များအဖွဲ့ကြီး

*(သတင်းစာဆရာမ၊ စာရေးဆရာမကြီးဒေါ်ရသီသွမ်မဆင် တည်ထောင်သည်။)*

အဖွဲ့ကြီး၏ကြွေးကြော်သံ- 'အသက်တစ်ချောင်းကို လေးစားခြင်း'။

အဖွဲ့ကြီးသည် တိုင်းပြည်တိုင်း၊ လူမျိုးတိုင်းတို့မှ အမျိုးသမီးများနှင့် မိခင်များအား ဘာသာမရွေး၊ လူမျိုးအသွေးအရောင်မရွေး၊ လူ၏အသက်တစ်ချောင်းကို ကာကွယ်စောင့်ရှောက်ရန် နှိုးဆော်အပ်သည်။

အဖွဲ့ကြီးသည် လူလူချင်း ဆက်ဆံရာတွင် လက်နက်အင်အားကို အသုံးပြုခြင်းကို ကန့်ကွက်သည်။ ထို့အပြင် လူလူချင်း နားလည်မှုနှင့် ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်သည်။

အဖွဲ့ကြီးသည် လူမျိုးအချင်းချင်း၊ လူအချင်းချင်း မုန်းတီးခြင်း၊ သည်းခံမှုတရား ခေါင်းပါးခြင်းတို့ကို ကင်းဝေးနိုင်ရန်အတွက် အဖွဲ့ကြီးက တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လိုသည်။

အဖွဲ့ကြီးသည် လူမျိုးအားလုံးက အဏုမြူဗုံး ဖောက်ခွဲစမ်းသပ်ခြင်းကို ရပ်စဲရန် တောင်းဆိုသည်။ ထို့ပြင် လူများကို အစုလိုက်အပြု

ငွေနှင်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



လိုက် အသက်အိုးအိမ်စည်းစိမ်တို့အား ပျက်စီးစေသော နျူကလီးယား လက်နက်များ ပယ်ဖျက်ရန် တောင်းဆိုသည်။

အဖွဲ့ကြီးသည် စည်းကမ်းကျသော လက်နက်လျှော့ပေါ့ရေး ကို ထောက်ခံသည်။

အဖွဲ့ကြီးသည် လူသားတို့၏ အခွင့်အရေးအပေါ်တွင် အခြေ တည်သော၊ လူ့လောကတစ်ခုလုံးနှင့် သက်ဆိုင်၍ လက်ခံနိုင်သော ဥပဒေစနစ်တစ်ရပ် တီထွင်ရန် တောင်းဆိုအပ်သည်။

အဖွဲ့ကြီးသည် ကမ္ဘာ့ကုလသမဂ္ဂကို ဥပဒေနှင့် အုပ်ချုပ်စီမံမှု ကို အသုံးပြု၍ ငြိမ်းချမ်းတည်တံ့စေသော အဖွဲ့အစည်းတစ်ခုဖြစ်လာ အောင် ပြုပြင်ပေးရန်နှင့် ထိုဥပဒေများကို အားလုံးလေးစားလာ အောင် ပြုလုပ်ဆောင်ရွက်ခွင့်ရှိရန် တောင်းဆိုအပ်သည်။

အဖွဲ့ကြီးသည် အမျိုးသမီးများအား ပညာပေးခြင်း၊ အသိဉာဏ် ပေးခြင်းဖြင့် နိုင်ငံရေးတာဝန်များ သိနားလည်စေသည်။ အမျိုးသမီး များသည် မည်သည့်အလုပ်အကိုင် ဌာနမဆို ပါဝင်လုပ်ကိုင်နိုင်ရန် တောင်းဆိုအပ်သည်။

အဖွဲ့ကြီးသည် လူငယ်လူရွယ်များအား ငြိမ်းချမ်းရေးနှင့် တစ်ဦးကိုတစ်ဦး သည်းခံခြင်းတရားပွားများရေးနှင့် ပတ်သက်သော အတွေးအခေါ်များကို သင်ကြားပေးရန် အရေးအကြီးဆုံးသော တာဝန်ဖြစ်သည်ဟု ထင်မြင်ယူဆသည်။

အဖွဲ့ကြီးသည် ထိုရည်ရွယ်ချက်များကို ဟောပြောခြင်း၊ ဆွေးနွေးခြင်းနှင့် အသင်းအဖွဲ့လိုက် လှုပ်ရှားဆောင်ရွက်ခြင်းဖြင့် ဆောင်ရွက်မည်။ အပြည်ပြည်ဆိုင်ရာအဖွဲ့များနှင့် ဆက်သွယ်၍ လည်းကောင်း၊ အခြားသော နိုင်ငံများမှ အမျိုးသမီးများနှင့် ဆက်သွယ် ၍လည်းကောင်း ဆောင်ရွက်ကြိုးစားသည်။





(ထို အဖွဲ့ကြီးသည် ၁၉၇၅ခု၊ မေလတွင် ဂျာမနီပြည်၊ ဟမ်းဘက်မြို့၌ အစည်းအဝေးပွဲတစ်ခု ကျင်းပခဲ့သည်။ ထိုအဖွဲ့ကြီးမှ မစ္စစ် ဟင်ဇေး Mrs.Hinze ခေါ် အမျိုးသမီးကြီးသည် မကြာမီက မြန်မာပြည်သို့ရောက်လာ၍ စာရေးသူနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ စာရေးသူ၏ ဂါဒီယန်သတင်းစာတွင်ရေးသော ဆောင်းပါးများကို ဂျာမန်ဘာသာပြန်၍ ယူသွားသည်။ ထိုအစည်းအဝေးပွဲကြီးတွင် မြန်မာပြည်မှ ရရှိသော အချက်အလက်များအဖြစ် တင်ပြမည် ဖြစ်သည်။)

www.burmeseclassic.com

www.burmeseclassic.com

## သင့်မိခင်ထံ လက်နက်မပါဘဲ ဝင်ခဲ့ပါ

အို ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ လူကြီးမင်းများရှင့်။ ကျွန်မပြောတာကို နားထောင်ကြပါ။ ကျွန်မတို့တစ်တွေ မိသားစုအုပ်စုကြီး တစ်ခု ဖြစ်ပါသည်။ ကျွန်မတို့သည် ဘာသာစကားအမျိုးမျိုး ပြောသူများ ဖြစ်ပါသည်။ ကျွန်မတို့သည် ကမ္ဘာမြေကြီးပေါ်တွင် နေရာတကာ ချောင်ကြိုချောင်ကြားမကျန် တွေ့ရသူများ ဖြစ်ပါသည်။

ကျွန်မတို့အလုပ်အကိုင်မှာ ဘာလဲဟု မေးပါက အိမ်ရှင်မ ဇနီးမယား၊ မိခင်များ ဖြစ်ကြပါသည်။ လူကြီးမင်းများသည် မကြာ မကြာ ကျွန်မတို့ကို လူ့လောကကြီး၏ မဏ္ဍိုင်သဖွယ်ဖြစ်သည်ဟု ဆိုကြပါသည်။ လူ၏ယဉ်ကျေးမှုအဆောက်အဦသည် ကျွန်မတို့ကြောင့် အသက်ဆက် တာရှည်နေသည်ဟု ဆိုကြပါသည်။ ကျွန်မတို့၏ ရင်ဘတ်ပေါ်မှာ ရွှေကြယ်တံဆိပ်ကလေးတွေချိတ်ပေးပြီး ဒီစကားတွေကို ရေလဲနှင့်သုံးကြသည်။ လူကြီးမင်းတို့သည် မကြာမကြာပင် 'ကမ္ဘာကြီးကို ကယ်တင်ရန် သင်တို့၏သားတွေကို ပေးကြပါလော့'ဟု တောင်းကြသည်။ လူကြီးမင်းတို့သည် ကျွန်မတို့၏သားများကို (စစ်မြေပြင်) လက်ဝါးကပ်တိုင်မှာ အသက်ဆုံးစေခဲ့ပါသည်။ သို့သော် 'သင်တို့ဝမ်းမနည်းကြပါနှင့်၊ ကမ္ဘာပေါ်ရှိ လူတွေ ဆင်းရဲခြင်းနှင့်





ကြောက်ရွံ့ခြင်းမှ ကင်းဝေးလွတ်လပ်သော ဘဝချမ်းသာကြီးရဖို့ ဒီလို သေကြရခြင်း ဖြစ်သည်'ဟု ဆိုကြပါသည်။

ကျွန်မတို့သည် ကျွန်မတို့၏ရင်သွေးသားများကို ပေးခဲ့ကြပါပြီ။ သေတဲ့လူတွေ သေကုန်ကြပါပြီ။ မသေသူတွေလည်း ကျိုးပဲ့ကန်းတီး လူစဉ်မမှီ ဖြစ်ကုန်ကြပါပြီ။ ဤသို့ အသက်ဆုံးရသူလူတိုင်း၊ ကျိုးပဲ့ကန်းတီးသူတိုင်းမှာ ကိုယ်စီ ကိုယ်စီ သူတို့ကို အသက်တမျှ ချစ်မြတ်နိုးသော မိခင်တွေ၊ မယားတွေ၊ ချစ်သူတွေ ရှိကြပါသည်။ လူကြီးမင်းတို့က ကယ်တင်ပေးပါဟုဆိုသော လူ့လောကကြီးထဲက လူတွေပင် ဖြစ်ပါသည်။

ဒီလိုသေဆုံး ဆုံးရှုံးရသည့်အတွက် ပူဆွေးရသော ဝေဒနာထက် ပို၍နာကျည်းစရာတစ်ခု ရှိပါသေးသည်။ တခြားမဟုတ်ပါ။ ထိုသေသူ၊ ကျိုးကန်းသူများ သစ္စာဖောက်ခံရခြင်းပင် ဖြစ်ပါသည်။ ထိုမျှမကသေး၊ ကျွန်မတို့၏သားများ အသက်သွေးခဲဖြင့် ညစ်ပတ်စုတ်ပွဲသော ပြက်လုံးကြီးတစ်ခု လူကြီးမင်းတို့က တီထွင်ကာ ကျွန်မတို့ကို ပြက်ရယ်လိုက်ခြင်း ဖြစ်သည်။

လူကြီးမင်းများရှင့်။ ကျွန်မတို့ရင်သွေးသားတွေ စစ်မြေပြင်သို့ လွှတ်လိုက်စဉ်က သူတို့အတွက်ရော၊ လူကြီးမင်းတို့အတွက်ပါ ဆုမွန်ကောင်း တောင်းလိုက်ပါသည်။ ရင်သွေးသားတွေ အသက်ချမ်းသာရာ ရပါစေဟုလည်းကောင်း၊ သေရလျှင်လည်း ကြာကြာမခံစားရဘဲ မြန်မြန်နှင့် သက်သက်သာသာ သေကြရပါစေဟု ဆုတောင်းကြသည်။ လူကြီးမင်းများသည် ကျွန်မတို့တစ်တွေကို သတိရနေပါစေ၊ ကျဆုံးသူများကိုလည်းပဲ သတိရနေပါစေဟု ဆုတောင်းကြပါသည်။ လူကြီးမင်းများရှင့်။ ယခုလည်း ဆုတောင်းလိုက်ပါသေးသည်။ ကျွန်မတို့၏ ရင်သွေးသားတွေရဲ့ အသက်သွေးခဲနှင့် ယဇ်ပူဇော်ရတဲ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



နေ့ရောညပါ ပျံသန်းနေတဲ့ ကြောက်စရာ သေမင်းတမန်တွေမှ လွတ်ကင်းပါစေ။ တန်ခိုးကြီးသော နဂါးကြီးများပမာ မီးတောက်မီးလျှံများဖြင့် အစဉ်နှိပ်စက်နေသော လေယာဉ်ကြီးများသည် ငြိမ်းချမ်းရေး ချိုးငယ်လေးတွေပမာ ပြောင်းလဲသွားပါစေ။ အသံထက်လည်းကောင်း၊ အလင်းရောင်ထက်လည်းကောင်း၊ လျင်မြန်လှသော သေခြင်းသို့ ပို့ဆောင်တတ်သော လက်နက်တွေ မည်သည့်နေရာ၊ မည်သည့်အခါမှ အသုံးချခြင်း မပြုကြပါစေသတည်း။

ထိုဆုတောင်းများသည် နှုတ်မှဖွင့်ဟ အသံထွက်ချင်မှ ထွက်မည်။ သို့သော် ကမ္ဘာမြေကြီးကို ထိုဆုတောင်း၏ လေလှိုင်းများဖြင့် လွှမ်းမိုးခဲ့သည်။ အဲဒီအခါတုန်းက လူကြီးမင်းတို့ကို ကျွန်မတို့ ယုံကြည်ခဲ့ကြသည်။ မကြာမီ မကောင်းဆိုးဝါး အင်အားစုတွေအပေါ်မှာ အောင်ပွဲခံရမည်။ အဲဒီအခါကျရင် ငါတို့ရဲ့ ခေါင်းဆောင်တွေဟာ ခုလို ဖျက်စီးစေတတ်တဲ့စစ်ကြီးတွေ နောက်နောင် ဘယ်တော့မှ မဖြစ်ရအောင် ဆောင်ရွက်ကြလိမ့်မည်။ အဲဒီအခါကျရင် ကျဆုံးသွားတဲ့ ရင်သွေးသားတွေရဲ့ ဓာတ်ပုံကိုကြည့်ပြီး 'ချစ်သား၊ အသင် သေရကျိုးနပ်ပါပေသည်။ ကမ္ဘာကြီး အခုလိုကောင်းလာအောင် သင်အသက်ပေးခဲ့သည်'ဟု သူ့မျက်နှာကို စေ့စေ့ကြည့်၍ ပြောနိုင်ကြပါလိမ့်မည်။

ဒီလိုများဆိုရင် ဖြေနိုင်သေးတာပေ့ါ။

နောက်တစ်ချီလာပြန်ပြီ။ ကျွန်မတို့သည် ကျဆုံးလေပြီးသော ရင်သွေးသားများ၏မျက်နှာကိုပင် မကြည့်ရဲတော့ပါ။ မကြည့်ရက်တော့ပါ။ သူတို့မျက်လုံးထဲမှာ ကျွန်မတို့ကို အပြစ်တင်စွပ်စွဲသည့် အရိပ်အယောင်တွေ မှန်နေသည်။ ဒါကို မြင်ရတာ လူကြီးမင်းတို့ရဲ့ ဗုံးလက်နက်တွေထက်တောင် ကြောက်စရာ ကောင်းပါသေးသည်။

သူတို့မျက်လုံးတွေက ခုလိုပြောနေကြပါတယ်။ 'ကျွန်တော်တို့တွေ အညာခံရတာပဲ၊ ကျွန်တော်တို့တစ်တွေ ကမ္ဘာကြီးငြိမ်းချမ်းဖို့





လူသားတွေ ကြောက်ရွံ့ခြင်းမှ ကင်းရှင်းလွတ်လပ်ဖို့ဆိုပြီး သေခဲ့ကြတယ်။ အခု နောက်ထပ်စစ်ဖြစ်ဖို့ စကားတွေ ပြောနေကြပြန်ပြီ။ စစ်တပ်အသစ်တွေ ထပ်ဖွဲ့ကုန်ပြီ။ ထိလိုက်တာနဲ့ လူသားတွေ ဖွဲ့ပြာဖြစ်အောင် စွမ်းနိုင်တဲ့လက်နက်တွေ သူ့မှာ ရှိတယ်၊ ငါ့မှာ ရှိတယ်နဲ့ ပြိုင်နေကြပြန်ပြီ။'

လူကြီးမင်းများရှင့်။ မိခင်တွေကို လာစကား မပြောပါနဲ့တော့။ လူကြီးမင်းတို့၏ ငြိမ်းချမ်းရေးဟာ စစ်ထက်တောင် ကြောက်စရာကောင်းနေပါသေးတယ်။ စစ်ဖြစ်နေစဉ်က ငြိမ်းချမ်းရေးကို အဝေးက သက်တန့်ရောင်သဖွယ် မျှော်ကြည့်အားထားခဲ့ရတယ်။ အခု လူကြီးမင်းတို့၏ ငြိမ်းချမ်းရေးမှာတော့ တစ်ဖက်ကိုမျှော်လိုက်ရင် ဗုံးသံ၊ အမြောက်သံတွေ မြည်ဟီးနေတယ်။ ဥပဒေစိုးမိုးရေး၊ တရားသဖြင့်ဖြစ်ရေး၊ လွတ်လပ်ရေး၊ လူ့လောကမှာ တန်းတူသော အခွင့်အရေးရှိရေး၊ အဲဒါတွေကို စကားလုံးတွေ စိတ်ကူးတွေသာမဟုတ်ဘဲ လက်တွေ့အကောင်အထည် ဖော်ပြကြပါတော့လား။

ကလေးတွေဟာ မွေးလာကတည်းက လောကကြီးရဲ့လေကို တစ်အားရှိုက်သွင်းပြီး အသက်ကိုရှင်အောင် ရုန်းကန်ခဲ့ကြတယ်။ အခုဆိုရင် အဲဒီလို အသက်ရှင်ဖို့အတွက် အားကိုးရတဲ့လေထဲမှာ ကြောက်မက်ဖွယ်ရာ သေမင်းတမန်တွေ ပြည့်နေပါပြီ။ အဲဒီလို လူကြီးမင်းတို့က လုပ်ထားကြပါပြီ။ ကလေးဆိုတာ ပုခက်တွင်း အရွယ်ကတည်းက ယုံကြည်တဲ့စိတ်၊ အားကိုးတဲ့စိတ်၊ တစ်ခါတည်း ပါလာပါတယ်။

လက်လှမ်းပေးလိုက်လျှင် ကလေးက သူ့လက်နဲ့ ဖမ်းကိုင်လိုက်တာပဲ။ သူ့ကို ပွေ့ချီတဲ့အခါမှာ ယုံယုံကြည်ကြည်နဲ့ အားကိုးပြီး ပခုံးပေါ်ကို မှီတွယ်ရှာတယ်။ အဲဒီလို အချစ်မေတ္တာနဲ့ ကြီးပြင်းလာရတဲ့ ကလေးဟာ မကြောက်တတ်တော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



လူကြီးမင်းများ သတိပြုကြ၊ သတိထားကြပါ။ သင်တို့ဟာ အခု မှောင်ကြီးထဲမှာ ရမ်းသန်းပြီး အထိတ်တလန့်နဲ့ ထမင်းလုံးတစ္ဆေ အခြောက်ခံရသလို ဘယ်သွားလို့ ဘယ်လာရမှန်းမသိ ဖြစ်နေကြပြီ။

ကျွန်မတို့တွေက လူကြီးမင်းတို့ကို ဒီအကြောက်တရားတွေက လွတ်ကင်းအောင် လုပ်ပေးပါ့မယ်။ မိခင်တွေကို စကားပြောတဲ့အခါမှာ ဗုံးကြဲလေယာဉ်ပျံတွေ၊ အဏုမြူဗုံးတွေအကြောင်း မပြောကြပါနဲ့တော့။ သင့်မိခင်ထံ လက်နက်မပါဘဲ ဝင်ခဲ့ပါ။ အဲဒီအခါမှာ သင်တို့ရာနေတဲ့ ကမ္ဘာကြီးကို ကုစားဖို့ ဆေးဆိုတာ မီးတောက်မီးလျှံတွေနှင့် ကမ္ဘာမြေကြီးကို တုန်လှုပ်ကွဲအက်စေတဲ့ လက်နက်တွေထဲမှာ မရှိပါဘူး။ ကမ္ဘာကြီးကို ကုစားနိုင်မယ့်ဆေးဟာ ဉာဏ်ပညာလည်း မဟုတ်ပါဘူး။ မည်သို့သော သက်ရှိသက်မဲ့ အင်အားသော်မှ ဖျက်ဆီးခြင်းငှာ မတတ်နိုင်တဲ့ မေတ္တာတရားသာလျှင် ဖြစ်ပါတယ်။

*(ထိုဆောင်းပါးမှာ ဒုတိယကမ္ဘာစစ်ကြီးပြီးစက ဒေါ်ရသီသွမ်မဆင် ရေးခဲ့သည်။)*

●

## မှတ်စုမှတ်ရာ အတိုအထွာများ

### မိန်းမတို့၏ ကျေးဇူး

*ဘုရားလောင်း မဟာဟံသ ဟင်္သာမင်းက ညီတော်သုမုခအား ပြောဆိုချက်*

အမောင် သုမုခ၊ ထိုမိန်းမတို့၌ ကိုယ်နှုတ်တို့၏ မြူးတူးခြင်း တို့သည် တည်ကုန်၏။ ထိုမိန်းမတို့၌ ကာမဂုဏ်ဖြင့် မွေ့လျော်ခြင်းသည်လည်း တည်ကုန်၏။ ထိုမိန်းမတို့၌ ဘုရားပစ္စေက ဗုဒ္ဓါ၊ အရိယာ၊ သာဝက၊ စကြာဝတေး မန္တတ် အစရှိသော သတ္တဝါတို့သည် ရှိကုန်၏။ ထိုသတ္တဝါတို့သည် ထိုမိန်းမတို့၏ ဝမ်းတို့၌ ဖြစ်ကုန်၏။ မိမိအသက်တို့ဖြင့် မိန်းမတို့၏ အသက်ကို ကပ်၍၊ အဘယ်ယောကျ်ားသည် ထိုမိန်းမတို့၌ ငြီးငွေ့နိုင်အံ့နည်း။

(အသီတိ နိပါတ်၊ မဟာဟံသဇာတ်တော်မှ ကောက်နုတ်ချက်)

●

www.burmeseclassic.com

www.burmeseclassic.com

## နှောင်ဖွဲ့ခြင်း

### ပထမ ဗန္ဓနသုတ်

ရဟန်းတို့၊ အခြင်းအရာ ရှစ်မျိုးတို့ဖြင့် မိန်းမသည် ယောက်ျားကို နှောင်ဖွဲ့၏။ အဘယ်ရှစ်မျိုးနည်းဟူမူ၊ ရဟန်းတို့၊ မိန်းမသည် ငိုကြွေးခြင်းဖြင့် ယောက်ျားကို နှောင်ဖွဲ့၏။ ရဟန်းတို့၊ မိန်းမသည် ပြုံးရယ်ခြင်းဖြင့် ယောက်ျားကို နှောင်ဖွဲ့၏။ ရဟန်းတို့၊ မိန်းမသည် စကားပြောခြင်းဖြင့် ယောက်ျားကို နှောင်ဖွဲ့၏။ ရဟန်းတို့၊ မိန်းမသည် အသွင်အပြင် အမူအရာဖြင့် ယောက်ျားကို နှောင်ဖွဲ့၏။ ရဟန်းတို့၊ မိန်းမသည် တောမှ ချိုးယူအပ်သော ပန်း၊ သစ်သီး စသည်ဖြင့် ယောက်ျားကို နှောင်ဖွဲ့၏။ ရဟန်းတို့၊ မိန်းမသည် အနံ့ဖြင့် ယောက်ျားကို နှောင်ဖွဲ့၏။ ရဟန်းတို့၊ မိန်းမသည် အရသာဖြင့် ယောက်ျားကို နှောင်ဖွဲ့၏။ ရဟန်းတို့၊ မိန်းမသည် အတွေ့ဖြင့် ယောက်ျားကို နှောင်ဖွဲ့၏။ ရဟန်းတို့၊ ဤအခြင်းအရာ ရှစ်မျိုးတို့ဖြင့် မိန်းမသည် ယောက်ျားကို နှောင်ဖွဲ့၏။ ရဟန်းတို့ ဖဿ တည်းဟူသော အတွေ့ဖြင့် နှောင်ဖွဲ့အပ်ကုန်သော ထိုသတ္တဝါတို့သည် မြဲမြံခိုင်ခံ့စွာ နှောင်ဖွဲ့အပ်သည်သာလျှင် ဖြစ်ကုန်၏ဟု (မိန့်တော်မူ၏)။





### ဒုတိယ ဗန္ဓနသုတ်

ရဟန်းတို့၊ အခြင်းအရာ ရှစ်မျိုးတို့ဖြင့် ယောက်ျားသည် မိန်းမကို နှောင်ဖွဲ့၏။ အဘယ်ရှစ်မျိုးနည်းဟူမူ၊ ရဟန်းတို့၊ ယောက်ျားသည် ငိုကြွေးခြင်းဖြင့် မိန်းမကို နှောင်ဖွဲ့၏။ ရဟန်းတို့၊ ယောက်ျားသည် ပြုံးရယ်ခြင်းဖြင့် မိန်းမကို နှောင်ဖွဲ့၏။ ရဟန်းတို့၊ ယောက်ျားသည် စကားပြောခြင်းဖြင့် မိန်းမကို နှောင်ဖွဲ့၏။ ရဟန်းတို့၊ ယောက်ျားသည် အသွင်အပြင် အမူအရာဖြင့် မိန်းမကို နှောင်ဖွဲ့၏။ ရဟန်းတို့၊ ယောက်ျားသည် တောမှ ချိုးယူအပ်သော ပန်း၊ သစ်သီး စသည်ဖြင့် မိန်းမကို နှောင်ဖွဲ့၏။ ရဟန်းတို့၊ ယောက်ျားသည် အနံ့ဖြင့် မိန်းမကို နှောင်ဖွဲ့၏။ ရဟန်းတို့၊ ယောက်ျားသည် အရသာဖြင့် မိန်းမကို နှောင်ဖွဲ့၏။ ရဟန်းတို့၊ ယောက်ျားသည် အတွေ့ဖြင့် မိန်းမကို နှောင်ဖွဲ့၏။ ရဟန်းတို့၊ ဖဿ တည်းဟူသော အတွေ့ဖြင့် နှောင်ဖွဲ့အပ်ကုန်သော ထိုသတ္တဝါတို့သည် မြဲမြံခိုင်ခံ့စွာ နှောင်ဖွဲ့အပ်သည်သာလျှင် ဖြစ်ကုန်၏ဟု (မိန့်တော်မူ၏။)

(အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန်)

www.burmeseclassic.com

www.burmeseclassic.com

## ယောက်ျား မိန်းမ မဟုတ်ည်း

ဤလောက၌၊ မိန်းမ ယောက်ျား၊ သဘောအားဖြင့်၊ ခြားနားမရှိ၊ သား ချစ်သိလော့၊ သတိပညာ၊ အရင်းသာတည့်၊ ပညာမည်ငြား၊ ဤတရား လည်း၊ ယောက်ျား၌သာ၊ မဟုတ်ရာဘူး၊ အမရာဒေဝီ၊ ဘေရီမြမ္မ၊ ဒိန္နာ စသည်၊ အပ္ပကဟူ၊ နည်းငယ်မူကား၊ လူဝယ်ထိုသို့၊ မိန်းမတို့လည်း၊ မချို့ပညာ၊ ယှိတတ်စွာ၏။ မိဿာမိုက်ကြူး၊ ကျေးဇူးချေတတ်၊ မမြတ် စာရ၊ မောဟပြောထူ၊ မိန်းမဟူသည်၊ ယေဘုယျနည်း၊ ဖြစ်သတည်း ရှင့်၊ သိမ်းဆည်းမဲ့ဘိ၊ ကင်းသတိနှင့် အသိပညာဥ်၊ မယှဉ်သသူ၊ ဤမျှလူတို့၊ ကျင့်မှုဖောက်ပြား မငြည်ကြားသည်။ ယောက်ျား၊ မိန်းမ မဟုတ်ည်း။

ဉာဏ်လစ်ယောက်ျား၊ ရှိခဲ့ငြားသော်၊ ယောက်ျားတို့ထက်၊ ရုတ်တရက်ခိုက်၊ ပဋိဘာန်ဖြင့်၊ လျှင်မြန်မချွတ်၊ ကြံစည်တတ်၏။

မှန်လှထို့ကြောင့်၊ ယခေါင်ကာလ၊ ရှေးမဆွ၌၊ ကိစ္စတသီး၊ အရေးကြီး၍၊ မပြီးနိုင်က၊ ကြံမရသော်၊ မိန်းမကိုသာ၊ တိုင်ပင်ရာဟု၊ ပညာရှိများ၊ အစဉ်ကြားလျက်၊ ထင်ရှားမိန့်မှာ၊ ဥဒါန်းလာ၏။

သဏ္ဍာန်ရုပ်ဝါ၊ မည်သည်သာနှင့် ဝေါဟာသက်သက်၊ အထူး ထွက်လည်း၊ ကျောဘက် ဝမ်းဘက်၊ ပက်လက် မှောက်ခုံ၊ မနှင့်စုံသို့၊





ခေါ် ရုံသာခြား၊ ခေတ်မပြားသည်။ ။ လက်ဝါး လက်ခုပ် မှတ်ယူတည်း။

အချစ်လိုက်စား၊ ယုံမိမှားလျက်၊ ယောက်ျားဗာလ၊ လူ ပါပနှင့်၊ တွေ့ရကြုံရ၊ ပေါင်းဆုံရသော်၊ မိန်းမတို့ထုံး၊ ငွေကုန်ရှုံးက၊ သက်ဆုံး မတိုင်၊ ကိုယ်ပိုင်ယောက်ျား၊ သွေဖောက်ပြား၍၊ တရားမစောင့်၊ မဖြောင့် နှလုံး၊ လင်ကုန်ရှုံးက၊ သက်ဆုံးတိုင်လစ်၊ ပြောရာဖြစ်ရှင့်၊ အနှစ်ပညာ၊ မရှိပါက၊ အင်္ဂါခြေလက်၊ ယောက်ျားလျက်လည်း၊ မိန်းမထက်သာ ယုတ်မာဆိုးဝါး၊ မိုက်လုံးထွားသည်။ ။ နွားနှင့် ကျွားနှင့် အတူတည်း။

(မဟာသုတကာရီ၊ မဃဒေဝလင်္ကာသစ်၊
-ပုတ္တောဝါဒခန်း။ မန်လည်ဆရာတော်)

www.burmeseclassic.com

www.burmeseclassic.com

### ကုဏ္ဍလကေသီထေရီအား
### တောင်စောင့်နတ် ချီးမွမ်းသောစကား

အို . . . . တောင်စောင့်နတ်အပေါင်းတို့ ဤကမ္ဘာလောကကြီးအတွင်း၌ အလုံးစုံသော အရေးကိစ္စတို့၌ စင်စစ်ကေန် တကယ်မှန်၏။ ယောက်ျားများကသာလျှင် သာလွန်ပညာရှိသည် မဖြစ်နိုင်။ မိန်းမများကလည်း ရေးရာမြင်သိ၊ ပညာရှိသည် ဖြစ်နိုင်သည်သာလျှင်တည်း။ မိန်းမသည် လျင်လျင်မြန်မြန်၊ ရေးရာကိစ္စဟူသမျှကို ရုတ်တရက်ခိုက် လျင်မြန်ထိုးထွင်း၊ ခဏချင်းပင်၊ မြော်မြင်ကြံစည်နိုင်ပေသတည်း။

(လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏
ထေရီဘာသာပြန် တတိယတွဲ)

●

### သမားရိုးကျနှင့် ပြောင်းလဲမှု

နဂိုကရှိပြီးသား ရေးထုံးရေးနည်းများကို နှစ်သက်နိုင်ဖို့အတွက် လူတစ်ဦးမှာ တိရစ္ဆာန်တို့၏ အလေ့အကျင့်မျိုးရှိလျှင် ဖြစ်နိုင်သည်။ ဥပမာ၊ မြင်းတို့သည် သူတို့ ကွေ့သွားနေကျ လမ်းချိုးသို့ရောက်လျှင် အလိုလိုပင် ကွေ့သွားတတ်သည်။ သမားရိုးကျ အတွေးအခေါ်မျိုးတွေးခေါ်တတ်ဖို့အတွက် ဘယ်လောက်မှ အဆင့်အတန်းမြင့်သည့် ဉာဏ်ပညာ မလိုချေ။

ပြုပြင်ပြောင်းလဲမှုကို လိုလားသူတစ်ဦးအဖို့မှာကား သည်လိုမဟုတ်ချေ။ လက်ရှိ အခြေအနေနှင့်မတူ၊ ခြားနားသော အခြေအနေ တစ်ခု ဖန်တီးဖို့ စိတ်ကူးတော့ ရှိရလိမ့်ဦးမည်။

ထိုမျှမကသေး၊ လက်ရှိအခြေအနေထဲကလည်း ဘယ်သင်း ဘယ်ဟာတွေကို တန်ဖိုးထားရမည်ဟူသော အသိဉာဏ်နှင့် ဆုံးဖြတ်နိုင်စွမ်းလည်း ရှိရလိမ့်မည်။

လက်ရှိအခြေအနေကို သဘောကျနေသူတွေ ရှိနေဦးမည်ကိုလည်း သိရမည်။ သို့ဖြစ်ရာ ဆင်ခြင်တုံတရားရှိသော သူတစ်ယောက်မှာ ငါ (ပြုပြင်ပြောင်းလဲချင်သူ) ကဲ့သို့သော အယူအဆမျိုးချည်းလည်း



www.burmeseclassic.com

www.burmeseclassic.com



ရှိချင်မှ ရှိမည်။ ထိုမှတစ်ပါး အခြားသော အယူအဆ ရှိနိုင်သေးသည်ဟူ၍ နားလည်လက်ခံရလိမ့်မည်။

ပြုပြင်ပြောင်းလဲလိုသူတစ်ဦးသည် သူ မြင်တွေ့နေရသော အခြေအနေအရ ဒုက္ခခံစားနေရသော သူများအပေါ်တွင် ဖြစ်လာသည့် သနားကရုဏာစိတ်တွေကို အသည်းနှလုံးထဲ ဝင်မလာအောင် ပိတ်ထားလိမ့်မည် မဟုတ်ချေ။

ဖြစ်ပျက်နေသော မကောင်းမှုများထဲတွင် တားဆီးပြုပြင်နိုင်တာတွေ ရှိသည်။ သို့ဖြစ်၍ တားဆီးပြုပြင်နိုင်သည့် နည်းလမ်းတွေကြံဆတွေးတောကာ ပြောချင်လိမ့်မည်။

လက်ရှိအခြေအနေကို နှစ်သက်ရမည်ဟူသော အတွေးအခေါ်သည် ထိုကိုယ်ချင်းစာတရားနှင့် စဉ်းစားဉာဏ်တို့ကို ဖိနှိပ်ချုပ်ချယ်တတ်သော သဘောရှိသည်။

လက်ရှိအခြေအနေကို ပြောင်းလဲရမည်ဟူသော အတွေးအခေါ်သည် ထိုအသိဉာဏ်နှင့် နှလုံးသားတို့ကို ဖိနှိပ်ချုပ်ချယ်ခြင်းနည်းပါးသည်။

သို့သော် ဤကိစ္စမှာ ချွတ်ယွင်းမှုများ ရှိနိုင်သည်။

လက်ရှိအခြေအနေကို ဘာပြုလို့ မကြိုက်သနည်း။

ဒုက္ခဆင်းရဲခံရသူတွေ၊ နှိပ်စက်ခံနေရသူတွေကို သနားလို့လား။

သို့မဟုတ် ကောင်းစားနေသူတွေကို မုန်းတီး မနာလိုလို့လား။

အကယ်၍ ကောင်းစားနေသူတွေကို မုန်းတီး မနာလိုစိတ်က လှုံ့ဆော်ခဲ့ပါလျှင် ဘယ်လိုပင် နှိပ်စက်ခံရသူတွေကို သနားလို့ပါဟု ဆိုသော်လည်း၊ အမှားအယွင်းတွေ ပါလာတော့မည်။

ယင်းသို့သောအခါ ထိုပြုပြင်ပြောင်းလဲရေး အတွေးအခေါ်





သည်ပင် (နှစ်သက်စရာ မကောင်းဘူးဆိုသော) သမားရိုးကျ အတွေးအခေါ်ကဲ့သို့ပင် အပြစ်တွေ၊ အမှားတွေ ရှိလာလိမ့်မည်။

အများအားဖြင့် တော်လှန်ရေးသမားဆိုသူတို့သည် အနှိပ်စက်ခံ လူတန်းစားတို့ကို ကောင်းစားစေချင်သည်ဆိုသော်လည်း၊ တန်ခိုးအာဏာ လက်ရှိနေသူတို့ကို ပျက်စီးလျော့ကျစေလိုသော စေတနာနှင့် ကလဲ့စားချေလိုသော ရည်ရွယ်ချက်က ရှေ့ကနေ ဦးဆောင်လျက် ရှိတတ်ကြသည်။

ထို့ကြောင့် ပြုပြင်ပြောင်းလဲရေးကို လိုလားသူတို့သည် အုပ်စုများ စည်းရုံး၍ သူတို့၏အယူအဆ အတွေးအခေါ်သာလျှင် မှန်သည်။ ထိုမှတစ်ပါးသော အယူအဆ မရှိစေရ။ သူတို့နှင့် သဘောမတူလျှင် သစ္စာဖောက်။ တစ်ဖက်သော အုပ်စု၊ သူတို့ရန်သူနှင့် ပူးပေါင်းသူဖြစ်ရမည်ဟူသော အစွဲအလမ်းတွေ ဖြစ်လာတတ်ကြသည်။ ငါ့အယူအဆသာလျှင် မှန်ရမည်ဟူသော အစွဲအလမ်းသည် အသိဉာဏ်၏ မြုပ်နှံရာ သုသာန်တစပြင် ဖြစ်လေတော့သည်။

ဘာထရန် ရပ်ဆယ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## 'မ' တို့၏ ညည်းညူသံ

မိန်းမများသည် လင်ယောကျ်ားများလက်ထဲတွင် အာဏာသြဇာများ ပုံထားသည့် စနစ်ကို တွန်းလှန်ပြောဆိုခြင်း မရှိခဲ့ကြချေ။ သို့သော် ကိုယ့်လင်ယောကျ်ားက ကိုယ့်အပေါ် တင်စီးနှိပ်စက်ပုံတွေ၊ ကိုယ့်မိတ်ဆွေထဲက လင်ဆိုးမယားဖြစ်ရပုံတွေကိုတော့ဖြင့် ခြုံသံပါအောင် ညည်းတတ်ကြသည်။

ဒါ မဆန်းပါ။ ကျွန်စနစ်တို့၌ တွေ့မြင်ရတတ်သည့် အခြေအနေတစ်ခုသာ ဖြစ်ပေသည်။ လွတ်မြောက်ရေးအတွက် စပြီး ကြိုးစားကြတော့မည်ဆိုလျှင် သည်လို ညည်းညူသံတွေ စပြီး ကြားကြရတော့သည်။

ရှေးခေတ် လယ်ယာကျွန်များသည် မြေရှင်သခင်များ၏ အာဏာစိုးမိုးမှုကို ရှေးဦးစွာ တွန်းလှန်ကြသည် မဟုတ်ချေ။ လက်ဦးအစတွင် သူတို့အပေါ်တွင် တစ်ဖက်သတ် ဖိုးပိုးနှိပ်စက်မှုကို မခံနိုင်၍ ညည်းညူပြောဆိုကြလေသည်။

ဂျွန်စတူးဝပ်မီးလ်

## ငါသာ မိန်းမဖြစ်လျှင်

ကျွန်ုပ်သာ မိန်းမအဖြစ်နှင့် မွေးလာခဲ့လျှင် ယောကျ်ားတွေရဲ့ ကစားစရာသာ ဖြစ်ရမည်ဟူသော အယူအဆကို အပြင်းအထန် တွန်းလှန် ပုန်ကန်မိလိမ့်မည်။

ကျွန်ုပ်သည် ကျွန်ုပ်၏ချစ်ဇနီး၏ နှလုံးသားထဲသို့ ခိုဝင်ကိန်းအောင်းကြည့်ချင်သည်။ ကိုယ့်ကိုယ်ကို မိန်းမအဖြစ်နေပြီး ကြည့်သည်။ သို့ပေမင့် ချစ်ဇနီး၏နှလုံးသားထဲသို့ ကျွန်ုပ်ခိုအောင်းဝင်ကြည့်ခြင်းဌာ မတတ်နိုင်ခဲ့ချေ။

ယခင်အစက ချစ်ဇနီးအပေါ်တွင် သဘောထားပုံ၊ ဆက်ဆံပုံတွေကို ပြင်ပစ်လိုက်မှ သူ့နှလုံးသားထဲ ခိုဝင်ကြည့်လို့ရတော့သည်။ သို့ဖြစ်၍ ချစ်ဇနီးကို သူပိုင်အခွင့်အရေးတွေ ပြန်ပေးလိုက်ရသည်။ လင်ယောကျ်ားအဖြစ် ပိုင်ဆိုင်ခွင့်ရှိသည်ဟုဆိုသော ကျွန်ုပ်၏ အခွင့်အရေးတွေကိုလည်း စွန့်လွှတ်လိုက်ရသည်။

မယားဟူသည် လင်၏ငွေဝယ်ကျွန် မဟုတ်ပါတကား။ အဖော်သဟဲ မိတ်ဆွေပါတကား။ လင်၏ ချမ်းသာပျော်ရွှင်မှု၊ ဒုက္ခဆင်းရဲမှု ဘဝထိုထိုထဲတွင် ကောင်းတူဆိုးဖက် ညီတူညီမျှ ဘဝအဖော် ဖြစ်ပေသည်။

ဂန္ဓီမှင်းစာအုပ်တိုက်

www.burmeseclassic.com



လင်သည် မိမိနှစ်သက်ရာလမ်းကို လွတ်လပ်စွာ လိုက်နိုင်သကဲ့သို့ မယားသည်လည်း ထိုလွတ်လပ်ခွင့် ရှိပေသည်။

မဟာတ္တမဂန္ဒီ

●

**ပြင်သစ် ရုပ်ရှင်ဒါရိုက်တာ ဂိုဒါး (Jean Lu Goddard) ပြောဆိုချက်**

ကျွန်ုပ်သည် ယောကျ်ားသားစစ်စစ်ဖြစ်၏။ သို့ကြောင့် မိန်းမကသာလျှင် ကျွန်ုပ်အား လွတ်မြောက်ရေးကို ပေးစွမ်းနိုင်၏။

မိန်းမဆိုသည်ကား အသူနည်း။

ကျွန်ုပ်၏ ဘဝတစ်သက်တာတွင် လက်အောက်ခံကိုလိုနီအဖြစ် သိမ်းပိုက်ထားခဲ့သောသူပင် ဖြစ်သည်တကား။

(ဒုတိယ ဝန္ဒနသုတ် လာသည့်အတိုင်းဖြစ်သည်။)

●

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာ့ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်အတွက် အုပ်ချုပ်ရေးမှူး
ပေါ်လဂျီဟော့ဖ်မန်း (Paul G.Hoffman) ပြောဆိုချက်

ဘယ်တိုင်းပြည်မှာမဆို စီးပွားရေးဖွံ့ဖြိုးမှုနှင့် မိန်းမတို့၏ အဆင့်အတန်းမှာ အချင်းချင်းမှီတွယ်လျက် ရှိကြသည်။ မိန်းမတွေကို နိုင်းဖတ်၊ ကျွန်လို သဘောထားနေသရွေ့ ထိုတိုင်းပြည်၏ဖွံ့ဖြိုးရေးမှာ နှာတာရှည်ကြီး ဖြစ်နေလိမ့်မည်။

■

ခင်မျိုးချစ်

BURMESE CLASSIC .com




မြန်မာစာဖတ်သူ လူ့အလွှာအားလုံးအတွက်
အချိန်ကုန်သက်သာ အရသာရှိစေမယ့်
စိမ်းလန်းသော
တောင်တန်းများ
ဆောင်းပါးနှင့် ဝတ္ထုများအမှတ်တရစုစည်းမှု
ရွှေဥဒေါင်း၊ မဟာဆွေ
ဇေယျ၊ ဒဂုန်ခင်ခင်လေး
ရန်အောင်၊ ဇော်ဂျီ၊ မင်းသုဝဏ်
ထွက်ပြီ

www.burmeseclassic.com